ICT ▪Electronics ▪Education ▪Lifestyle

# Digital life
## Technology Journal

Like Us on facebook
www.facebook.com/Myanmardigitallife

volume : 05 issue : 14 31 July 2016



ရေစိမ်ခံပြီးတန်ဖိုးသင့်တဲ့
PANTECH V950
page - 26

ကွန်ပျူတာတက္ကသိုလ်
ကျောင်းသူကျောင်းသားများ၏
တီထွင်ဖန်တီးမှုများကို ပြသမည်
page - 5

Pokemon Go ဂိမ်း
Download
ချယူမှု ၇၅ သန်းကျော်လွန်
page - 46

အင်တာနက်သုံးစွဲခလျှော့ချနိုင်ရေးအတွက်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
ဆောင်ရွက်မည်
page - 5

Model - Shwe Zin | Photo - Min Ko (MK) | Make up - Thar Thar | Art Director & Stylist - Sie Thu Min Cho


SINGTECH
P450S
ပျော်ရွှင်ဖွယ်ရာများနှင့် အတူ
ရှေ့ဆက်လျှောက်လှမ်းပါ.........
မြင့်မြတ်
MEDIATEK
၃၀၀၀၀ ကျပ်တန်ဖိုးရှိ Package ပါဝင်သော
ooredoo
Sim Card လက်ဆောင်ရယူပါ . . .
ဈေးနှုန်း - ၇၂,၀၀၀ ကျပ်


SAMSUNG
SAMSUNG
12:45
SAMSUNG
SAMSUNG
Galaxy A9 Pro 6
ADD STYLE TO YOUR LIFE
• 6 inch Super AMOLED Display
• 16 + 8 MP F1.9 Dual Pixel Low Light Camera
• 4GB RAM + 32 GB ROM
• Dual SIM + Micro SD card Slot (128 GB)
• 4G + 3G Stand-by
• 5,000mAh battery / Fast Charging
SAMSUNG
32 EVO
ooredoo
အထူးအစီအစဉ် Galaxy A9 Pro အတွက်သာ
Promtion Period (22 July ~ 21 Nov 2016)
4G PLUS
လစဉ် Top Up 5,000 ကျပ်
အခမဲ့ 1 GB လစဉ် x 4 လ
samsungmobilemyanmar
samsungmyanmar
samsungmyanmar
s-estoremyanmar.com
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

# နိုင်ငံတော်မှ ကွန်ပျူတာတက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် ကူညီထောက်ပံ့မှုများပေးစေလို

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှော်ကား)ရှိ ကျောင်းသူကျောင်းသားများမှာ ကွန်ပျူတာပညာရပ်များ ဖွံ့ဖြိုးလာစေရေးအတွက် အဖွဲ့အစည်းများတည်ထောင်ကာ ကွန်ပျူတာပညာရပ်များအကြောင်းစုပေါင်း ဆွေးနွေးမျှဝေခြင်းများဆောင်ရွက်လျှက်ရှိပြီး နိုင်ငံတော်မှ ကူညီထောက်ပံ့မှုများရရှိပါက ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် လက်ရှိအစိုးရသစ်လက်ထက်တွင် ကျောင်းသားကျောင်းသူများအတွက် လိုအပ်ချက်တစ်စိတ်တစ်ပိုင်းကို ကူညီထောက်ပံ့ပေးစေလိုကြောင်း လက်ရှိ အဆိုပါတက္ကသိုလ်ရှိ computer science club ကိုတည်ထောင်ထားသူများက ထုတ်ဖော်ပြောဆိုထားကြောင်းသိရသည်။

လက်ရှိ ကျောင်းသားကျောင်းသူများ ဆောင်ရွက်ခွင့်ရရှိရန် ကူညီဆောင်ရွက်ပေးခြင်းများရှိနေသော်လည်း လိုအပ်ချက်များရှိနေသည့်အတွက် ယင်းလိုအပ်ချက်များကို ဆောင်ရွက်ပေးရန်အတွက် ထုတ်ဖော်ပြောဆိုထားခြင်းဖြစ်သည်။

"ကျွန်တော်ကျောင်းသားကျောင်းသူတွေအတွက် ဆရာဆရာမတွေနဲ့ သင်တဲ့နေရာမှာ ပွင့်ပွင့်လင်းလင်းမမေးရဲတာတွေကို ကျွန်တော်တို့အချင်းချင်း လွတ်လွတ်လပ်လပ် ဆွေးနွေးတိုင်ပင်တာတွေကို လုပ်ခွင့်ရလာတာပါ။ ဒီကတစ်ဆင့် ကျွန်တော်တို့ရဲ့ အခွင့်အလမ်းတွေက ကျောင်းပြီးသွားတနဲ့ အလုပ်တန်းခန့်မယ့်သူတွေကပေါ်လာမှာဖြစ်သလို ကျွန်တော်တို့အကြောင်းလည်း လူတွေပိုသိလာမှာဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့အဖွဲ့က ကျောင်းကနေအခန်းပေးထားပေမယ့် ကျန်တဲ့လိုအပ်တာတွေရှိနေတာပါ ဒါကိုအခုအစိုးရသစ်လက်ထက်မှာ အကူအညီပေးရင် ဒီထက်ပိုလုပ်နိုင်မှာဖြစ်ပါတယ်"ဟု computer science club ကိုတည်ထောင်သူ ကိုရဲလင်းဝေကပြောသည်။

အဆိုပါအဖွဲ့အားဖွဲ့စည်းခဲ့ပြီး ကျောင်းတွင်းကွန်ပျူတာပညာရပ်များကို မျှဝေဖလှယ်လာနိုင်ပြီး စုပေါင်းတီထွင်ခြင်းများ၊ ကျောင်းသားကျောင်းသူများ စုပေါင်းဆောင်ရွက်ခြင်း အခြေခံဆောင်ရွက်သည့် အလေ့အကျင့်များကိုပါ ရရှိစေမည်ဖြစ်ကြောင်း၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းဆင်းပြီးပါက အလုပ်အကိုင်မရရှိသည့် အခြေအနေမျိုးအား ပပျောက်သွားစေမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်ချက်များမှ လုပ်ငန်းများနှင့် ပိုမိုကျွမ်းဝင်လာမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ "ဒီအဖွဲ့ကိုတည်ထောင်တဲ့သူက နောက်ထပ် မျိုးဆက်တစ်ဆက်ကို ပြန်လည်လွှဲပြောင်းပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့တော့ ကင်းကွာသွားမှာမဟုတ်သေးပါဘူး။ကျွန်တော်တို့ရဲ့ဆောင်ရွက်ချက်တွေကို နိုင်ငံတော်သိရှိပြီး အကူအညီပေးလာရင် ပိုကောင်းတာပေါ့"ဟု computer science club ကို နောက်ထပ်မျိုးဆက်တစ်ခုအနေဖြင့် ဦးဆောင်လက်ခံဆောင်ရွက်မည့်သူ ကိုဝင်းသန်းထိုက်က ပြောသည်။ လက်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှော်ကား)ရှိ ကျောင်းသူကျောင်းသားများမှာ ကိုယ်ပိုင်တီထွင်ထားသည့် ကွန်ပျူတာဆော့ဖ်ဝဲလ်များများနှင့် ဂိမ်း၊ ဖုန်း Application များကို ပြပွဲအနေဖြစ်ခင်းကျင်းပြသမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုနှစ်ပြသမည့် အဆိုပါပြပွဲတွင် ပြသခြင်းများအတွက် ရောင်းချသွားမည်မဟုတ်ဘဲ ကျောင်းသားကျောင်းသူများ၏ဆောင်ရွက်ချက်များကိုသာ သတိပြုမိလာစေရန်အတွက်သာဖြစ်ကြောင်း ဦးဆောင်ကျင်းပသူများကပြောသည်။

**သူရကျော်**






# ကွန်ပျူတာတက္ကသိုလ် ကျောင်းသူကျောင်းသားများ တီထွင်ဖန်တီးမှုများကို ပြသမည်



လာမည့်ဩဂုတ်လအတွင်းရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှော်ကား) ကျောင်းတွင် ကွန်ပျူတာတက္ကသိုလ်ကျောင်းသူကျောင်းသားများ ကိုယ်ပိုင်တီထွင်ဖန်တီးထားသည့် နည်းပညာဆိုင်ရာအချက်အလက်များကို ပြပွဲအနေဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသူကျောင်းသားများမှာ နည်းပညာဆိုင်ရာပညာရပ်များကို အချင်းချင်းတိုင်ပင်ဆွေးနွေးကာ ပူပေါင်းဆောင်ရွက်နိုင်သည့်အလေ့အကျင့်များရရှိစေရန်နှင့် နည်းပညာဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များပေါ် ထွန်းလာစေရန်အတွက် ကျောင်းသူကျောင်းသားများကစုပေါင်းကာ Computer Science club ကိုဖွဲ့စည်းတည်ထောင်ခဲ့ပြီးဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ အခုလုပ်တဲ့ပြပွဲက မနှစ်ကလဲဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ မနှစ်က ကျွန်တော်တို့ နည်းပညာဆက်စပ်ပစ္စည်းတွေကိုသာပြသသွားတာဖြစ်ပါတယ်။ ဒီနှစ်တော့ ကျွန်တော်တို့တီထွင်ဖန်တီးမှုအပိုင်းကိုအဓိကထားသွားမှာဖြစ်ပါတယ်။ကျွန်တော်တို့ လူ့စွမ်းအားအရင်းအမြစ်တွေ ပိုပြီးဖွံ့ဖြိုးလာစေဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု Computer Science club မှ ကိုရဲလင်းဝေကပြောသည်။

အဆိုပါပြပွဲကို ဩဂုတ်လ ၃ ရက်တွင်ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်(လှော်ကား)တွင်ပြသသွားမည်ဖြစ်ကြောင်း၊ အဆိုပါပြပွဲအတွင်း ကျောင်းသူကျောင်းသားများ စုပေါင်းတီထွင်ထားခြင်းများပါဝင်သလို ကျောင်းသားတစ်ဦးခြင်းတီထွင်ဖန်တီးမှုများပါ ပါဝင်မည်ဖြစ်ကြောင်း၊ ပြပွဲတွင် ကျောင်းသားကျောင်းသူများတီထွင်ထားသည့် မိုဘိုင်းလ်ဖုန်း Application ၊ WORD APP၊နှင့် ဂိမ်းများပါဝင်မည်ဖြစ်ပြီး အမျိုးအစားပေါင်း နှစ်ဆယ်ကျော်ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

ကျောင်းသားကျောင်းသူများအနေဖြင့် ပညာသင်ကြားခြင်း ပြီးဆုံးသွားသော်လည်းလုပ်ငန်းခွင်ပြန်လည်အသုံးချရန်အတွက် အခွင့်အလမ်းနည်းပါးနေခြင်းများရှိနေသည့်အတွက် အခုဖွဲ့စည်းထားသည့် အဖွဲ့မှတစ်ဆင့် ပညာရပ်များအားဆွေးနွေးတိုင်ပင် တီထွင်ဖန်တီးမှုများအား ဆောင်ရွက်ခြင်းအားဖြစ်အချိန်ကာလတစ်ခုတွင် လုပ်ငန်းအတွင်းအသုံးချနိုင်မည့် အခွင့်အလမ်းများကိုရရှိစေနိုင်မည်ဖြစ်ကြောင်း နည်းပညာများမျှဝေဆောင်ရွက်ခြင်းမှတစ်ဆင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေနိုင်မည့် အခွင့်အလမ်းများရရှိစေနိုင်မည့်အပြင် နည်းပညာနှင့်ပတ်သက်သည့် လူ့စွမ်းအားအရင်းအမြစ်များပိုမိုထွက်ပေါ်လာစေနိုင်မည်ဖြစ်ကြောင်း၊ ထို့သို့သော်အခြေအနေများကို ဖြစ်ပေါ်လာစေရေးအတွက် ကျောင်းသားကျောင်းသူများစုပေါင်းကဆောင်ရွက်လာခဲ့ကြောင်းသိရသည်။

**သူရကျော်**

# အင်တာနက်သုံးစွဲခလျှော့ချနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဆောင်ရွက်မည်

အင်တာနက် သုံးစွဲခနှုန်းထားများကို အများသုံးစွဲနိုင်သည့် နှုန်းထားတစ်ရပ်ဆောင်ရွက်သွားရန်အတွက် အခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် ဆက်စပ်ဌာနများအဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်နေသူများအကြား မျှဝေဆောင်ရွက်ခြင်းများ စတင်ဆောင်ရွက်သွားနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဆောင်ရွက်လျှက်ရှိကြောင်း သိရသည်။

နည်းပညာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ အားလုံးနှင့် Infrastructure sharing ကို စတင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ယခုဇူလိုင်လတွင် ဆောင်ရွက်လျှက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် A4A1(ALLiance For Affordable Internet) တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံတစ်ဝန်း အင်တာနက် ဈေးနှုန်းချိုသာစွာ သုံးစွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးမှုများအား ဆောင်ရွက်နေခြင်းဖြစ်သည်။

"အိုင်စီတီ ကဏ္ဍတိုးတက်ဖို့ဆိုတာက အခြေခံ အဆောက်အဦ တိုးတက်မှုရမယ်။ အိုင်စီတီကဏ္ဍတိုးတက်ရင် တစ်နိုင်ငံလုံးရဲ့ စီးပွားရေးလည်း တိုးတက်လာမယ်။ ပြည်တွင်းထုတ်လုပ်မှုတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ Infrastructure sharing ဆိုတာ တယ်လီကွန်းကဏ္ဍအတွက် မဟုတ်သလို အော်ပရေတာတွေရဲ့ အကျိုးအတွက်လဲ မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးအကျိုးအတွက်ကို သက်ရောက်စေမှာဖြစ်ပါတယ်"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းက အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့ဖြစ်သည်။

မြန်မာနိုင်ငံတွင် အခြေခံအဆောက်အဦများဖွံ့ဖြိုးမှုရှိလာစေရေးအတွက် အခြေခံအဆောက်အအုံလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေအပြင် Usf(universal service fund) အဖြစ်လည်း ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ Usf သို့ပြည်တွင်းရှိပုဂ္ဂလိက ဖုန်းအော်ပရေတာများနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ ဝင်ငွေအချို့ကိုထည့်ဝင်သွားကြရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

**သူရကျော်**



## Trust လုံခြုံရေး CCTV Camera @ Recorders လက်လီ၊ လက်ကားဖြန့်ချိရေး ဆိုင်သစ်ဖွင့်လှစ်




Trust လုံခြုံရေး CCTV Camera@Recorders လက်လီ၊ လက္ကားဖြန့်ချိရေးဆိုင်သစ်ဖွင့်လှစ်ခြင်းကို ဇူလိုင်(၁)ရက်နေ့ ကျောက်တံတားမြို့နယ်၊ အမှတ်(၈၉)၊ အနော်ရထာလမ်းမှာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ယင်းဆိုင်၌ စင်ကာပူ USနိုင်ငံထုတ် Brand များကို ရရှိနိုင်ပြီး CCTV နှင့် ဆက်စပ်ပစ္စည်းများလည်းရရှိနိုင်ကြောင်း အရည်အသွေးမြင့် HighDefiniti on(HD)QualityIPC @AHD Cameras များကိုလည်းရရှိနိုင်ကြောင်း ဝယ်ယူသူများအတွက် Cameras@Recorders များကို WarrantyYear ပေးအားပြီးဝယ်ယူသူ စိတ်ကြိုက်ဝန်ဆောင်မှုများပေးထားကြောင်းသိရသည်။ ဈေးနှုန်းအရဖြင့်လည်း Item အားလုံးဈေးလျှော့ပေးထားပြီး ဝယ်ယူသူများအတွက်ချိုသာသောဈေးနှုန်းသာရောင်းချပေးသွားမည်ဖြစ်ကြောင်း ဝယ်ယူလိုပါက အမှတ်(၈၉)အနော်ရထာလမ်းနှင့်(၃၉)လမ်း၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၌ ဖွင့်လှစ်ထားကြောင်း သိရသည်။

## SCP Total Myanmar Co.Ltd မှ Pantech Brand ဖုန်းအမျိုးအစား(၃)မျိုး မိတ်ဆက်




SCP Total Myanmar Co.Ltd မှ Pantech Brand ဖုန်းအမျိုးအစား (၃)မျိုးကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲကိုဇူလိုင် (၂၆) ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပခဲ့ပါတယ်။

Brand အသစ်အနေနဲ့ Pantech V 950, Pantech V955, Pantech Sky 1M-100 တို့ကို မိတ်ဆက်ခဲ့ပြီး ဈေးနှုန်းချိုသာသလိုအရည်အသွေးပြည့်မီတဲ့ Brand တစ်ခုဖြစ်ကြောင်းသိရပါတယ်။ Pantech V950 ဟာဆိုရင် Octa-core 1 GHz ရှိတဲ့ CPU ကို အသုံးပြုထားပြီး Android Version 5.1(Lollipop) ဖြစ်တာကြောင့် နောက်ဆုံးပေါ်ဂိမ်းနဲ့ ဆော့ဖ်ဝဲလ်တွေကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Memory အားဖြင့် RAM 2 GB ပါဝင်ပြီး Data အချက်အလက်သိုလှောင်ရန် 16 GB Storage ထည့်သွင်းပေးထားပါတယ်။ ထို့အပြင် ပုံမှန်အသုံးပြုနေကြ 3G ကွန်ရက်သာမက 4G စနစ်အထိအသုံးပြုနိုင်မှာလည်း ဖြစ်ပါတယ်။ သို့သော် သိုလှောင်မှုမှတ်ဉာဏ်ချဲ့ထွင်ရန် Micro SD Card ပေါက်တော့မပါဝင်ပါ။ ဖုန်း၏ Display မှာ IPS အမျိုးအစားဖြစ်ပြီး အရောင် ၁၆ သန်းကျော်ကို ထုတ်ပေးနိုင်ကာ အကျယ်အားဖြင့် ၅ လက်မရှိပါတယ်။ ဓာတ်ပုံရိုက်ကူးရန်အတွက် ကင်မရာအနေဖြင့် ကျောဘက်တွင် 13MP၊ ရှေ့ဘက်တွင် 5MP ပါဝင်ကာ ဘက်ထရီသိုလှောင်နိုင်မှုပမာဏမှာလည်း 3100 mAh အထိရှိကြောင်း သိရပါတယ်။ အသေးစိတ်သိရှိလိုပါကအမှတ် (၄၀၇) ၊၄လွှာ ၊သီရိကွန်ဒို (အေ) ၊(၉)မိုင် အိုးရှင်းရှောပင်းစင်တာ ၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၂၅၄၁၆၆၅၇၃၊ ၀၉-၉၆၀၀၀၂၇၇၅၊ ၀၉-၄၂၀၀၈၃၄၄၂ ကို မေးမြန်းနိုင်ကြောင်းသိရသည်၊












## ချစ်မြတ်နိုး(Model)

Digital Life Journal ၏ အတွင်းမျက်နှာဖုံး Mobile Life Journal Cover အတွက် မျက်နှာဖုံးရှင်အဖြစ်ရွေးချယ်ခံရတဲ့ မျက်နှာသစ် Model ချစ်မြတ်နိုးက Samsung J2 ကိုကိုင်ဖြစ်နေပါတယ်။ ကိုင်ဖြစ်နေတဲ့ဖုန်း Brand လေးနဲ့ပတ်သက်ပြီး ချစ်မြတ်နိုးက "ညီမအခုကိုင်ဖြစ်နေတာက Samsung J2 ဖြစ်ပါတယ်။ သဘောလည်းကျတယ်။ နောက်ပြီး Camera ပိုင်းလည်းသဘောကျတယ်။ရုပ်ထွက်လည်းကောင်းတယ်။ Colour ပိုင်းလေးတွေလည်းကောင်းတယ်။ အင်တာနက်လိုင်းဆွဲအားလည်းကောင်းတယ်။ သုံးရတာသဘောကျတယ်။ ဖုန်းက Error ဖြစ်တာတော့ သိပ်မရှိဘူး။ စက်ဟမ်းတာတော့ဖြစ်ဖူးတယ်။ ကျန်တာတော့ ထွေထွေထူးထူးမဖြစ်ဘူး။ Battery ပိုင်းလည်းကောင်းတယ်။အပြစ်ပြောစရာတော့သိပ်မရှိဘူး။ နောက်ထပ် Brand အနေနဲ့ဆိုလည်း ညီမ Samsung ကိုပဲကိုင်ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သုံးရတာအဆင်ပြေတယ်။ နာမည်ကြီး Brand ကိုင်ရတာတွေလည်းသဘောကျတယ်"လို့ပြောပါတယ်။

## ရဲဝင့်အောင်(အဆိုတော်၊ သရုပ်ဆောင်)

ယုံကြည်မှုများနဲ့အတူအတွဲခွေမှာ ပါဝင်သီဆိုထားသလို ဩဂုတ်လအတွင်းသရုပ်ဆောင်ပိုင်းကိုပါလုပ်ဆောင်သွားမယ့် အဆိုတော်၊ သရုပ်ဆောင် ရဲဝင့်အောင်က iPhone 6s Plus Brand လေးကိုကိုင်ဖြစ်နေပါတယ်။ ကိုင်ဖြစ်နေတဲ့ Brand လေးနဲ့ပတ်သတ်ပြီး ရဲဝင့်အောင်က " ကျွန်တော်ကိုင်ဖြစ်နေတာ iphone 6s Plus ဆိုတဲ့ Brand ကိုင်ဖြစ်နေပါတယ်။ အရင် 5S ထက် System အားလုံး modified ဖြစ်တယ်ထင်လို့ သဘောကျပြီးကိုင်ဖြစ်တာ။ ကျွန်တော်အနေနဲ့ ခရီးသွားတာများတော့ အဓိက connection ပိုင်းကောင်းတယ်။ လိုင်းဆွဲအားလည်းကောင်တယ်။ Camera ပိုင်းနဲ့ပတ်သက်ပြီးလည်း pro Camera လောက်နီးနီးသဘောကျတယ်။ ပုံထွက်အနေနဲ့လည်းခရီးဆောင် Camera တစ်လုံးဆောင်ထားရသလိုပဲအဆင်ပြေတယ်။ Battery ပိုင်းလည်းကောင်းပါတယ်။ ကိုယ်များများသုံးရင်တော့မြန်မြန်ကုန်တာပေါ့။ မကြိုက်တဲ့အပိုင်းတော့သိပ်မရှိဘူး။ Error ဖြစ်တာလည်းမရှိဘူး။ System ပိုင်း အားလုံးသဘောကျတယ်။ နောက်ထပ်ကိုင်ချင်တာက iPhone အသစ်ထွက်မဲ့ iphone 7 ကိုကိုင်ချင်တယ်။ Update ဖြစ်တာရယ် iphone series မှာ Latest ဖြစ်တာရယ်ကြောင့် ကိုင်ချင်တာဖြစ်တယ်"လို့ပြောပါတယ်။





ရိုက်ကူးသူ - မောင်အောင်ကိုကိုဦး
နေရပ်လိပ်စာ - အမရပူရ
ရိုက်ကူးသည့် ဖုန်းအမျိုးအစား - Xaomi Redmi Note 3
ရိုက်ကူးဖြစ်ခဲ့သည့် စိတ်ကူး - တောင်သမန်ကန်ရေပြင်၊ ဦးပိန်တံတားနှင့် ငှက်သမ္ဗန်လှေငယ်လေးများပါဝင်သည့် ညနေချိန်ခါရှုခင်းကို လှပစွာပုံဖော်နိုင်ရန် ကြံရွယ်ရိုက်ကူးဖြစ်ခဲ့ ပါသည်။

ရိုက်ကူးသူ - မောင်ဇော်မျိုးထက်
နေရပ်လိပ်စာ - တောင်ဥက္ကလာပ
ရိုက်ကူးသည့် ဖုန်းအမျိုးအစား - Samsung Galaxy S6
ရိုက်ကူးဖြစ်ခဲ့သည့် စိတ်ကူး - အလုပ်အရမ်းရှုပ်နေချိန် ဓာတ်ပုံရိုက်ချင်စိတ်ပေါ်လာပြီး ဖုန်းကင်မရာတွင်ပါဝင်သည့် Original Focus လုပ်ဆောင်ချက်ကို သဘောကျနှစ်ခြိုက်၍ ရိုက်ကူးဖြစ်ခဲ့ပါသည်။



ရိုက်ကူးသူ - ခွန်းဆန်းထက်အောင်
နေရပ်လိပ်စာ - သထုံမြို့နယ်
ရိုက်ကူးသည့် ဖုန်းအမျိုးအစား - Xiaomi Redmi Note 3 Pro

***ရိုက်ကူးဖြစ်ခဲ့သည့် စိတ်ကူး***
ကရင်ပြည်နယ်၊ ဇွဲကပင်တောင်ပေါ်မှ တွေ့မြင်ရသည့် အလှအပရှုခင်းများကို ခံစားမိသောကြောင့် ရိုက်ကူးဖြစ်ခဲ့ပါသည်။





SCIENCE AND EXPLORATION

# ဆေးဘက်ဆိုင်ရာကုသမှုတွေ တော်လှန်ပြောင်းလဲပေးမယ့် အသေးထိန်း microbots များ



ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်း ကမ္ဘာတစ်ဝန်းကသိပ္ပံပညာရှင်တွေဟာ အမျိုးမျိုးသောရောဂါတွေကို ပိုပြီးကောင်းမွန်စွာကုသပေးနိုင်အောင် အသေးစားစက်ရုပ်တွေ အသုံးပြုနိုင်မယ့်နည်းလမ်းတွေရှာဖွေ လေ့လာလျက်ရှိပါတယ်။ Ecole Polytechnique Fédérale de Lausanne(EPFI)ကSelman Sakar ဦး ဆောင်တဲ့သုတေသနအဖွဲ့ဟာ Swiss Federal Institute of Technology in Zurich (ETHZ)ကHen-Wei Huang နဲ့ Bradley Nelson တို့နဲ့ပူးပေါင်းပြီး ဇီဝပစ္စည်းအခြေခံစက်ရုပ်တွေဖန်တီးပြီး အဆင့်မြင့် သွင်ပြင်လက္ခဏာတွေပေါင်းထည့်ပေးနိုင်ဖို့ ကြိုးစားနေကြပါတယ်။ အဖွဲ့ဟာ robot design အတော် များများကိုစမ်းသပ်ပြီး ဖြစ်နိုင်ခြေရှိတဲ့ အမျိုးမျိုးသောနည်းလမ်းတွေလေ့လာဖို့ platform တစ်ခုကိုလည်း ဖော်ထုတ်ခဲ့ပါတယ်။ သူတို့ရဲ့လေ့လာတွေ့ရှိမှုတွေကို မကြာသေးမီက Nature Communications စာ စောင်မှာဖော်ပြခဲ့တယ်။

Robot တွေကိုလူ့ခန္ဓာကိုယ်အထဲဝင်ပြီး ဆေးဝါးတွေကို တိကျတဲ့သတ်သတ်မှတ်မှတ်နေရာကိုပို့ ဆောင်ပေးနိုင်ဖို့နဲ့ သွေးကြောပိတ်ဆို့မှုရှင်းလင်းတာလိုအနုစိတ်ခွဲစိတ်မှုတွေလုပ်ဆောင်ဖို့ ဒီဇိုင်းထုတ်ထား ပါတယ်။ ရှုပ်ထွေးတဲ့ခွဲစိတ်ကုသမှုတွေနေရာမှာအစားထိုးပြီး ဆေးပညာမှာအနေကန်အသင့်တော်ဆုံးနည်း လမ်းတွေဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ သမားရိုးကျ robot တွေနဲ့မတူတာက ဒီ microbot တွေဟာ ပျော့ပြောင်းပြီးရှန်းပြန်သတ္တိရှိကာမော်တာတွေမပါပါဘူး။ သူတို့ကို ဇီဝပစ္စည်းတွေနဲ့တွဲသုံးလို့ရတဲ့ hydrogel နဲ့ magnetic nanoparticle တွေနဲ့ပြုလုပ်ထားတယ်။ ဒီ nanoparticle တွေမှာလုပ်ငန်းဆောင် တာနှစ်ခုရှိပါတယ်။ ထုတ်လုပ်ရေးလုပ်ငန်းစဉ်မှာ microbot တွေကိုသူတို့ရဲ့ ပုံသဏ္ဍာန်ရရှိစေဖို့နဲ့လျှပ်စစ် သံလိုက်စက်ကွင်းသက်ရောက်စေတဲ့အခါ ရွေ့လျားကူးခတ်စေဖို့ဖြစ်ပါတယ်။

ဒီလိုmicrobotတွေတည်ဆောက်ရာမှာအဆင့်များစွာပါပါတယ်။ ပထမဆုံး nanoparticle တွေကို ဇီဝပစ္စည်းနဲ့သင့်တော်တဲ့ hydrogel အလွှာတွေထဲထားရှိတယ်။ နောက် robot ရဲ့မတူကွဲပြားတဲ့အစိတ် အပိုင်းတွေမှာ nanoparticle တွေကို လိုအပ်တဲ့ဦးတည်ဘက်အတိုင်းရရှိစေဖို့ သံလိုက်စက်ကွင်းသက် ရောက်စေတယ်။ အဲဒီနောက် hydrogel ကို အခဲဖြစ်သွားစေဖို့ polymerization အဆင့် ရောက်လာ ပါတယ်။ အဲဒီနောက် robot ကိုရေထဲမှာထားပြီး gel အတွင်းမှာရှိတဲ့ ဦးတည်ဘက်တွေအပေါ် မူတည်ကာ သတ်သတ်မှတ်မှတ်နည်းလမ်းနဲ့ချိုးခေါက်ဖြေချကာ microbot ရဲ့ အလုံးစုံသောအပြီးသတ် 3D architecture တည်ဆောက်ပုံကိုရရှိစေလာပါတယ်။ သုတေသနပညာရှင်တွေဟာ robot ရဲ့လှုပ်ရှားမှုကို လျှပ်စစ် သံလိုက်စက်ကွင်းနဲ့အတူ အသေးကထိန်းချုပ်နိုင်တဲ့ပေါင်းစပ်ပါဝင်ပြီးmanipulation platform ကိုလည်း တည်ဆောက်ခဲ့တယ်။Microbot တွေကိုအပူပေးပြီးတော့လည်း ပုံပြောင်းပေးနိုင်ပါသေးတယ်။



TECH TRENDING

## Nintendo က mini NES Classic Edition console ဂိမ်းစက်ကိုဖြန့်ဝေ



ပြည်တွင်းမှာ Family ဂိမ်းစက်လို့ပိုပြီး လူသိများတဲ့ Nintendo Entertainment System(NES) ဟာတစ်ခေတ်တစ်ခါက ရေပန်းအစားဆုံးဂိမ်းစက်ဖြစ်ခဲ့ပြီး ဂန္တဝင်ဂိမ်းပေါင်းများစွာလည်းထွက်ရှိခဲ့ပါတယ်။ အဲဒီဂိမ်းတွေကို ဒစ်ဂျစ်တယ် format နဲ့အတူ နောက်ဆုံးပေါ် Wii U ဂိမ်းစက်အပေါ်မှာ Virtual Console စနစ်နဲ့ကစားနိုင်ပါတယ်။ ဒါပေမဲ့ Nintendo ကဒီလောက်နဲ့တင် အားမရသေးဘဲ မူရင်း NES ဂိမ်းစက်နဲ့ တထပ်တည်းတူပြီးပိုပြီးသေးငယ်တဲ့ NES Classic Edition ဂိမ်းစက်ကို အမှတ်တရပုံစံအဖြစ် နိုဝင်ဘာ ၁၁ ရက်မှာ ဒေါ်လာ ၆၀ နဲ့ စတင်ဖြန့်ဝေရောင်းချခဲ့ပါတယ်။ ခေတ်ပေါ်တီဗီတွေကို HDMI cable နဲ့ဆက်သွယ်နိုင်ပြီး ကျော်ကြားလှတဲ့နဂိုမူလပုံစံလေးထောင့်ပုံ controller ကိုသီးခြားဝယ်ယူနိုင်မယ်။ ဂိမ်းခွေတွေထည့်သွင်းကစားနိုင်မှာမဟုတ်ဘဲဂန္တဝင်မူရင်း NES ဂိမ်းအမျိုး ၃၀ တစ်ခါတည်းအပြီးထည့် ပေးထားပါတယ်။ခေတ်သစ်ဂိမ်းတွေရဲ့လွယ်ကူအဆင်ပြေမှုကိုရရှိ အောင်multiple suspended point တွေပါရှိတာကြောင့် ဂိမ်းကိုပြန်ကစားတဲ့အခါ password တွေနဲ့အလုပ်ရှုပ်နေစရာလိုတော့မှာ မဟုတ်ပါဘူး။ ထည့်ပေးထားတဲ့ဂိမ်းအမျိုး၃၀ထဲမှာCastlevania, Donkey Kong, Super Mario Bros., Mega Man 2, Ninja Gaiden, Pac-Man တွေလည်းပါဝင်တယ်။

## နောက်ဆုံးသိရှိထားတဲ့ ဗီဒီယိုတိပ်ခွေဖွင့်စက် VCR ထုတ်လုပ်မှု ရပ်ဆိုင်းတော့မည်



ပထမဆုံးသောVHS ဗီဒီယိုတိပ်ခွေဖွင့်စက်တွေထုတ်လုပ်ရေးလိုင်းကထွက်ရှိလာပြီးအနှစ် ၄၀ ကြာပြီးတဲ့နောက်မှာ ဒီကိရိယာတွေ ပြုလုပ်နေတယ်လို့ သိထားသမျှနောက်ဆုံးကုမ္ပဏီကထုတ်လုပ်မှုရပ်ဆိုင်းတော့မှာဖြစ်ကြောင်းသိရပါတယ်။ Funai Electric ဟာနှစ်ပေါင်း ၃၀ ထုတ်လုပ်ခဲ့ပြီးနောက် ဇူလိုင်လကုန်တဲ့အခါဒီ format ကိုစွန့်လွှတ်တော့မှာဖြစ်ပါတယ်။ ရောင်းအားတွေကျဆင်းလာပြီးအစိတ်အပိုင်းတွေရရှိဖို့ခက်ခဲလာတာကြောင့်ထုတ်လုပ်မှုရပ်ဆိုင်းဖို့ဖြစ်စေခဲ့တယ်။ ကုမ္ပဏီကဒီ VCR တွေကိုတရုတ်နဲ့ မြောက်အမေရိကမှာSanyo အမှတ်တံဆိပ်နဲ့ရောင်းချပါတယ်။ ရောင်းအားအကောင်းဆုံးအချိန်မှာ တစ်နှစ်ကိုလုံးရေ ၁၅ သန်းရောင်းခဲ့ရပြီးမနှစ်ကလုံးရေ ၇၅၀,၀၀၀ ရောင်းခဲ့ရတယ်။ ပိုပြီးသာလွန်တဲ့DVD နဲ့Blu-ray formatတွေ ပေါ်ထွက်လာပြီးတစ်ကိုယ်ရည်သုံး video recorder တွေနဲ့ digital သိုလှောင်မှုစနစ်တွေကလည်း အရည်အသွေးပိုပြီးကောင်းမွန်ကာ အဆင်ပြေလွယ်ကူတာကြောင့် ဒီ VCR စက်တွေ ဒီလောက်အထိဆက်ပြီး ရောင်းချနေရတာကိုကအံ့ဩစရာဖြစ်နေပါတယ်။ လူအများစုက ခေတ်သစ်ဒစ်ဂျစ်တယ်ဗီဒီယိုတွေရဲ့အရည်အသွေးကိုသာပိုပြီး နှစ်သက်ကြပေမဲ့ စုဆောင်းသူတွေကတိပ်အဟောင်းတွေရှာဖွေနေပြီး ရှားပါးတဲ့ horror movies တွေက £1,500 အထိတန်ကြေးရှိနိုင်တယ်။

## မထွက်သေးတဲ့ Android နောက်ဆုံး version Nougat ရဲ့ ထူးခြားတဲ့ easter egg



Google ရဲ့ Android OS ထဲက easter egg တွေကလူသိ များပါတယ်။ အခုdeveloper preview အဆင့်ထွက်နေပြီဖြစ်တဲ့ Android N ဒါမှမဟုတ်Nougat မှာတော့ ပိုပြီးတော့ထူးခြားလာပြီး ကြောင်ရုပ်တွေမွေးခေါ်ရပြီးစိတ်ရှည်မှုကိုစမ်းသပ်တဲ့ဂိမ်းကိုထည့်ပေးထားတယ်။ သူ့ရှေ့ကversion တွေအတိုင်းSettings>About Phone အပေါ်ကြိမ်ရေအတော်များများနှိပ်၊ ပြီးရင်ပေါ်လာတဲ့ 'N' logo ကိုကြာကြာဖိနှိပ်ထားရမယ်။ အခု notification center ကိုဆွဲချပြီး edit ကိုနှိပ်ပါ။အောက်ဆုံးကို scrollလုပ်ကြည့်ရင် ကြောင် မျက်နှာပုံicon ကို "???? Android Easter egg" ဆိုတဲ့စာသားနဲ့ တွေ့ရမယ်။ဒါကိုnotification drawer ဆီdrag ဆွဲယူရမယ်။အဲဒီအခါ cat tile နေရာမှာ"Empty Dish" tile နဲ့ အစားထိုးထားတာတွေ့ရမယ်။သူ့အပေါ်ဖိထားရင် Bits,Fish,Chicken နဲ့Treat ဆိုပြီး ရွေးစရာလေးမျိုးပေါ်လာမယ်။ ကိုယ်ရွေးလိုက်တာက Empty Dish ထဲရောက်လာမယ်။ သူ့အပေါ်ထပ်ပြီး ဖိလိုက်ရင် blank screen ပေါ်လာပြီး စိတ်ရှည်လက်ရှည်စောင့်ဆိုင်းရမယ်။ ကြောင်ရဲ့ပုံရိပ်ကID နံပါတ်တစ်ခုနဲ့ထွက်လာရင် ကြိုက်တဲ့အမည်ပေးနိုင်မယ်။ ကြောင်ရဲ့ resolution အပြည့်ပုံရိပ်ကို သိမ်းထားနိုင်သလို social media ကနေလည်း share လုပ်နိုင်ပါတယ်။



## 01 Macbook Air MF839 LL/A

14nm process Broadwell architecture နဲ့တည်ဆောက်ထားတဲ့ 5th gen Intel Core i5 2.7GHz CPU နဲ့ စွမ်းအားပြည့် 8GB DDR3 RAM ပူးတွဲ မောင်းနှင်ထားတဲ့ ပါးပါးလျလျ ပေါ့ပေါ့ပါးပါး Macbook Air ပေါ့။ Graphics အတွက်ကတော့ CPU မှာ GPU Core အဖြစ် တစ်ပါတည်းပါလာတဲ့ Intel Iris Graphics 6100 ဖြစ်ပါတယ်။ တော်ရုံတန်ရုံ လွန်ခဲ့တဲ့ ၁၀ နှစ်ထုတ် igh-end graphics တွေရဲ့ စွမ်းရည်မျိုးပိုင်ဆိုင်ထားပါတယ်။ 13" retina display နဲ့ဖြစ်ပြီး HDD အစား 128GB SSD တပ်ဆင်ပေးထားပါတယ်။

**Price -$1270,** Contact : 01-377259



## 02 Acer Asprie V3-575G

14nm process Skylake architecture နဲ့ တည်ဆောက် ထားတဲ့ 5th Gen Intel Core i3-5005U 2.0GHz CPU နဲ့ NVIDIA GeForce GT940m 2GB သီးသန့်ဂရပ်ဖစ်ကတ်ပူးတွဲမောင်းနှင်ပေးထားတဲ့စွမ်းအားကောင်း Laptop တစ်လုံးပါ။ 5th Gen CPU တွေဟာ 4th Gen CPU တွေထက် performance အားဖြင့် ပျမ်းမျှ ၄% ပိုကောင်းပြီး သူနဲ့တစ်တွဲတည်းပါတဲ့ GPU Core ရဲ့ Graphics performance ကတော့ ၁၅% - ၂၀% ပိုသာပါတယ်။ 500GB HDD ပါပြီး 15.6" HD LED Display ဖြစ်ပါတယ်။

**Price -$275,** Contact : 01-398491



## 03 New Macbook MK4M 211/A

ဘက်ထရီစားသက်သာပြီး အပူထုတ်လွှတ်မှုနည်းတဲ့ mobile devices တွေအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ Intel Core M 1.1 GHz CPU နဲ့ စွမ်းအားပြည့် 8GB DDR3 RAM တွဲဖက် ပေးထားတဲ့ ပါးလျကျစ်လျစ်ပြီး စွမ်းအားပြည့်တဲ့ ultrabook အတန်းအစားပါပဲ။ graphics ကတော့ Core က CPU မှာ GPU core အဖြစ် တစ်ပါတည်းပါလာတဲ့ Intel HD Graphics 5300 ဖြစ်ပြီး HDD အစား ပိုကျစ်လျစ်ပါးလှပြီး ပိုသွက်တဲ့ 256GG SSD storage တပ်ဆင်ပေးထားပါတယ်။ လည်ပတ်လှုပ်ရှားတဲ့ အစိတ်အပိုင်းဆိုလို့ တစ်ခုမှမရှိတော့ပါဘူး။ 12" Retina display နဲ့ဖြစ်ပါတယ်။

**Price -$1370 ,** Contact - 01-377259



## 04 Lenovo Ideapad 300 (i7)

14nm process Skylake architecture နဲ့ တည်ဆောက်ထား တဲ့ 6th gen Intel Core i7-6500U 2.3GHz CPU နဲ့ ATI EXO R5 m330 2GB သီးသန့်ဂရပ်ဖစ်ကတ်နဲ့ ပူးတွဲမောင်းနှင်ပေးထားတဲ့ စွမ်းအားအလွန်မြင့် Laptop တစ်လုံးပါပဲ။ CPU ကို 4GB DDR3 RAM နဲ့ ပံ့ပိုးပေးထားပါတယ်။ 6th gen CPU တွေဟာ လွန်ခဲ့တဲ့ ၅ နှစ်ထုတ်သူနဲ့ အတန်းအစားတူ CPU တွေထက် productivity & performance 2.5X ဆနဲ့ ဘက်ထရီခွေတာနိုင်မှု 3X ဆပိုပါတယ်။ 1000GB data ဝင်ဆံ့တဲ့ HDD နဲ့ DVD RW Super Multi DL တပ်ပေးထားပါတယ်။ 15.6" WXGA LED display နဲ့ဖြစ်ပြီး 4-cell Li-ion ဘက်ထရီတပ်ဆင်ထားပါတယ်။

**Price - $749 (Discount $30) ,** Contact - 01-377259



## 05 ASUS X453SA-WX095D

လျှပ်စီးပတ်လမ်းနဲ့ ထရန်စစ္စတာတွေရဲ့အရွယ်အစားကို 22nm အထိ ပထမဆုံးလျှော့ချပြီး 3D Tri-Gate ထရန်စစ္စတာတွေ ပထမဆုံးထည့်သွင်းအသုံးပြုတဲ့ 3rd gen Intel Celeron N3050 CPU နဲ့ မောင်းနှင်ထားတဲ့ စွမ်းအားသင့်ဈေးသင့် Laptop တစ်လုံးပါပဲ။ CPU ကို 2GB DDR3 RAM နဲ့ ထောက်ပံ့ပေးထားပြီး Graphics ကတော့ CPU မှာ GPU Core အဖြစ် တစ်ပါတည်းပါလာတဲ့ Intel HD Graphics 3300 ဖြစ်ပါတယ်။ 500GB HDD နဲ့ DVD RW ပါတယ်။ 14" WLED Display နဲ့ဖြစ်ပြီး နောက်ဆုံးပေါ် Bluetooth 4.0 စနစ်ပါဝင်ပြီး 2 Cell လီသီယမ်ပိုလီမာဘက်ထရီတပ်ဆင်ပေးထားပါတယ်။

**Price -$299 Discount $20-$15,** Contact : 01-398224




## 06 HP Pavilion 14-ab 109TX

လျှပ်စီးပတ်လမ်းနဲ့ ထရန်စစ္စတာတွေရဲ့အရွယ်အစားကို 14nm အထိချုံ့ပြီး Skylake architecture နဲ့ တည်ဆောက်ဖွဲ့စည်းထားတဲ့ 6th gen Intel Core i7-6500U 2.5 GHz CPU နဲ့ NVIDIA GeForce GT940m 2GB သီးသန့်ဂရပ်ဖစ်ကတ်နဲ့ ပူးတွဲမောင်းနှင်ပေးထားတဲ့ စွမ်းအားအလွန်ကောင်းတဲ့ Laptop တစ်လုံးပါပဲ။ 6th gen CPU တွေဟာ လွန်ခဲ့တဲ့ ၅ နှစ်ထုတ်သူနဲ့ အတန်းအစားတူ CPU တွေထက် 3D Graphics ကိုင်တွယ်နိုင်စွမ်း 30X ဆ၊ productivity 2.5X ဆ၊ performance 3X ဆပိုသာသလို ဘက်ထရီလည်း 3X ဆ ပိုမိုခွေတာပေးနိုင်ပါတယ်။ 1000GB (1TB) data ပမာဏ သိမ်းဆည်းနိုင်မယ့် HDD နဲ့ မီဒီယာရေးဖတ်ဖို့ DVD Super Multi DL ပါရှိပါတယ်။ 14" HD LED LCD Screen နဲ့ လာပါတယ်။

**Price -$749 ,** Contact - 09-73171212

## ASUS A556UB-XX054D



Core i7-6700U
1GB HDD
4GB DDR3
DVD+/- RW
Nvidia GT 940 2GB
15.6" WLED Display
WiFi, Webcam , BT 4.0
4Cell Polymer Battery

Price - $ 729 (Discount $ 20)
Contact - 01-398224

## ASUS UtraBook



Intel Core M3
128GB SSD
4GB DDR3
Intel HD Graphic
13.3"Full HD Diysplay
WiFi, Webcam , BT 4.0
3Cell Polymer Battery

Price - $669 (Discount $30)
Contact - 01-398224

## ASUS X453SA-WX065D



Intel Pentium N3700
500GB HDD
4GB DDR3
DVD+/-RW
Intel HD Graphic
14"WLED Display
WiFi, Webcam , BT 4.0
4Cell Polymer Battery

Price - $369 (Discount $20)
Contact - 01-398224

## ASUS X453SA-WX095D



Intel Celeron N3050
500GB HDD
2GB DDR3
DVD+/-RW
Intel HD Graphic
14"WLED Display
WiFi, Webcam , BT 4.0
2Cell Polymer Battery

Price - $299 (Discount $20-$15)
Contact - 01-398224

## ACER Aspire V3-575G



Intel Core TM i7-6500U 2.5GHz
4GB DDR3L 1600MHz
1TB SATA 5400 rpm
NVIDIA Geforce GT 940M 2GB
15.6" HD LED LCD (1366×768)
DVD Writer Super Multi DL
Bluetooth , Web Camera , Card Reader
Wireless LAN(N) , GbLAN , HDMI, USB 3.0
Intel HM97 Express Chipset

Price - $699
Contact - 01-398491

## ACER Aspire V3-575G



Intel Core TM i5-6200U 2.3GHz
4GB DDR3L 1600MHz
500GB SATA 5400rpm
NVIDIA Geforce GT 940M 2GB
15.6" HD LED LCD (1366×768)
Intel HM97 Express Chipset
Weight:2.3kg

Price - $609
Contact - 01-398491

## ACER Aspire V3-575G



Intel Core TM i3-5005 U 2.0GHz
4GB DDR3L 1600MHz
500GB SATA 5400rpm
NVIDIA Geforce GT 940M 2GB
15.6" HD LED LCD (1366×768)
Intel HM97 Express Chipset
Weight:2.1kg

Price - $275
Contact - 01-398491

## ACER AspireZ1-402Cel



Intel Celeron 2957U 1.4GHz
2GB DDR3L 1600MHz
500GB SATA 5400rpm
Intel HD Graphics
14.0 " HD LED LCD (1366×768)
Intel HM97 Express Chipset
Weight:2.1kg

Price - $515
Contact - 01-398491

## Lenovo Ideapad 300 (i7)



Core i7 6500U (2.3GHz)
1TB HDD, 4GB DDR3
ATI EXO R5 M330 2GB
DVD RW(Super Multi)
15.6" WXGA LED Display
5 in 1 Card Reader ,
4 Cell Li-ion Battery

Price -$749 (Discount $30)
Contact - 01-377259

## Lenovo Ideapad 300 (i5)



Core i5 6200U (2.3GHz)
1TB HDD, 4GB DDR3
AMD R5M330 2GB
DVD RW(Super Multi)
14" WXGA LED Display
4 Cell Li-ion Battery

Price - $609 (Discount $30)
Contact - 01-377259

## Lenovo Ideapad 100 (i3)



Core i35005U (2.0GHz)
500B HDD, 4GB DDR3
N16V- GM DDRL 2GB
DVD RW(Super Multi)
14" WXGA LED Display
4 Cell Li-ion Battery

Price -$469 (Discount $30)
Contact - 01-377259

## Lenovo Ideapad 100 (Cel)



Intel Celeron
N2840 (2.16GHz)
500B HDD, 4GB DDR3
Intel HD Graphic
DVD RW(Super Multi)
15.6 " LED Display
3Cell Li-ion Battery

Price -$299 (Discount $34)
Contact - 01-377259

## New Macbook MK 4M 2II/A



Core M 1.1 GHz
RAM 8GB DDR3
256GB SSD
Intel HD 5300
12" with retina display
Wifr, Webcam
Bluetooth

Price - $ 1370
Contact -01-377259

## Macbook Air MF839LL/A



Core i5(2.7 GHz )
RAM 8GB DDR3
128GB SSD
Intel Iris Graphic 6100
13"with retina display
Wifr, Webcam
Bluetooth

Price - $1270
Contact - 01-377259

## MacBook Pro MD101LL



Corei5(2.5GHz)
RAM 4GB DDR3
500GB HDD
Intel HD Graphic
13.3"LED backlit
Super Drive DVD
Wifi Bluetooth

Price - $1050
Contact - 01-377259

## MacBook Air MJVG2LL/A



Corei5(1.6GHz)
RAM 4GB DDR3
256GB SSD
Intel HD Graphic 6000
13.3"LED backlit
Wifi ,Webcam
bluetooth

Price - $1190
Contact - 01-377259

## အိုင်တီဗဟုသုတအထွေထွေ

# Facebook Notification များကိုပိတ်ထားနည်းများ

Facebook လိုလူမှုကွန်ရက် ဝန်ဆောင်မှုများမှာ Notification များဟာအဓိကကျတဲ့ အခန်းကဏ္ဍကနေပါဝင်နေပါတယ်။ ဒါပေမယ့်လည်း Facebook မှာစိတ်ပျက်စရာကောင်းတဲ့ Notification များကိုလည်းရရှိနေတတ်ပါတယ်။ အဲဒီ Notification များအားလုံးကိုပိတ်ထားလို့မရပေမယ့် အချို့ကိုပိတ်နိုင်တဲ့ နည်းလမ်းတွေကို Facebook က ပံ့ပိုးပေးထားပါတယ်။

### Facebook Notification Settings

Facebook Notification Settings ထဲသွားဖို့အတွက် ညာဘက်အပေါ်ထောင့်မှ Dropdown Arrow ကိုနှိပ်ပါ။ Menu ပေါ်လာရင် Settings ကိုနှိပ်ပါ။ Setting ထဲရောက်သွားရင် ဘယ်ဘက်ခြမ်းမှ Notifications ကို နှိပ်ပါ။ On Facebook ရဲ့ ညာဘက်မှ Edit ကို နှိပ်ပါ။







အဲဒီကနေ Notification အချို့ကိုပိတ်နိုင်ပါတယ်။ သင့်သူငယ်ချင်းတွေရဲ့ မွေးနေ့နဲ့ ပတ်သက်ပြီး အသိပေးတဲ့ Notification တွေကိုပိတ်ထားချင်ရင် Birthdays ကိုတစ်ချက်နှိပ်ပြီး Off လုပ်ပေးပါ။




သင့်သူငယ်ချင်းမဟုတ်သူများကသင့်ကို Tag လုပ်ရင် Notification များရရှိနေမှာပါ။ အဲဒါကိုဖြေရှင်းဖို့ Tags ကိုတစ်ချက်နှိပ်ပြီး Friends ကိုရွေးပေးပါ။




နောက်တစ်ခုကသင်ဟာ Page တစ်ခုသို့မဟုတ် Page များစွာကိုကိုင်တွယ်နေရတယ်ဆိုရင် Notification ယူမယ့် Page တွေကိုသာသတ်မှတ်ထားနိုင်ပါတယ်။ Pages you manage မှာသတ်မှတ်နိုင်ပါတယ်။ Notificaiton ပိတ်ထားချင်တဲ့ Page ရဲ့ ညာဘက်မှ Edit ကို နှိပ်ပြီးနောက်အဆင့်မှာ Off လုပ်ပေးပါ။




သင်အဖွဲ့ဝင်ထားတဲ့ Group တွေကနေ Notification တွေ တောက်လျှောက်ရနေလို့ ပိတ်ထားချင်ရင် Group Activity ကို နှိပ်ပါ။ Group တွေရဲ့ ညာဘက်မှ Dropdown Arrow ကို နှိပ်ပြီး Off ကိုပြောင်းပေးပါ။ သူငယ်ချင်းတွေရဲ့ ပို့စ်ကိုသာ Notification ယူထားချင်ရင် Friend's Posts ကိုရွေးပေးပါ။

မှတ်သားစရာတစ်ခုက အချို့ Notification တွေကိုတော့ ပိတ်ထားလို့မရပါဘူး။ ဥပမာအားဖြင့် သူငယ်ချင်းတစ်ယောက် ကသင့်ရဲ့ Timeline မှာပို့စ်တင်ရင် သင် Notification ရရှိမှာပါ။ သင်ပို့စ်တစ်ခုတင်လိုက်ပြီးသူငယ်ချင်းတွေက အဲဒီပို့စ်မှာကွန်းမန့်မှာ ရေးသားကြရင်လည်း Notification ရရှိနေမှာပါ။




အချို့ Notification တွေကိုတော့ ပို့စ်ကနေပိတ်ထားနိုင်ပါတယ်။ သင်ဟာ သူငယ်ချင်းတစ်ယောက်ရဲ့ ပို့စ်တစ်ခုမှာကွန်းမန့်ရေးလိုက်တယ်ဆိုရင် အခြားသူတစ်ယောက်က အဲဒီပို့စ်မှာပဲကွန်းမန့်ရေးရင် သင်ဟာ Notification ရရှိမှာပါ။ ဒီလိုမရချင်ဘူးဆိုရင် အဲဒီပို့စ်မှ Stop Notifications ကို နှိပ်ပါ။




အလားတူပဲ သင် Status တစ်ခုတင်လိုက်တဲ့အခါမှာသင့် Status ကို Like, Comment, Share ပြုလုပ်ရင် Notification တွေရရှိနေမှာ ဖြစ်ပါတယ်။ အဲဒါကိုပိတ်ထားချင်ရင် ပို့စ်ရဲ့ ညာဘက်ဘေးမှ Dropdown Arrow ကိုနှိပ်ပြီး Turn off notifications ကို နှိပ်ပါ။

ဒါကတော့ Facebook Notification တွေကို PC ကနေထိန်းချုပ်နိုင်တဲ့ နည်းလမ်းတွေဖြစ်ပါတယ်။ Mobile Device , Tablet တွေကနေလည်း Facebook Notification တွေကို ထိန်းချုပ်နိုင်ဖို့ ပြုလုပ်ပေးထားပါတယ်။ Facebook Notification အားလုံးကိုထိန်းချုပ်လို့ မရပေမယ့် စိတ်ပျက်စရာကောင်းတဲ့ Notification တွေကိုတော့ လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

# အင်ပါယာထူထောင်လိုသူများ

ဦးမျိုး(အိုင်တီ - အန်းတိတ်)

ကျွန်တော်တို့လူသားတွေမှာ အကျင့်ဆိုးတစ်ခုရှိပါတယ်။ တော်တော့်ကိုဆိုးတဲ့အကျင့်ပါပဲ။ အဲဒါဘာလဲဆိုတော့ ဗိုလ်ကျစိုးမိုးချင်တဲ့အကျင့်စရိုက်ပါပဲ။ ကြည့်လေ။ ခင်ဗျားကလေးဘဝမှာပဲကြည့်။ ရွယ်တူကလေးတွေထဲမှာ ခင်ဗျားကခေါင်းဆောင်ဖြစ်ချင်တယ်။ ခင်ဗျားစကားကို အားလုံးလိုက်နာစေချင်တယ်။ ခင်ဗျားက ထိုးကြိတ်ဆုံးမချင်တယ်။ နိုင်းစေ့ညွှန်ကြားပေးချင်တယ်။ ဟော. . ခင်ဗျားမိသားစုထဲမှာလည်းကြည့်။ တစ်အိမ်လုံးမှာ အဖေက ဩဇာအာဏာအရှိဆုံးပဲ။ တိတ်ဆိုတိတ်ပဲ။ သွားပြီးရင် အမေပါပဲ။ အဖေကလည်း အခြားနေရာမှာသာ တပည့် လက်အောက်ငယ်သား၊ သူများအခိုင်းခံဖြစ်ချင်ဖြစ်နေမယ်။ အိမ်တွင်းမှာတော့ ဘုရင်တစ်ဆူပါပဲ။ ဒါကြောင့် အမေက ငါနိုင်။ ငါက ကြက်ဖကြီးနိုင်ပေါ့။ အဖေကကြိမ်း အမေကဆူနေရင် ခင်ဗျားဘာတတ်နိုင်သလဲ။ လမ်းဘက်ထွက်လာ။ ပြီး လမ်းပေါ်ကအမှိုက်ကို ကန်ထည့်လိုက်ရုံပဲ တတ်နိုင်တာမဟုတ်လား။

ဟော. . ခင်ဗျားအရွယ်ရောက်လာတော့ အလုပ်တစ်ခုခုလုပ်မယ်။ စားဝတ်နေရေးအတွက်ပေါ့နော်။ အဲဒီအုပ်စုထဲမှာရော ဆက်ဆံရေးပုံစံကဘယ်လိုလဲ။ ဥပမာဗျာ ခင်ဗျားက ရုံးတစ်ရုံးမှာ အလုပ်လုပ်ရတယ်ဆိုပါတော့။ ခင်ဗျားရဲ့အထက်အရာရှိကိုကြည့်လိုက်ပါ။ ခင်ဗျားတို့အပေါ်ပါဝါတွေ အာဏာတွေပြပါလိမ့်မယ်။ ခင်ဗျား အလုံးအလဲသာခံပေတော့။ ပြီးတော့ရှိသေးတယ်။ သူ့အာဏာကျယ်ပြန့်အောင်ကြိုးစားပါလိမ့်မယ်။ ဝန်ထမ်းအင်အားတိုးချဲ့မယ်။ စည်းကမ်းတွေအမျိုးမျိုးထုတ်မယ်။ ခင်ဗျားဘဝမှာ သူကသာ အရေးပါဆုံး။ ခင်ဗျားရဲ့အားထားရာ မှီခိုရာဖြစ်ကြောင်း ခင်ဗျားစိတ်ထဲမှာစွဲနေအောင်ကြိုးပမ်းလာပါလိမ့်မယ်။ ကျွန်တော်ပြောချင်တာက လူသားတွေရဲ့အဲဒီအကျင့်ဆိုး စရိုက်ဆိုးကိုပြောတာပါ။ သမိုင်းစဉ်တစ်လျှောက်ကိုကြည့်လိုက်ပါ။ အာဏာချဲ့ နယ်မြေချဲ့ခဲ့တဲ့ဖြစ်ရပ်တွေက အမြောက်အများပါပဲ။ ရောမအင်ပါယာ ဂျင်ဂျစ်ခန်း၊ နပိုလီယံ၊ အနော်ရထာ၊ ဘုရင့်နောင်စတာတွေပေါ့ဗျာ။ သူတို့တွေလည်း အာဏာချဲ့၊ နယ်မြေချဲ့ ချဲ့တာပါပဲ။ ဒီအထဲမှာမှ ပြည်သူတွေပြည်သားတွေအကျိုးကိုဆောင်ရွက်သွားခဲ့တယ်ဆိုရင်တော့ ကောင်းပါတယ်။ ပြည်သူတွေကိုဝတ်မှုတ်စေပြီး ဒုက္ခတွင်းထဲကျရောက်စေခဲ့တယ်ဆိုရင်တော့ မကောင်းဘူးပေါ့။ ကဲ. . အခုတော့ ကျွန်တော်တို့က နည်းပညာခေတ်ထဲရောက်ခဲ့ပြီ။ ဒီစရိုက်တွေရှိနေဆဲပဲလား။ ကြည့်ရအောင်။

ကျွန်တော်တို့ နည်းပညာခေတ်ထဲမှာဆိုတော့ ကျွန်တော်တို့ကိုနည်းပညာတွေက ဘယ်လောက်လွှမ်းမိုးလာသလဲကြည့်ရအောင်။ ဥပမာလေးတစ်ခုနဲ့ စမယ်ဗျာ။ နည်းပညာခေတ်ထဲမှာ နောက်လိုက်တွေလည်း အများကြီးရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ တည်ထောင်ပြီး ၁၂ နှစ်မပြည့်သေးဘူး။ ငွေကြေးအတောင့်တင်းဆုံး၊ နောက်လိုက်အများဆုံး၊ အများပြည်သူကို အလွှမ်းမိုးဆုံး၊ ဆွဲဆောင်မှုအရှိဆုံးဖြစ်လာတာကတော့ Facebook ဆိုတဲ့ လူမှုကွန်ရက်လုပ်ငန်းတစ်ခုပဲဖြစ်ပါတယ်။ နက်ဝါ့ခ်ကိုသုံးစွဲသူ ၁. ၆ ဘီလီယံရှိပြီး တစ်နေ့ကို လူတစ်ယောက်ဟာ မိနစ် ၂၀ လောက်သုံးစွဲနေခဲ့ပါတယ်။ Facebook ကိုသုံးစွဲသူတွေက Laptop တွေ၊ Smartphone တွေ ပိုင်ဆိုင်ထားသူတွေဖြစ်နေပါတယ်။ ခင်ဗျားသာစဉ်းစားကြည့်ပါတော့။ စမတ်ဖုန်းရှိနေတယ်ဆိုတော့ဗျာ ကျွန်တော်လည်း Facebook လိုက်တာပေါ့။ သူများ Facebook မပြောနဲ့ ကိုယ့် Facebook တောင် ကိုယ်တစ်နေ့တစ်ခါမကြည့်ဖြစ်တဲ့ ကျွန်တော်အခုတော့ တစ်နေ့ကို မိနစ် ၃၀ လောက် Facebook မှာကြည့်တယ်။ တစ်နာရီလောက်က အင်တာနက်ကိုသုံးပြီး အခြားသတင်းတွေကိုရှာဖွေကြည့်ရှုနေတတ်နေပြီဖြစ်ပါတယ်။ ဒါဆိုရင် လက်ထဲကမချစမတ်ဖုန်းကနေ သူတို့မျက်နှာလွှဲလို့မရဖြစ်နေကြပြီလေ။ Facebook ရဲ့ အင်ပါယာ ကြီးဘယ်လောက်ကျယ်ပြန့်နေပြီလဲ။ သူ့ဩဇာအာဏာဘယ်လောက်ကျယ်ပြန့်နေပြီလဲ။ သူ့ရဲ့လွှမ်းမိုးမှုအောက်မှာ ဘယ်လောက်အတိုင်းအတာအထိ ခင်ဗျားတို့ရောက်နေပြီလဲ စဉ်းစားမိရဲ့လား။ ဒါပေမဲ့ဗျာ အသက် ၃၁ နှစ်သာရှိသေးတဲ့ Facebook ကိုစတင်တည်ထောင်သူလည်းဖြစ်၊ ယခုထိလည်း CEO တစ်ယောက်ဖြစ်နေတဲ့ Mark Zuckerberg က ဒီအခြေအနေနဲ့ မရပ်တန့်နိုင်သေးဘူး။ ရှေ့ဆက် ရမယ့်ရည်မှန်းချက်တွေရှိနေပါသေးတယ်လို့ ပြောပါတယ်။ အပြောတင်မကဘဲ လက်တွေ့ပါလုပ်ဆောင်ကြိုးပမ်းနေပါတယ်။

အင်ပါယာကိုချဲ့ထွင်လိုတဲ့ အကျင့်စရိုက်ပါပဲ။ ခင်ဗျားတို့ သတိထားဖို့လိုပါတယ်။ သူတင်လားမဟုတ်သေးပါဘူး။ အခြားသူကို ဩဇာအာဏာလွှမ်းမိုးမှုရှိတဲ့ Google ဆိုတဲ့ ကုမ္ပဏီလည်းရှိနေပါသေးတယ်။ Google ကလည်း အလားတူရည်မှန်းချက်ထားနေပါတယ်။ သူတို့နှစ်ဦးက ခင်ဗျားတို့ကို ဘယ်လိုကိုင်တွယ်ချုပ်နှောင်ကြိုးကိုင်နေတယ်။ အမြတ်ထုတ်နေတယ်ဆိုတာကိုလည်း ခင်ဗျားတို့သိထားသင့်ပါတယ်။ ပြီးတော့ သူတို့နှစ်ဦးက ခင်ဗျားတို့ကို မတူညီတဲ့ နည်းလမ်းနှစ်သွယ်နဲ့ ခင်ဗျားတို့ကို ချုပ်ကိုင်ထားနေပါတယ်။ Google မှာကြီးမားကျယ်ပြန့်တဲ့ Data တွေ အများအပြားပိုင်ဆိုင်ထားပါတယ်။ ဒီတော့ ခင်ဗျားက သတင်းအချက်အလက်သိချင်ရင် Google ကိုအားကိုးရမယ်။ သူက ဒီလိုချုပ်ကိုင်ထားပါတယ်။ Facebook ကရော။ သူကတော့ ခင်ဗျားရှိနေတဲ့ ပိုလျှံနေတဲ့အချိန်တွေကို ဖြုန်းတီးပေးတဲ့နေရာပါပဲ။ ဟဲဟဲ ကျွန်တော်ပြောတာ လွန်သွားသလား။ ခင်ဗျားတို့အချိန်ပိုတွေကိုဖြုန်းတီးနေတဲ့နေရာလို့ ပြောလို့လေ။ ဟုတ်ပါတယ်။ ခင်ဗျားတို့ပဲစဉ်းစားကြည့်လေ။ ခင်ဗျားအကြောင်း ခင်ဗျားသူငယ်ချင်းအကြောင်းကို Facebook က ခင်ဗျားထက်ပိုသိနေတယ်လေ။ နောက်ဆုံးဗျာ။ ခင်ဗျားအိပ်မက်ထဲမှာ ဘယ်လိုထယောင်မယ်။ ဘာတွေပြောမလဲကအစ အားလုံးသိနေတယ်။ ပိုပြောတာမဟုတ်ဘူး။ လက်တွေ့စဉ်းစားကြည့်ပါ။ ခင်ဗျားလုပ်မယ့်ခြေလှမ်း၊ ခင်ဗျားပြောမယ့်စကားကိုကြိုပြောနေပါလိမ့်မယ်။ အဲဒီလောက်ကို Facebook က ခင်ဗျားဘဝထဲကို ကျွံဝင်လာနေတာ ခင်ဗျားသတိထားမိရဲ့လား။ ဟော. . အခုတစ်ဆင့်တက်ပြီး သူ့အင်ပါယာကို ချဲ့ထွင်ဦးမတဲ့ဗျာ။ ဘာတဲ့ machine learning တဲ့ဗျာ။ Facebook က ဉာဏ်ရည်တုဆိုတဲ့ Artificial Intelligence ကို ချဲ့ထွင်အသုံးပြုသွားမှာဖြစ်ပါတယ်။ ခင်ဗျားက program တွေရေးဆွဲစရာမလိုဘဲ စက်ကပဲ data တွေပေါ်မှာလေ့လာပြီး အဖြေထုတ်ပေးမယ့် စီမံကိန်းပါပဲ။ စက်တွေက terminator ဇာတ်ကားထဲက စက်ရုပ်တွေလို ကိုယ့်မှာပျက်စီးသွားတဲ့စက်တွေကို ပြန်လည်ပြင်ဆင်ပေးနိုင်ပြီး ဆက်ရှင်သန်သွားတာတွေ့ခဲ့ရတယ်မဟုတ်လား။ အဲဒီအတိုင်းဖြစ်လာဖို့ တစ်ဆင့်တက်ကြိုးစားနေတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်းကျင်က ကျွန်တော်တို့ပျော်မွေ့နေတဲ့ ဝန်းကျင်ကြီးက ကျွန်တော်တို့အပေါ်မှာ ဘယ်လိုလွှမ်းမိုးနေတယ်။ ချုပ်ကိုင်နေတယ်ဆိုတာ ပြီးတော့ ဒီလိုချုပ်ကိုင်နိုင်အောင် သူ့ထက်ငါအပြိုင် သူတို့အင်ပါယာကိုချဲ့ထွင်နေတယ်ဆိုတာ သိသင့်ကြောင်း ကျွန်တော်အသိပေးပါတယ်။ ကျွန်တော်လည်း တားဆီးရင်း တားဆီးရင်း ကန့်လန့်ကြီး ဆွဲဆောင်ရာနောက်လိုက်နေမိတယ်ဗျာ။





မင်းလွင်ဦး

# Windows 10 Anniversary Update မှ အကောင်းဆုံး feature အသစ်များ









### Windows Ink

Windows Ink က Anniversary Update ရဲ့အကောင်းဆုံး အပိုင်းဆိုတာသံသယရှိစရာမလိုပါဘူး။ဒါဟာအနှစ်သာရအားဖြင့် တော့ သင့်ရဲ့ stylus နဲ့အလုပ်လုပ်တဲ့ built-in ဒါမှမဟုတ် third-party app တွေရှာတွေ့နိုင်မယ့် ပင်မနေရာဖြစ်ပါတယ်။သတိပေးဖို့ reminder တွေချရေးဖို့ sticky note အသစ်ကိုသုံးနိုင်ပြီး Cortana ကသင့်ချရေးတာကိုနားလည်တဲ့အခါစစ်မှန်တဲ့ reminder အဖြစ် တောင်ပြောင်းလဲသွားနိုင်ပါသေးတယ်။တောင်ခြစ်မြောက်ခြစ်လုပ် ချင်ရင်ဒါမှမဟုတ် မိတ်ဆွေတွေနဲ့ မိသားစုတွေကို လမ်းညွှန်ချက် တွေ ရေးဆွဲပြချင်ရင် sketchpad အသစ်ကအသုံးဝင်တယ်။Virtual ruler အသစ်ကအဲဒီကိစ္စအတွက်ထင်ရှားတဲ့ပေါင်းထည့်မှုဖြစ်ပါတယ်။ဒီဥစ္စာ မပါဘဲ ink ကိုသုံးဖို့ မှန်းကြည့်လို့တောင်မရပါဘူး။Shape တွေဆွဲဖို့ ဒါမှမဟုတ် မျဉ်းဖြောင့်တွေဆွဲဖို့ ဒါကိုသုံးနိုင်တယ်။Touch နဲ့ stylus input အတွက် အကောင်းဆုံးအရောအစပ်ဖြစ်ပါတယ်။ Screen sketch feature ကလည်းအလားတူအသုံးဝင်တယ်။Screen ကို ဖမ်းယူပေးပြီး အပေါ်မှာ ink နဲ့စိတ်ကြိုက်ရေးဆွဲကာ မြန်ဆန်စွာ share လုပ်နိုင်တယ်။ကံမကောင်းတာက Windows Ink ဟာ Windows 10 ရဲ့ pen input ကန့်သတ်ချက်တွေအားလုံးဖြေရှင်းပေးဖို့ အသင့်တော်ဆုံး ဖြေရှင်းချက်မဟုတ်သေးပါဘူး။Built-in mail client ကိုသုံးပြီးအီးမေးလ်ကို လက်ရေးနဲ့ချက်ခြင်းစတင်ရေးသားလို့ မရသေးပါဘူး။ Microsoft ကဒါကို Edge,Cortana နဲ့ Maps နဲ့ Office လို app တွေနဲ့တသားတည်းပေါင်းစပ်ဖို့လုပ်ဆောင်နေပေမဲ့ WIndows 10 ရဲ့ အဓိက အစိတ်အပိုင်းလိုမခံစားရသေးပါဘူး။

### Microsoft Edge Extension

သင်က Chrome extension တွေရဲ့ပရိသတ်တစ်ဦးဖြစ်ရင် Microsoft ရဲ့ Edge browser မှာအဲဒီ feature ပါလာမယ်ဆိုတဲ့ အကြောင်းကြားသိရတာပျော်စရာကောင်းပါလိမ့်မယ်။Anniversary Update က extension အတွက်ထောက်အပံ့တွေသယ်ဆောင်လာ ပြီးအခုတော့ Windows Store အတွင်း add-on တွေနဲ့ ဖြည့် တင်းပေးဖို့ရာက third-party developer တွေအပေါ်ပဲမူတည်နေပါ တော့တယ်။သူတို့က Chrome extension တွေနဲ့ အရမ်းကို ဆင်တူပါတယ်။ပြီးတော့ AdBlock,1Password,LastPass နဲ့ EverNote လို extension တွေရှိနေနှင့်ပြီးသားဖြစ်ပါတယ်။

Microsoft ကလည်း Edge အတွက် web notification ကိုပေါင်းထည့်ပေးခဲ့ပြီး website တွေအနေနဲ့ notification တွေကို Windows 10 Action Center ဆီတွန်းပို့ဖို့ ခွင့်ပြုတယ်။အခု tab တစ်ခုရဲ့ history ကိုကြည့်ဖို့ back button အပေါ်မှာ right-click နှိပ်နိုင်ပြီးအဲဒါကိုနေရာမှာတင် pin လုပ်ပြီးထားရှိဖို့ tab တစ်ခုအပေါ် right-click နှိပ်နိုင်တယ်။ Microsoft က Edge ရဲ့ ဘက်ထရီ စားသုံးမှုသက်တမ်းကိုလည်းတိုးတက်ကောင်းမွန်လာစေပြီး အချို့ပြိုင်ဘက်တွေထက် ၇၀ ရာခိုင်နှုန်းသာလွန်ကောင်းမွန်တယ်လို့တောင်ဆိုထားပါတယ်။ခြုံကြည့်ရင် Edge ဟာ လက်စမသပ်ရသေးသလိုခံစားရတဲ့ rendering ပြဿနာအချို့ရှိနေတုန်းပါပဲ။ဒါပေမဲ့ Microsoft က များစွာသောသူတွေကို Chrome ကနေပြောင်းလဲသုံးစွဲလာဖို့စွမ်းဆောင်နိုင်ဖွယ်ရာရှိတဲ့ browser တစ်ခုကို Windows အပေါ် ထောက်ပံ့ပေးဖို့ရာ နီးစပ်လာပြီ ဖြစ်ပါတယ်။

### Cortana တိုးတက်ကောင်းမွန်မှု

မနှစ်က Windows 10အပေါ်မှာစတင်ထွက်ရှိလာခဲ့တဲ့ Microsoft ရဲ့ဒစ်ဂျစ်တယ်ကိုယ်ရေးလက်ထောက် Cortana ကို အခု Anniversary Update မှာ lock screen ကနေသုံးစွဲလာနိုင်ပြီဖြစ်ပါတယ်။သူ့ကို note မှတ်ဖို့၊ သီချင်းဖွင့်ပေဖို့၊ သတိပေးချက်မှတ်ထားခိုင်းဖို့နဲ့အခြားကိစ္စတွေအများကြီးကို log in မဝင်ရသေးဘဲနဲ့ လုပ်နိုင်ပါတယ်။Cortana ကိုယ်တိုင်ကလည်း အနည်းငယ်ပိုမိုကာအသိဉာဏ်ရှိလာပြီး Outlook မှာချိန်းဆိုမှုတွေ အချိန်ဇယားဆွဲနိုင်ကာ ပြီးခဲ့တဲ့ရက် သတ္တပတ်ကအလုပ်လုပ်နေတဲ့ document တစ်ခုကိုမိတ်ဆွေတစ်ယောက်ဆီပို့ဆောင်ဖို့ option လည်းရလာတယ်။

### Dark theme and UI tweaks

Microsoft ဟာမနှစ်က Windows 10 UI ကိုအပြည့်အဝပြီးစီးအောင်မလုပ်ဆောင်ရသေးပါဘူး။ဒါပေမဲ့ အခုတော့အနည်းငယ်ပိုပြီးသစ်လွင်သပ်ရပ်လာပြီဖြစ်ပါတယ်။Laptop display နဲ့ monitor အများစုကအနက်ရောင်ဘောင်တွေရှိပြီး OS တစ်ခုလုံးမှာ dark mode ကို ဆက်ပြီးသုံးစွဲနေတာက ထောင့်စွန်းတွေမှာလျှံထွက်လာသလို ခံစားရတယ်။ဒီအတွက် setting အထဲပိုပြီးတော့တောင်မှောင်တဲ့ mode ကိုဖွင့်ယူနိုင်တယ်။ဒါကပုံမှန်အားဖြင့် black ထက်စာရင် white background ကိုသုံးတဲ့ built-in app တွေကိုပြောင်းလဲပေး တယ်။Microsoft ဟာ Windows 10 UI ကို dark theme သက် သက်ထက်ပိုတဲ့နည်းလမ်းတွေနဲ့လည်း ချိန်ညှိထားပါသေးတယ်။All apps list ကအခုStart menu ရဲ့တသားတည်းပါတဲ့အပိုင်းဖြစ်လာပြီး Live Tiles တွေက chase-able ဖြစ်လာတယ်။ဆိုလိုတာက သင့်အ နေနဲ့ Live Tile တစ်ခုအပေါ်မှာ news story တစ်ပုဒ်တွေ့ပြီး ကလစ်နှိပ်လိုက်ရင် app တစ်ခုရဲ့ homepage ကိုဖွင့်မယ့်အစား news item ဆီ တိုက်ရိုက်ဆွဲခေါ်သွားမယ်။

Action Center(notification center) ကိုလည်း အဆင့်မြှင့်ထားတယ်။Task bar ပေါ်က badge icon ကပြီးပြတ်အောင်မဖြေရှင်းရသေးတဲ့ notification အရေအတွက်နဲ့သက်ဆိုင်တယ်။Action Center အတွင်း quick action တွေရဲ့အရေအတွက်ကိုလည်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်တယ်။VPN, tablet mode,quiet hours,Wi-Fi နဲ့ ဒီထက်ပိုတဲ့setting တွေအလွယ်ရယူသုံးစွဲဖို့ ရွေးစရာ ၁၄ ခုရှိပါတယ်။ သင်က tablet mode ပရိသတ်တစ်ဦးဖြစ်မယ်ဆိုရင် အခု တက်ဘလက်လိုအသုံးပြုတဲ့အခါ task bar ကိုအလို အလျောက်ဝှက်ပေးဖို့ ရွေးချယ်လာနိုင်ပါပြီ။ဒါက app တွေအနေနဲ့ Windows 8 မှာသုံးစွဲတဲ့ပုံစံအတိုင်း screen ကို အကျိုးအမြတ် အပြည့်အဝရယူသုံးစွဲဖို့ ခွင့်ပြုတယ်။Start screen က all apps view ကိုလည်း အဆင့်မြှင့်တင်ထားပြီး full screen ဖြစ်လာကာရှာဖွေ သွားလာရလွယ်ကူလာပါတယ်။Tablet mode မှာ Windows 8 နဲ့ အများကြီးပိုပြီးတော့တူလာပါတယ်။

### Apps နဲ့ website တွေအတွက် Windows Hello

Windows Hello ဟာ Windows 10 သို့ Miersosoft ပေါင်းထည့်ခဲ့သမျှ အကောင်းဆုံး feature တစ်ခုဖြစ်ပါတယ်။အဲဒါက (နောက်ဆုံးပေါ် PC နဲ့ lapto တွေမှာတွေ့ရတဲ့ ) အထူးမြူကင်မရာကို သုံးပြီး မျက်နှာကို scan ဖတ်ရှုကာ password သုံးစရာမလိုဘဲ Windows ထဲlog in ဝင်ခွင့်ပြုပါတယ်။Microsoft က Windows Hello ကို Anniversary Update မှာapp နဲ့ website တွေနဲ့ ပေါင်းစပ်ပေးခြင်းအားဖြင့်ပိုပြီးတော့တောင်ကောင်းမွန်လာအောင် ပြုလုပ်ပေးထားပါသေးတယ်။သင့်မှာWindows Hello ကိုအထောက်အပံ့ပေးတဲ့ PC အသစ်တစ်လုံးရှိရင် website တွေအတွက် password မလိုတော့ပါဘူး။ရှေ့မှာထိုင်မျက်နှာဒါမှမဟုတ် လက်ဗွေရာကို scan အဖတ်ခံပြီးရင် သုံးဖို့အသင့်ပါပဲ။

# အကြားအာရုံအထောက်အကူပြု နားကြပ်





ဦးသောင်းဝင်း(ပန်းချယ်ရီ)

အကြားအာရုံခံစားမှုအတွက် ဖြည့်ဆည်းပေးနိုင်ဖို့အတွက် Headphone ဒါမှမဟုတ် Earphone ဆိုတဲ့ နားကြပ်များကိုအသုံးပြုခွင့်ရခဲ့ကြတယ်။ သာမန်လူတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့အကြားအာရုံမျိုးမရှိတာ အကြားအာရုံချို့တဲ့သူများအသုံးပြုတဲ့ နားကြပ်များကိုတော့ Hearing Aids ဒါမှမဟုတ် Deef Aids လို့ခေါ် ဆိုကြတယ်။ အကြားအာရုံချို့တဲ့သူများအတွက် စီမံထုတ်လုပ်တဲ့ နားကြပ်များကို ဆေးလောကအနေနဲ့ medical devices များလို့ သတ်မှတ်ထားကြတယ်။

မကြာသေးခင်က Siemen ကုမ္ပဏီအနေနဲ့ Sivanto Group ကို Wearing Aids လုပ်ငန်းများ လွှဲပြောင်းပေးပြီး တစ်နှစ်အကြာမှာ Signia အမှတ်တံဆိပ်နဲ့ ခေတ်အမီဆုံး Hearing Aids ကိုထုတ်လုပ်ရောင်းချဖို့ မိတ်ဆက်မှုတွေပြုလုပ်ခဲ့တယ်။ တကယ်တော့ နားကြပ်လောကမှာ Signia Hearing Aids များက ရှေ့ဆုံးကအစဉ်တစိုက်ဦးဆောင်လာခဲ့တာဖြစ်တယ်။ အခုအခါ ဈေးကွက်ထဲကိုဝင်ရောက်ရှိနေခဲ့ပါပြီ။ ခေတ်အမီဆုံးနည်းပညာများနဲ့ ဖြည့်ဆည်းဆောင်ရွက်တာဖြစ်တဲ့အတွက် အကြားအာရုံကို အထောက်အပံ့ပေးစေတဲ့အပြင် brain strain အတွက်လည်း အကျိုးသက်ရောက်မှုများဖြစ်စေပါတယ်။ Signia rimax ရဲ့ hearing technology အပေါ် လေ့လာစမ်းစစ်သူများ အားရကျေနပ်စွာနဲ့ ချီးကျူးပြောဆိုနေကြတယ်။

Signia Primax ရဲ့နည်းပညာသစ်တွေထဲမှာ Speach Master အင်္ဂါရပ် HD Music အင်္ဂါရပ် EchoShield အင်္ဂါရပ်နဲ့ Twing Phone အင်္ဂါရပ်တွေက ဂုဏ်ဆောင်မှုကို ပိုမိုပြုလုပ်ပေးနိုင်ခဲ့တယ်။ Speach Master ဆိုတဲ့အင်္ဂါရပ်က ဘယ်လိုအခြေအနေမျိုး ပြောဆိုတဲ့စကားကိုဖြစ်ဖြစ် အလိုအလျောက်မြှင့်တင်ဆောင်ရွက်ပေးနိုင်တယ်။ မလိုလားအပ်တဲ့ပတ်ဝန်းကျင်ကအသံတွေကို ကျော်လွှားပြီး ပြောဆိုသူရဲ့စကားသံကို zoom in ပြုလုပ်ပေးတဲ့ သဘောသဘာဝဖြစ်တယ်။

HD Music အင်္ဂါရပ်ကတော့ တေးဂီတမြတ်နိုးသူတွေကိုဖြစ်ဖြစ် တေးဂီတပညာရှင်တွေကိုဖြစ်ဖြစ် အရသာပြည့်ဝတဲ့အာရုံခံစားမှုကို ရရှိနိုင်ဖို့ ဆောင်ရွက်ပေးတာဖြစ်တယ်။ အထူးသဖြင့် အသံသွင်းထားတဲ့ တေးဂီတသံတွေကို စစ်ဆေးတဲ့အချိန်ဖြစ်ဖြစ် ကပွဲရုံတွေထဲမှာ ကပြဖျော်ဖြေနေတဲ့အချိန်ဖြစ်ဖြစ် ဒါမှမဟုတ် တေးဂီတရှိုးပွဲတွေကြည့်ရှုတဲ့အချိန်ဖြစ်ဖြစ် နားသောတအာရုံကို အမြင့်ဆုံးခံစားခွင့်ကိုရယူစေတယ်။ Echo Shield အင်္ဂါရပ်အနေနဲ့ ပဲ့တင်ရိုက်လာတဲ့အသံတွေကို လျှော့ချပေးနိုင်တယ်။ အထူးသဖြင့် အဆောက်အဦကြီးများအတွင်းက စကြိုလမ်းတွေ ဟောပြောပွဲကျင်းပရာခန်းမကြီးများအတွင်း စကားပြောဆိုသံများကြောင့် ဖြစ်ပေါ်လာတဲ့အသံရိုက်ခတ်မှုတွေကို လျှော့ချပေးတယ်။

Twine Phone အင်္ဂါရပ်က တယ်လီဖုန်းစကားပြောနေစဉ်ကာလအတွင်း အားစိုက်စရာ အထူးအာရုံစိုက်စရာမလိုအပ်တဲ့ နည်းလမ်းနဲ့ကြားနိုင်စေပါတယ်။ magnetic signal နဲ့ အလိုအလျောက်ပီပီသသကြားနိုင်စေဖို့ လုပ်ကိုင်ပေးတာဖြစ်တယ်။ Hearing Aid အသုံးပြုနေသူတစ်ဦးအနေနဲ့ လိုအပ်တဲ့ Apps တွေနဲ့ touch control လိုဆက်နွယ်ပစ္စည်းများကိုအသုံးပြုပြီး စမတ်ဖုန်းများကို remote control တစ်ခုလိုအသုံးပြုနိုင်တယ်။ စမတ်ဖုန်းရဲ့ touchscreen လေးနဲ့ လိုအပ်သလိုထိန်းချုပ်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းရသွားစေတယ်။ အထူးသဖြင့် စားသောက်ဆိုင်တွေအတွင်း ပြောလိုတဲ့အခါ Twine Phone အင်္ဂါရပ်ရဲ့အထောက်အကူတွေများစွာရယူနိုင်ပါတယ်။

ဒီလိုအင်္ဂါရပ်တွေပြည့်စုံစွာနဲ့ ထုတ်လုပ်ရောင်းချတဲ့ Signia Primax 7 အမည်ရှိတဲ့ Hearing Aid အနေနဲ့ လောလောဆယ်မျက်မှောက်ကာလအတွင်း အကောင်းဆုံးသရဖူကိုဆောင်သွားရတယ်။ Hearing Aids များကို လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ လောက်ကပင် စတင်ပေါ်ပြူလာဖြစ်ခဲ့တယ်။ ဒါပေမဲ့ နားလှိုင်ခေါင်းထဲကို တိုက်ရိုက်အသံချဲ့ပြီး ထည့်နိုင်တဲ့ amplification cones များကို အသုံးချနိုင်ခဲ့တယ်။ ဒီနေ့ခေတ်သစ်ပိုင်းမှာတော့ ကွန်ပျူတာစနစ်သုံး electroacoustic system များကိုသုံးနိုင်ခဲ့ကြတဲ့အတွက် ပိုပြီးသက်သောင့်သက်သာရှိပြီး ပိုပြီးရှင်းလင်းပြတ်သားတဲ့အသံများကို ခံစားခွင့်ရစေတဲ့ Hearing Aids ဒီဇိုင်းများနဲ့ ထုတ်လုပ်ကြတယ်။ နှစ်ပေါင်း ၆၀ ကျော်ဟာသွားပြီးတဲ့နောက် အသုံးပြုကြရတဲ့ Hearing Aid များကို နှိုင်းယှဉ်ဖော်ပြရပေမယ့် ပထမဆုံး Hearing Aid ဆိုတာ ၁၇ ရာစုနှစ်လောက်ကတည်းက စတင်ဖန်တီးကြံဆခဲ့ကြတာဖြစ်တယ်။

Hearing Aids ရဲ့ သမိုင်းကြောင်းကိုပြန်ကြည့်ရင် တယ်လီဖုန်းများ စတင်တီထွင်ရောက်မှသာ အီလက်ထရွန်းနစ်ပုံစံပြု နားကြပ်တွေဖြစ်လာခဲ့တာတွေ့ရတယ်။ ၁၈၉၈ ခုနှစ်မှာ ပထမဆုံး Hearing Aid ကိုအသုံးပြုခွင့်ရခဲ့တယ်။ Ear Trampts ဆိုတဲ့ ကိရိယာတွေကိုကျော်လွန်ပြီး Electronic Hearing Aids တွေဖြစ်လာရတာလို့ ဆိုရပါလိမ့်မယ်။ ၁၉၃၃ ခုနှစ်မှာ Vaccum tube hearing aids တွေ အသုံးပြုခွင့်ရကြတယ်။ Transister Hearing Aids အမျိုးအစားအဆင့်ကို ၁၉၄၈ ခုနှစ် Bell Lab က ထုတ်လုပ်နိုင်ခဲ့တယ်။ Digital Hearing Aids များကိုတော့ ၁၉၆၀ ခုနှစ်ရောက်မှ ထွန်းပေါ်လာခဲ့တာဖြစ်တယ်။











တမ္ဘာ့ဈေးကွက်ကို ဖြန့်ကျက်ရောင်းချနိုင်တဲ့ Digital Hearing Aids များကို Nicolel Comporation က ၁၉၈၇ ခုနှစ်မှာ ပထမထုတ်လုပ်ရောင်းချခဲ့တယ်။ ၁၉၉၅ ခုနှစ်ရောက်တဲ့အခါ Oticon ကုမ္ပဏီက Bluetooth စနစ်အသုံးချနားကြပ်များပင် ထုတ်လုပ်ရောင်းချတဲ့အဆင့်ကို မြင်တွေ့ကြရတယ်။ ဒီအတွက် Hearing Aids ဆိုတာ ရာစုနှစ် ၅ ခုလောက်ဖြတ်ကျော်ခဲ့သလို ခေတ်သစ်ပုံစံဒီဇိုင်းအတွက် နှစ်ပေါင်း ၆၀ လောက်ဖြတ်ကျော်ခဲ့ရတယ်လို့ သတ်မှတ်ပြောဆိုကြရတယ်။ နောက်နှစ်အနည်းငယ်အတွင်း နားကြပ်ကိုမမြင်တွေ့စေတဲ့ Hearing Aids တွေ အသုံးပြုခွင့်ရတော့မယ့်အကြောင်းကို Sivatos Group က ၂၀၁၆ ခုနှစ် ဇူလိုင်လမှာပင် မိတ်ဆက်ပြသသွားပြန်ပါတယ်။

လူတစ်ဦးတစ်ယောက်အတွက် ကျန်းမာရေးကဏ္ဍက အလွန်အရေးကြီးပါတယ်။ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ချို့ယွင်းပျက်စီးမှုအတွက် ဖြည့်ဆည်းပံ့ပိုးမှုတွေ ကြိုးစားကြရသလို အမြင်အာရုံအကြားအာရုံခံစားမှုများချို့တဲ့မှုအတွက်လည်း အလေးထားကြိုးစားဖြည့်ဆည်းယူကြရတဲ့အကြောင်းကို Signia Primax Hearing Aids များက သက်သေပြပေးနေပါတော့တယ်။

# MOBILE LIFE

presented by Digital life



## APP USER GUIDE

Android Device မှာ
ဗီဒီယိုများကို Edit ပြုလုပ်နိုင်မယ့်
VidTrim-Video Editor

PAGE - 21 >>

## MOBILE TIPS

သင့်ဖုန်းမှ Dropbox ရဲ့
လူမသိတဲ့ စွမ်းရည်များ

PAGE - 22 >>

## DIGITAL ARTICLE

Security လောက၏
မေ့လျော့ခံ ရှေ့ဆောင်ပုဂ္ဂိုလ်များ

PAGE - 37 >>

# INTEX AQUA LIFE3

PAGE - 30 >>

Model : Chit Myat Noe
Photo : Yei Zaw Phyo(Zoom Studio) 09-787989589
Dress : Ye Naung (YN Fashion)
Make up : Thar Thar (09-425309246)
Art Director & Stylist : Sie Thu Min Cho



# Prisma နဲ့ အခြားသော နာမည်ကျော် ဓာတ်ပုံပြုပြင် Apps များ

ကျော်စည်သူ(သုနန္ဒခေတ်)

လက်တလော ကမ္ဘာတဝန်းလုံးက Facebook စာမျက်နှာထက်မှာ Prisma နဲ့ပြင်ထားတဲ့ပုံတွေကို မထင်မှတ်လောက်အောင် လူကြိုက်များနေတာတွေ့ရပါတယ်။ ဖုန်းအသုံးပြုပြီး ဓာတ်ပုံပြင်တဲ့ apps တွေထဲမှာ သူက ဓာတ်ပုံတစ်ပုံကို abstract စတိုင်နဲ့ လက်ရာမြောက်တဲ့ အနုပညာဆန်ဆန် စုတ်ချက်တွေအဖြစ် ပြောင်းလဲတဲ့အခါမှာ တစ်မူထူးခြားတဲ့အတွက် ထွက်ပေါ်ပြီး လပိုင်းအတွင်းမှာပဲ ကျော်ကြားရခြင်းဖြစ်ပုံရပါတယ်။ ပုံပြောင်းလဲမှုက မြန်နှုန်းမြင့် ဖုန်းတွေမှာဆိုရင် ၁၅ စက္ကန့်လောက်ပေးရတတ်ပါတယ်။

## Prisma မှာ အချိန်မကြာစေဖို့

Prisma နဲ့ ပုံတွေပြင်တဲ့အခါမှာ အခြား app တွေထက် အချိန်ပိုပေးရတတ်ပါတယ်။ ဒါကတော့ Prisma ဟာ Instagram, Snapseed အပါအဝင် အခြား ဓာတ်ပုံပြုပြင်တဲ့ app တွေလို သာမန် photo-filtering app တစ်ခုမဟုတ်လို့ပါပဲ။ Offline မှာ သူက အလုပ်မလုပ်ပါဘူး။ ဓာတ်ပုံတွေကို ပြုပြင်ယူတဲ့အလုပ်ကို ဖုန်းထဲမှာတင်မလုပ်ဘဲ သူ့ရဲ့ server တွေဆီကိုလှမ်းတင်ပြီးမှ cloud မှာ သူ့ရဲ့ AI ကနေ ပုံတွေကို ပြုပြင်ပါတယ်။ ပြီးမှ လူမှုကွန်ရက်မှာ အသင့် Share နိုင်တဲ့ အချောသတ်ပုံတွေကို ပြန်ပို့ပါတယ်။ ဒါကြောင့် အခြား apps တွေထက် အချိန်ပိုယူပါတယ်။

နောက်တစ်ချက်က အွန်လိုင်းအသုံးပြုတဲ့ အလေ့အထတော်တော်များများမှာ သုံးစွဲသူအများစုက အလုပ်တစ်ခုတည်း မလုပ်ကြဘဲ Prisma က "Creating artwork ..." လုပ်နေချိန်မှာ စာရိုက်တာ၊ အခြား app တစ်မျိုးမျိုးကို ပြောင်းသုံးနေတာမျိုးတွေ လုပ်တတ်ကြပါတယ်။ ဒီလိုအချိန်မျိုးမှာ Wi-Fi နှေးချိန်၊ ဆယ်လူလာကွန်ရက်ကြပ်နေချိန်တွေဆိုရင် Prisma ရဲ့ server အလုပ် များသွားတတ်ပါတယ်။ ဒါကြောင့် အချိန်အလွန်အမင်းကြာမြင့်မှုမရှိအောင် သူအလုပ်လုပ်နေချိန်မှာ Home ကို နှိပ်တာ၊ အခြား app တွေပြောင်းကြည့်တာမျိုး မလုပ်သင့်ပါဘူး။ လုပ်မိရင် သူ့လုပ်ငန်းစဉ်ရပ်သွားပြီး အသစ်ကနေပြန်ပြီး လုပ်ကိုင်နေရတတ်ပါတယ်။

ဒါ့အပြင် Prisma က multi-window ကို ထောက်ပံ့မှု မပေးနိုင်သေးပါဘူး။ Android တွေမှာရှိတတ်တဲ့ split-screen mode၊ Samsung ရဲ့ Galaxy တို့ရဲ့ Multi-window တွေကိုတွဲမသုံးသင့်ပါဘူး။ ဒါပေမယ့် Twitter တို့ Chrome တို့လို app တွေကို အရင်ဖွင့်ထားပြီးမှ Prisma ကို သုံးတယ်ဆိုရင်တော့ လုပ်ငန်းစဉ်ရပ်မသွားတတ်ပါဘူး။ ဖုန်းမော်ဒယ်နဲ့ ကွန်ရက်အခြေအနေပေါ် မူတည်ပြီး မသိမသာ နှေးတာတော့ဖြစ်မှာပါပဲ။

## Prisma ရဲ့ ဗီဒီယိုအလားအလာ

Prisma ကို ဗီဒီယိုသမားတွေကလည်း စိတ်ဝင်တစားစောင့်ကြည့်နေကြပါတယ်။ သက်ဆိုင်သူတွေကြားမှာ တစ်ချိန်မှာ VFX ပိုင်းကို တက်လှမ်းဖို့ ဆွေးနွေးနေကြတယ်လို့လည်း သတင်းတွေထွက်နေသလို ခန့်မှန်းသုံးသပ်သူတွေကလည်း ပန်းချီကျော် ပီကာဆို၊ မိုနေး တို့ရဲ့ လက်ရာဆန်တဲ့ effect မျိုးတွေကို တောင့်တနေကြပါတယ်။

ဖုန်းနဲ့ ပုံတစ်ပုံကိုပြုပြင်ဖို့ ၁၅ စက္ကန့်ဆိုတာ ဗီဒီယိုလောကမှာ စက္ကန့်ကို ၃၀ ပုံနဲ့သွားတဲ့ နှုန်းနဲ့ကြည့်ရင် real time ထက် ၃၇၅ ဆလောက် ပိုကြာနေတဲ့သဘောဖြစ်နေပါတယ်။ ဒါပေမယ့် စမတ်ဖုန်းတစ်လုံးရဲ့ အမြန်ဆုံး computing စနစ်နဲ့မပြောဘဲ ခေတ်ပေါ် GPUs တွေရဲ့ အားနဲ့ဆိုရင် မပြောပလောက်တော့ပါဘူး။ ဒါ့အပြင် Prisma ဘက်ကလည်း server တွေအပြင် သက်ဆိုင်ရာ ချစ်ပ်ဒီဇိုင်း သစ်တွေလိုလာကောင်း လိုပါမယ်။ ဒါပေမယ့် ဗီဒီယိုမှာ effect တစ်ခုအတွက် realtime ကို တက်လှမ်းဖို့ ထင်သလောက် မမြန်နိုင်ဘူးဆိုရင်လည်း သာမန်အခြေ အနေမျိုးမှာလို render ပေးရင် ပြောင်းလဲမယ့် အနေအထား မျိုးဖြစ် ဖို့ကတော့ သိပ်မကြာနိုင်လောက်ပါဘူး။

သုံးစွဲသူတွေအနေနဲ့ကတော့ Prisma ရဲ့ ဆန်းတက်လာအပေါ် အံ့ဩမင်သက်ရပေမယ့် selfie apps တွေထဲမှာ မရှိမဖြစ်ရွေးချယ်ရမယ့် တခုတည်းသောအရာတော့မဟုတ်ပါဘူး။ သူ့ရှေ့နဲ့ သူနဲ့ မတိမ်းမယိမ်းထွက်ပေါ်လာတဲ့ app တွေထဲမှာ သူ့အစွမ်းနဲ့သူ ကောင်းပြီးကျော်ကြားတဲ့ အချက်တွေရှိနေပါသေးတယ်။

Pisma က စစချင်း iOS အတွက်သာထွက်ခဲ့ပြီး Andriod တွေမှာရတာ ရက်ပိုင်းလောက်ပဲရှိပါသေးတယ်။ အခုဖော်ပြမယ့် apps ၇ မျိုးကတော့ Android တွေအတွက်ပါ။ အဲဒါတွေကတော့ 1. Photo Lab, 2. Super Photo, 3. PicsArt, 4. Camera 360, 5. Bonfire Photo Editor Pro, 6. Pixlr, 7. Photo Director တွေပဲဖြစ်ပါတယ်။ သုံးစွဲခဲ့ဖူးသားဖြစ်ခဲ့ရင်တောင်မှ ဒီ apps တွေကလည်း version အသစ်တွေ အဆက်မပြတ်ထွက်နေတာကြောင့် Pisma ခေတ်စားချိန်မှာ အလှည့်အပြောင်းအနေနဲ့ တစ်မျိုးပြန်ပြီး သုံးနိုင်အောင် တစ်ခုချင်းရဲ့ အားသာချက်တွေကို ဖော်ပြချင်ပါတယ်။

### 1. Photo Lab




Photoshop ကိုအားမကိုးပဲ ဓာတ်ပုံမှာ filter တွေ၊ ဓာတ်ပုံ ပေါင်တွေ၊ သဘာဆန်တဲ့ အထူးပြုလုပ်ချက်တွေ၊ Collage က ဓာတ်ပုံတွေကို အကောင်းဆုံးပြုပြင်ဖို့အတွက် နာမည်ကျော် app ထဲက တစ်ခုကတော့ Photo Lab ပဲဖြစ်ပါတယ်။ Effect ပေါင်း ၅၀၀ ကျော် ရှိပြီး အမြန်ပြုပြင်နိုင်ခွင့်လည်းသာတဲ့အတွက် selfie စွဲလမ်းနှစ်သက်သူတွေအတွက် အလွန်သင့်တော်ပါတယ်။

ဓာတ်ပုံတစ်ပုံကို စိတ်ကြိုက်ပြောင်းလဲခွင့်များစွာ ပေးထားပါတယ်။ ထူးခြားချက်ကတော့ face detection စနစ်ပါတဲ့ Photo montages ရှိပါတယ်။ ကိုယ့်ရဲ့ပုံကနေ အာကာသယာဉ်မှူးအသွင်၊ ကျားလူဆိုးဂိုဏ်းခေါင်းဆောင်စတာတွေကို တစ်ချက်လေး ထိတို့လိုက်ရုံနဲ့ အသင့်ပြောင်းလဲသွားစေပါတယ်။ ဒါ့အပြင် ဒေါ်လာငွေစက္ကူ၊ ရှေးဟောင်းစာအုပ်၊ Look လို မဂ္ဂဇင်းမျက်နှာဖုံး စတဲ့နေရာတွေမှာ ကိုယ့်ဓာတ်ပုံကို အလွယ်တကူအစားထိုးထည့်သွင်းနိုင်ခွင့်လည်းပေးထားတယ်။ ပန်းချီဆန်တဲ့လက်ရာမျိုးစုံဖြစ်အောင်ပြောင်းလဲနိုင်သလို Jipsaw၊ Pazzle စိတ်ကြိုက်ဖန်တီးနိုင်ပါသေးတယ်။

### 2. Super Photo




Super Photo မှာ ကိုယ့်ရဲ့ ပုံတွေကို Layout အမျိုးမျိုး ပြောင်းပြီး full-HD ထုတ်ဖို့အတွက် အားကောင်းလှပါတယ်။ Filter ပေါင်း ၁၅၀၀ ကျော်ပါဝင်ပြီး တစ်ခုနဲ့တစ်ခုကို အလွယ်တကူ ပြောင်းလဲနိုင်စွမ်း ရှိတယ်။

ဒါပေမယ့် effect တွေနဲ့ filter တွေကိုသုံးဖို့အတွက်တော့ အင်တာနက်ချိတ်ဆက်မှု လိုအပ်နေပါမယ်။ Effect ပေါင်း ၂၀၈ကို အခမဲ့ရယူနိုင်ပါတယ်။ App ကို အခမဲ့ မသုံးဘဲ ဝယ်ယူသုံးစွဲခဲ့ရင်တော့ နောက်ထပ် ၁၃၀၀ ကျော်ကို ရပါလိမ့်မယ်။ ဒီ App မှာ ကြော်ငြာတွေလာရှုပ်တဲ့ ဒဏ်က ကင်းဝေးနေမှာပါ။

### 3. PicsArt




Pics Art ကတော့ သင့်ဓာတ်ပုံတွေအတွက် အိတ်ဆောင် စတူဒီယိုလေးတစ်ခုသဖွယ်ပါပဲ။ ဓာတ်ပုံတည်းဖြတ် ဆော့ဖ်ဝဲလ်အဖြစ် အခမဲ့ရယူနိုင်ပါတယ်။ ပုံတွေကို တစ်ခုနဲ့တစ်ခု ထပ်တာ၊ ကြည်ပေါက်တဲ့ အသွင်မျိုးဖြစ်အောင်လုပ်တာနဲ့ အသားအရည်ကို ချောမွတ်အောင်လုပ်တဲ့နေရာတွေမှာ အခြား app တွေထက်သာပါတယ်။ ဆန်းသစ်ထားတဲ့ အနုပညာဆန်တဲ့ brush တွေက အနားအရေးတွေကို သပ်သပ်ရပ်ရပ်ဖြစ်စေပါလိမ့်မယ်။

Download ချသုံးစွဲသူပေါင်း သန်း၂၅၀ ကျော်ရှိတဲ့ PicsArt မှာ ကမ္ဘာအနှံ့က ဖန်တီးမှုပေါင်းများစွာနဲ့ ဖွဲ့စည်းထားပါတယ်။ တည်းဖြတ်ပြုပြင် tool တွေကလည်း ရာနဲ့ချီနေမယ်။ Filter နဲ့ Effect တွေကလည်း သုံးမကုန်အောင်ရှိနေမယ်။ စာသားထည့်ခြင်း၊ Sticker နဲ့ Collage maker တွေသာမက Layer အလိုက် ပုံဆွဲ၊ ဆေးခြယ်တဲ့ tools တွေလည်း ရှိတဲ့အတွက် လူမှုကွန်ရက်လောကမှာ လူသုံးအလွန်များပါတယ်။

တကယ်တော့ PicsArt က သင့်စမတ်ဖုန်း ဓာတ်ပုံကို အနုပညာလက်ရာ အသွင်ပြောင်းလဲစေတဲ့ app တွေထဲမှာ ရှေ့ဆုံးကရှိနေပါတယ်။ အခြား app တွေထက် သူ့ရဲ့ tools တွေဟာ ပရိုသုံး Photoshop အသွင်မျိုးဆန်နေပါတယ်။

စာမျက်နှာ ၁၉ သို့ >>

*စာမျက်နှာ ၁၈ မှအဆက် >>*

ဒါထက်ပိုကောင်းတာက ဓာတ်ပုံဝါသနာအိုးတွေအတွက် အပါတ်စဉ်ပြိုင်ပွဲကို အစဉ်ကျင်းပပေးလေ့ရှိပါတယ်။ သူ့မှာပါတဲ့ tools တွေကိုသာသုံးပြီး ပြုပြင်ပြိုင်ပွဲဝင်ရမှာဖြစ်ပါတယ်။ ဓာတ်ပုံပညာ သက်သက်ပြိုင်ပွဲ၊ ဓာတ်ပုံပြုပြင်ဆန်းသစ်ပြိုင်ပွဲ၊ ဂရပ်ဖစ်ဒီဇိုင်း လက်ရာပြိုင်ပွဲ၊ ရုပ်ပုံရေးဆွဲမှု လက်ရာပြိုင်ပွဲစသဖြင့် ကဏ္ဍစုံလင်လှပါတယ်။ လက်သင်ပဲဖြစ်ဖြစ် ဝါရင့်ပဲဖြစ်ဖြစ် ဓာတ်ပုံဆိုင်ရာ လူမှုအသိုင်းအဝန်း တစ်ခုအသွင်လည်း ဖြစ်နေပါတယ်။

မိသားစုနဲ့ မင်္ဂလာဆောင်ပုံတွေကို collage အဖြစ် စုစည်းဖို့၊ လိပ်စာကဒ်လုပ်ဖို့တွေသာမက ကိုယ်သိချင်တဲ့ ဓာတ်ပုံပြုပြင်ခြင်းဆိုင်ရာ ကဏ္ဍတွေကို တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားပေးတဲ့ အချက်ကလည်း အားရစရာကောင်းလှပါတယ်။ သင့်ရဲ့ ဓာတ်ပုံပြုပြင်တဲ့ ဒါမှမဟုတ် ရေးဆွဲလိုက်တဲ့ လုပ်ငန်းစဉ်တွေကို time-lapse ဗီဒီယိုအဖြစ် အသွင်ပြောင်းပြီး YouTube တင်နိုင်ပါသေးတယ်။

Theme ပေါင်း ထောင်ချီရှိသလို sticker တွေ၊ ဓာတ်ပုံပေါင်တွေကလည်း ဒီထက်မလျော့တဲ့ အရေအတွက်နဲ့ ရှိနေပါတယ်။ PicsArt Shop ကနေ အခမဲ့ပဲဖြစ်ဖြစ် ဝယ်ယူလို့ပဲဖြစ်ဖြစ် များများစားစားရယူနိုင်အောင် Packages အသစ်တွေကို အပါတ်စဉ် ထုတ်ပေးနေပါတယ်။

## 4. Camera 360




Camera 360 ကတော့ မိတ်ဆက်စရာ မလိုလောက်အောင် အကျွမ်းဝင်ပြီးသားဖြစ်မယ့် app တစ်ခုပါ။ ဒါပေမယ့် Prisma ကို ယှဉ်မယ့် ဆော့ဖ်ဝဲတွေအကြောင်းပြောရင် သူ့ကိုချန်ထားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ မိုဘိုင်းလ်ဓာတ်ပုံဆိုင်ရာ ထုတ်လုပ်ရေးလုပ်ငန်းစဉ်တွေကြားမှာ အထင်ရှားဆုံးလို့ဆိုရပါမယ်။

အထူးခြားဆုံးက သာမန်မျက်နှာတွေကို ကျော့ရှင်းချောမွတ်အောင်လုပ်ပေးနိုင်လို့ selfie ကမ္ဘာမှာ ဖျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပါပဲ။ ဒါကတော့ သူ့ရဲ့ အထူးပြုတီထွင်ထားတဲ့ dynamic effics တွေကြောင့်ပါ။ မျက်နှာသိမှတ်နည်းပညာသုံးပြီး လုပတဲ့ မျက်နှာသွင်ပြင်ဖြစ်စေတာက လူတော်တော်များများကို သူ့ဘက်ပါအောင် သိမ်းသွင်းလိုက်သလို ဖြစ်နေပါတယ်။ မျက်နှာပေါ်က သိသိသာသာ ပေါ်လွင်ထင်ရှားနေတဲ့ အရာတွေကို 3D အသွင်ပေါ်စေခြင်းကလည်း စိတ်လှုပ်ရှားစရာကောင်းနေပါတယ်။

မျက်နှာအနှံ့ နေရာမရွေး stickers တွေ စိတ်ကြိုက်နေရာချခွင့်ပေးထားသလို ပါးအို့လေးတွေနီမြန်းလာအောင် အလွယ်တကူလုပ်နိုင်စွမ်းက ချစ်စရာကောင်းတဲ့အချက်ပါ။ မျက်နှာမှာ မှတ်ဆိတ်မွေးပဲတပ်တပ်၊ မျက်ရည်စက်ပဲ ထည့်ထည့် Camera 360 ကကူပြီး အလွယ်တကူ ဟန်လုပ်ပေးပါလိမ့်မယ်။

စစချင်း ဓာတ်ပုံအခြေခံ ချိန်ညှိမှုဖြစ်တဲ့ contrast နဲ့ saturation ကနေ Storm HDR ပုံတွေ၊ ကြယ်တာရာနဲ့ မှော်ဆန်တဲ့ အသွင်တွေ အထိများစွာ ပြောင်းလဲခွင့်ပေးထားပါတယ်။ Camera 360 က Capture Challenge ဆိုတဲ့ အွန်လိုင်းအသိုင်းအဝန်းတစ်ခုကိုဖန်တီးပေးတားပါတယ်။ အဲဒီမှာ အခြားသူတွေရဲ့ လက်ရာကို မဲပေးဆုံးဖြတ်နိုင်ခွင့်ရှိသလို ကိုယ်တိုင်လည်းဝင်ပြိုင်နိုင်ခွင့်ရှိပါတယ်။ ဒီ app နဲ့ ဖန်တီးထားတဲ့ ဗီဒီယိုတွေကိုလည်း ကြည့်နိုင်ပါသေးတယ်။

ဓာတ်ပုံပြင်ပြီးရင် ကိုယ့်လက်ရာကို လူမှုကွန်ရက်ပေါ်ကို တိုက်ရိုက်တင်နိုင်ခွင့်ကလည်း အပြည့်အဝရှိနေပါမယ်။

## 5. Bonfire Photo Editor Pro



Bonfire Photo Editor ကတော့ ကျော့ရှင်းတဲ့ effect များစွာပါတဲ့ ပရိုဆန်တဲ့ ဓာတ်ပုံတည်းဖြတ်ပြုပြင်ရေးဆော့ဖ်ဝဲလ်တစ်ခုပါ။ အဓိကပါတဲ့ကဏ္ဍတွေနဲ့ ပြိုင်ဘက်ကင်းတဲ့ effect/filter ၁၁၀ ကျော်ဟာ အသုံးပြုရအလွန်လွယ်ကူပါတယ်။ ဒါ့အပြင် ပြင်ဆိုင်မှုတိုင်းအတွက် AI algorithm ရှိတဲ့ ကဏ္ဍတွေသာများတဲ့အတွက် ဓာတ်ပုံကို ပြင်တဲ့ အချိန်မျိုးမှာ သဘာဝထက်ပိုလွန်သွားမှာ မလိုလားတဲ့သူတွေက Bonifre ကို ရွေးချယ်ကြလေ့ရှိပါတယ်။

ပုံတွေကို ပြန်သန့်ချိန်မျိုးဆိုရင်လည်း မျက်နှာက ဘယ်လို အရေးအကြောင်း၊ ဘယ်လိုအစက်အပျောက်မျိုးက ဖျောက်ပစ်ရ မယ်ဆိုတာ Bonfire က သိနေပါလိမ့်မယ်။ ဒါကြောင့် ပုံတွေလှအောင် လုပ်ဖို့ အခြားapp တစ်မျိုးထပ်လိုမှာ မဟုတ်တော့ပါဘူး။

အခြား app တွေထက် မျက်နှာပြုပြုဖို့အတွက် ပိုပြီးဦးစားပေးထားတဲ့အရာဆိုရင်လည်း မမှားနိုင်ပါဘူး။ ရှေးဟောင်းအသွင်ဖြစ်အောင်လုပ်ဖို့၊ အရောင်အသွေးတွေကို ခံစားမှုအလိုက်ပြောင်းလဲဖို့စတာတွေအတွက် အလွန်အသုံးတည့်ပါတယ်။ အချောသတ်ပုံတွေကို HD, Full HD, UHD 4K(4096x4096) အရည်အသွေးအဖြစ် ပြောင်းလဲထုတ်ပေးနိုင်စွမ်းကလည်း သူ့ရဲ့ အားသာချက်တစ်ခုပါပဲ။

## 6. Pixlr




3D နဲ့ပတ်သတ်ပြီး ဦးဆောင်ကုမ္ပဏီဖြစ်တဲ့ Autodesk ရဲ့ ထုတ်ကုန်တစ်ခုပါ။ ပရိုကြိုက် tools တွေနဲ့ အနီးစပ်ဆုံးတူတဲ့အတွက် Gimp, PaintShop Pro ဒါမှမဟုတ် Photoshop နဲ့အလုပ်လုပ်နေသူဆိုရင် Pixlr Editor က အွန်လိုင်းဓာတ်ပုံပြုပြင်ရေး Editor ပါပဲ။ ဂရပ်ဖစ်ဒီဇိုင်းသုံး desktop app တွေမှာတွေ့ရတဲ့ crop, rotate, double exposure, blur, smooth, sharpen အပြင် အခြားကဏ္ဍတွေ သူ့မှာလည်းပါနေမယ်။ mimic HDR, glamour glow, tilt-shift, Gaussian blur, vignetting, noise အစရှိတဲ့ Filter တွေလည်း အပြည့်ပါဝင်နေပါမယ်။

ပုံတွေပြုပြင်ပြီးရင် ဘယ်လို format နဲ့ export လုပ်မယ်ဆိုတာမျိုး ရွေးချယ်ခွင့်တွေလည်းပေးထားပါတယ်။ Account မလိုအပ်သလို ပဲသုံးနိုင်တယ်ဆိုပေမယ့် အခမဲ့ သိုလှောင်သိမ်းဆည်းပမာဏ ပိုလိုချင်တယ်ဆိုရင်တော့ account လုပ်ရပါမယ်။

## 7. Photo Director



CyberLink ရဲ့ Photo Director ကလည်း ဓာတ်ပုံတည်းဖြတ်ရေးသမားတွေ နောက်ဆုံးရွေးချယ်ရမယ့် app အချို့ထဲက အားထားစရာကောင်းတဲ့တစ်မျိုးပါပဲ။ အင်တာနက်မသုံးတဲ့အချိန်မျိုးဆိုရင်တောင်မှ ကိုယ့်ပုံကို အချောသတ်ပြုပြင်ဖို့အတွက် templates တွေ တသီကြီးက အသင့်ရှိနေပါမည်။

Blunder, overlay, Blur tool, portrait tool (sefile သမားအတွက် tool)တွေက တည်းဖြတ်ဖို့အတွက် မပါမဖြစ်ထည့်ပေးထားသလို ရှိနေပါမည်။ ဒါ့အပြင် filter နဲ့ effect တွေကလည်း mode အမျိုးမျိုးနဲ့ အလွယ်ဆုံးနဲ့ အသင့်သုံးအဖြစ်ရှိနေပါလိမ့်မယ်။





# ယုံကြည်မှုနှင့်ထပ်တူရှိနေဖို့မျှော်လင့်ပါတယ်



**Experience Rating**

| | |
|---|---|
| ★★★★☆ | အရောင်းဝန်ဆောင်မှု |
| ★★★☆☆ | ဆိုင်အပြင်အဆင် |
| ★★★☆☆ | ဝယ်ပြီးဝန်ဆောင်မှု |
| ★★★☆☆ | အမျိုးအစားစုံလင်မှု |

နေဦးလွင်

**ဆိုင်အမည်နှင့် ဆိုင်တည်နေရာ**

ဆိုင်အမည် - Mobile House (Mobile Store)
တည်နေရာ - အမှတ်(၁၆၁)၊ လသာလမ်း(အထက်)လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၉၇၅၈၅၆၈၈၈

ဒီတစ်ပတ်အတွက်ဖုန်းဆိုင်ရွေးချယ်မှုမှာ ဝန်ဆောင်မှုတွေကို အကောင်းဆုံးလို့မဆိုနိုင်ရင် အတတ်နိုင်ဆုံးဆောင်ရွက်ပေးနေတဲ့ Mobile House (Mobile Store) ဖုန်းအရောင်းဆိုင်ကို ရွေးချယ်ထားပါတယ်။ Mobile House (Mobile Store) ဖုန်းအရောင်းဆိုင်ဟာဝန်ဆောင်မှုအပိုင်းနဲ့ကြည့်မယ်ဆိုရင်တော့ နှစ်သက်သဘောကျတဲ့လူတွေများပါတယ်။ ဆိုင်အပြင်အဆင်ကလည်းသပ်ရပ်မှုရှိတော့ ဝယ်ယူသူတွေအတွက်ဆိုင်ခန်းထဲရောက်ပြီဆိုတာနဲ့စိတ်ချမ်းသာသွားတယ်လို့ခံစားမိစေတယ်။ အရောင်းဆိုင်နဲ့ ဖုန်းပြုပြင်ပေးတဲ့နေရာ နှစ်ခုလုံးကိုတွဲလျှက်ဖွင့်ထားတဲ့အတွက် ဖုန်းလာရောက်ဝယ်ယူသူတွေရော၊ ပြုပြင်လိုတဲ့သူတွေပါ ခြေချင်းလိမ်နေတာတော့ရှိတာပေါ့။ပြီးတော့အရောင်းဝန်ထမ်းအပါအဝင် ဆိုင်ခန်းမန်နေဂျာကပါ ဝယ်ယူသူတွေအပေါ်မှာ စိတ်ရှည်ရှည်နဲ့ပြောဆိုဆက်ဆံပေးတာကိုတွေ့ရတယ်။ ဖုန်း Brand တစ်ခုတည်းကိုဦးစားပေးရောင်းတာမဟုတ်တဲ့အတွက် အရောင်းကောင်တာတိုင်းမှာ ဖုန်းအမျိုးအစားစုံစုံလင်လင်တင်ထားတာကိုတွေ့ရတယ်။ ဖုန်းအမျိုးအစားစုံလင်သလို အသစ်ထွက်ရှိထားတဲ့ဖုန်းမော်ဒယ်လ်တွေကိုလည်းအချိန်နဲ့တပြေးညီတင်ပေးထားတာလည်းတွေ့ရတယ်။ ဆိုင်မှာရှိတဲ့ဖုန်းတွေအားလုံးကိုတော့ အာမခံတစ်နှစ်ဆီပေးထားတယ်။ ဒါက ကုမ္ပဏီဖုန်းတွေဆိုတော့ ကုမ္ပဏီကသတ်မှတ်ထားတဲ့အတိုင်းဆောင်ရွက်ပေးတာဖြစ်ပေမယ့် ဆိုင်အနေနဲ့သီးသန့်တာဝန်ယူထားတဲ့အပိုင်းလည်းရှိတယ်။ တစ်နှစ်အတွင်းပျက်သွားတဲ့ဖုန်းတွေကိုရော၊ တစ်နှစ်ကျော်မှချို့ယွင်းသွားတဲ့ဖုန်းတွေကိုရော ဆိုင်မှာရှိတဲ့ပြုပြင်ရေးစင်တာမှာ လက်ခအခမဲ့အဖြစ်နဲ့ ဆောင်ရွက်ပေးတာတွေ့ရတယ်။ ဆော့ဖ်ဝဲလ်အပိုင်းဆိုရင်လည်းအ တော်များများကိုအခမဲ့ပေးထားတယ်။ မဝယ်ယူခင်ဝန်ဆောင်မှုအပိုင်းကလည်းကောင်းမွန်တယ်။ ဝယ်သူကိုစိတ်ဝင်စားလာအောင် ပြောဆိုနိုင်တယ်။ ဝန်ထမ်းတွေရဲ့ဖော်ရွေမှုပေါ့။ဝယ်ပြီးဝန်ဆောင်မှုဆိုရင်လည်း ကုမ္ပဏီကတာဝန်ယူတဲ့အပိုင်းနဲ့ ဆိုင်ကတာဝန်ယူတဲ့အပိုင်းကို ရောယှက်ထားတာမျိုးမရှိဘူး။ ဆိုင်အပြင်အဆင်ကတော့ အခုနောက်ပိုင်းပြန်လည် ပြုပြင်ထားတာတွေဆိုတော့ အချို့ဆိုင်နောက်ခံလေးတွေကသစ်လွင်နေတယ်လို့ခံစားရတယ်။ ဧည့်ကြိုကောင်တာသီးသန့်ရှိတော့ ဝယ်သူတွေကိုကြိုဆိုတဲ့နေရာမှာ Service အပြည့်ပေးနိုင်တယ်။ ဆိုင်မှာရှိတဲ့ဖုန်းတွေနဲ့တွဲဖက်သုံးစွဲနိုင်တဲ့ Accessories တွေကလည်းစုံလင်နေတာပဲ။ ဈေးနှုန်းလည်းသက် သာတာရှိသလို၊ အနည်းငယ်ဈေးများနေတာလေးတွေလည်းရှိတယ်။ဒါပေမယ့် ပစ္စည်းမှန်တယ်ဆိုတော့ ဈေးလည်းတန်တယ်လို့ ပဲပြောရမယ်။ ဆိုင်ခွဲတွေကလည်းတစ်နေရာတည်းမဟုတ်ဘူး။ ရန်ကုန်မြို့ရဲ့အချက်အချာကျတဲ့နေရာတိုင်းမှာရှိနေတော့ ဝယ်သူတွေအနေနဲ့သွားရတာ လွယ်ကူသွားတာပေါ့။ Mobile House (Mobile Store) အနေနဲ့ခုလိုဝန်ဆောင်မှုကောင်းတွေကို အမြဲတမ်းပေးနိုင်ပါစေ။ သုံးစွဲသူတွေရဲ့ ယုံကြည်မှုကိုအစဉ်အမြဲထိန်းသိမ်းထားနိုင်ပါစေလို့ဤဆောင်းပါးဖြင့် စကားလက်ဆောင်ပါးလိုက်ပါတယ်။

*မှတ်ချက်။ ။ဤဆောင်းပါးအားရေးသားရာတွင် စာရေးသူ၏အာဘော်သာဖြစ်ပြီး လက်တွေ့ကြုံဆုံခဲ့ရသည်များကိုသာပြန်လည်ဖော်ပြခြင်းဖြစ်သည်။*

## Apple iPad Pro



**Specification**

Display - 12.9 Inches
CPU - Dual-core 2.26 GHz
OS - iOS 9
Camera - 8 MP, 1.2 MP(front)
Memory - 128 GB, 4 GB RAM
Price - 1,020,000 Ks
Contact - 09-975856888

## Samsung Galaxy A7 (2016)



**Specification**

Display - 5.5 inches
CPU - Quad-core 1.2 GHz
OS - Android OS v5.1.1
Camera - 13 MP, 5 MP (Front)
Memory - 16 GB, 3 GB RAM
Price - 555,000 Ks
Contact - 09-975856888

## Xiaomi Redmi Note 3



**Specification**

Display - 5.5 inches
CPU - Octa-core 2.0 GHz
OS - Android OS v5.0.2
Camera - 13 MP, 5 MP(Front)
Memory - 32 GB, 3 GB RAM
Price - 209,000 Ks
Contact - 09-975856888

# APP အသုံးပြုမှုလမ်းညွှန်

# Android Device မှာဗီဒီယိုများကို Edit ပြုလုပ်နိုင်မယ့် VidTrim-Video Editor

VidTrim ဟာ Android Device များအတွက် Video Editor နဲ့ Organizer တစ်ခုဖြစ်ပါတယ်။ VidTrim မှာဗီဒီယိုမှ လိုချင်တဲ့ အပိုင်းများကို ဖြတ်ထုတ်တဲ့ Trimming၊ ဗီဒီယိုများကိုပေါင်းစည်းပေးတဲ့ Merge၊ ဗီဒီယိုမှ ပုံရိပ်တစ်ခုကိုဓါတ်ပုံအဖြစ်ရယူတဲ့ Frame Grabbing, Music Video များမှ သီချင်းများကို MP3 အဖြစ်ပြောင်းလဲပေးနိုင်တဲ့ Convert to MP3၊ ဗီဒီယိုအရွယ်အစားကိုချုံ့ပြီး MP4 အဖြစ်ပြောင်းလဲပေးတဲ့ Transcoding စွမ်းဆောင်ချက်များပါရှိပြီး Video Effect များကိုလည်းထည့်သွင်းနိုင်ပါတယ်။ Edit ပြုလုပ်ထားတဲ့ ဗီဒီယိုများကို VidTrim ထဲကနေပဲ Facebook, Gmail, Messenger များကနေ မျှဝေနိုင်ပါတယ်။ VidTrim ရဲ့ အခမဲ့ ဗားရှင်းမှာအခပေးဗားရှင်းမှာလိုပဲစွမ်းဆောင်ချက်များအားလုံးပါရှိပေမယ့် Merge, Transcode ပြုလုပ်ရင်တော့ ဗီဒီယိုမှာ VidTrim Watermark ကိုရေးထိုးထားမှာ ဖြစ်ပါတယ်။ Watermark ကိုဖယ်ရှားချင်ရင် အခပေးဗားရှင်းကို ဝယ်ယူရမှာပါ။ နောက်ပြီးအခမဲ့ ဗားရှင်းမှာကြော်ငြာများကို ပြသပေးတဲ့ Screen တွေ ပေါ်လာမှာ ဖြစ်ပါတယ်။ ကြော်ငြာမှ ကြက်ခြေခတ်ခလုတ် သို့မဟုတ် ဖုန်းမှ Back Key ကို နှိပ်ခြင်းဖြင့် ကြော်ငြာများကိုဖယ်ရှားနိုင်ပါတယ်။

VidTrim ကိုဖွင့်ရင် သင့်စမတ်ဖုန်းမှ ဗီဒီယိုများကို Home Screen မှာ ပြသပေးထားမှာ ဖြစ်ပါတယ်။





ဗီဒီယိုတစ်ခုကိုတစ်ချက်နှိပ်ရင် Edit ပြုလုပ်နိုင်တဲ့ စကရင်ကိုရောက်ရှိမှာပါ။ Edit Screen မှာအဆိုပါ ဗီဒီယိုရဲ့ Duration, Picture Size, File Size အပြင် အခြားသတင်းအချက်အလက်များကို ပြသပေးထားပါတယ်။ ဥပမာအားဖြင့် ဗီဒီယိုတစ်ခုရဲ့ အစပိုင်းဟာမလိုအပ်လို့ ဖြတ်ထုတ်ချင်ရင် Trim ကိုအသုံးပြုနိုင်ပါတယ်။ အလိုရှိတဲ့ အပိုင်းသို့မဟုတ် ဖြတ်ထုတ်မယ့် အပိုင်းကိုသိရှိဖို့အတွက် အရင်ဆုံးဗီဒီယိုကို ဖွင့်ကြည့်ရမှာဖြစ်ပါတယ်။ Play Button ကို နှိပ်ပါ။

Play Button ကို နှိပ်ပြီးရင် Video Player ကိုရွေးချယ်ပေးပါ။ VidTrim မှာ Built-In Video Player မပါရှိတာက အားနည်းချက်တစ်ခုအဖြစ် မြင်မိပါတယ်။





ဗီဒီယိုကိုကြည့်ရှုပြီးရင် VidTrim ထဲ ပြန်လည်ရောက်ရှိမှာပါ။ အလိုရှိတဲ့ အစမှတ်နဲ့ အဆုံးမှတ်ကိုအောက်ခြေမှ စက်ဝိုင်းပုံ Marker နှစ်ခုကိုနေရာပြောင်းရွှေ့ခြင်းဖြင့် သတ်မှတ်ပါ။

ပြီးရင် အပေါ်ထိပ်မှ ကတ်ကြေးခလုတ်ကို နှိပ်ပါ။ နောက်အဆင့်မှာ Trim Original ကို နှိပ်ရင် မူလဗီဒီယိုမှ အလိုရှိတဲ့ အပိုင်းကိုဖြတ်ထုတ်ပေးမှာပါ။ Save As New Clip ကို နှိပ်ရင် မူလ ဗီဒီယိုကိုမပျက်စီးစေဘဲ ဖြတ်ထုတ်လိုက်တဲ့ အပိုင်းကိုဗီဒီယိုအသစ်တစ်ခုအဖြစ် သိမ်းဆည်းပေးမှာပါ။





ဖြတ်ထုတ် ပြီးရင်တော့ Operation completed ဆိုတဲ့ အသိပေးစာကိုဖော်ပြမှာဖြစ်ပြီး Play Button ကို နှိပ်၍ ဗီဒီယိုကို ကြည့်နိုင်ပါတယ်။

ဗီဒီယိုများကိုပေါင်းစည်းဖို့အတွက် Home Screen မှ ဗီဒီယိုတစ်ခုကိုနှိပ်ပါ။ Edit Screen ရောက်ရင် Merge ခလုတ်ကို နှိပ်ပါ။ ပေါင်းစည်းမယ့် အခြားဗီဒီယိုများကိုရွေးချယ်ပေးပါ။ ဗီဒီယို တစ်ခုကို ဖိထားပြီးအပေါ်၊ အောက်နေရာပြောင်းရွှေ့ခြင်းဖြင့် Rearrange လုပ်နိုင်ပါတယ်။





ပြီးရင်တော့ အပေါ်ထိပ်မှ Save Button ကိုနှိပ်ပါ။ Picture Size မှာအရွယ်အစားသို့မဟုတ် အရည်အသွေးကို ပြောင်းလဲနိုင်ပါတယ်။ မူလဗီဒီယိုများရဲ့ အရည်အသွေးကောင်းရင်ကောင်းသလို 720p HD Resolution အထိ ပြောင်းလဲနိုင်ပါတယ်။ မူလဗီဒီယိုဟာ 480p သာရှိရင်တော့ မူလအရည်အသွေးအတိုင်းထားရှိသင့်ပါတယ်။ 1080p Full HD Resolution ကိုတော့ Pro Version မှာသာအသုံးပြုနိုင်ပါတယ်။ Video Quality မှာ နှစ်သက်ရာအရည်အသွေးကိုရွေးချယ်နိုင်ပါတယ်။ ပြီးရင် Export ကို နှိပ်ပါ။ Video များကိုပေါင်းစည်းပြီးရင်တော့ Operation Completed လို့ အသိပေးမှာပါ။ Edit Screen မှာပဲ Transcode, Save as MP3, Grab Frame, Rotate, Effects, Share, Rename, Delete စတာ တွေကိုအသုံးပြုနိုင်ပါတယ်။ VidTrim ကို Android 2.3.3 နဲ့ သူ့အထက်မှာအသုံးပြုနိုင်ပြီးအောက်ပါ Link မှာအခမဲ့ရယူနိုင်ပါတယ်။

*https://goo.gl/8TvcxF*

## ဖုန်းသုံးစွဲခြင်းလမ်းညွှန်

# သင့်ဖုန်းမှ Dropbox ရဲ့လူမသိတဲ့စွမ်းရည်များ

သင့်မှာမိုဘိုင်းလ်ဖုန်းမှာ Dropbox သုံးတယ်ဆိုရင် ဖိုင်တွေကို Cloud မှာသိမ်းလို့ရတာ တစ်ခုထဲမဟုတ်ပါဘူး။ Dropbox ရဲ့ အခြားစွမ်းရည်များရှိပါသေးတယ်။ Dropbox ကနေပုံနှိပ်စာရွက်စာတမ်းတွေကို Scan ဖတ်ပြီး PDF ဖိုင်အဖြစ် သိမ်းဆည်းနိုင်ပါတယ်။ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အတူတကွ Office Files တွေရေးမယ်၊ Edit လုပ်မယ်၊ Comment တွေနဲ့ ဆွေးနွေးမှတ်ချက်ပေးမယ်စတာတွေ လုပ်ဆောင်လို့ရပါတယ်။ သင့်ဖိုင်တွေကိုကာကွယ်ဖို့ သင့်ရဲ့ Dropbox App ကို Passcode ခံထားတာမျိုးလုပ်သင့်ပါတယ်။




**Camera ကနေ Documents တွေကို Scan ဖတ်မယ်။**

Third-party Mobile Scanning App တွေက Document တွေ ဖြတ်ပိုင်းတွေကို ဓာတ်ပုံရိုက်ပြီး PDF ဖိုင်ပြောင်းပေးပါတယ်။ ပြီးတော့ Dropbox ထဲကို Upload တင်ပေး နိုင်ပါတယ်။ Dropbox နောက်ဆုံး Version မှာတော့ Document Scanning စွမ်းရည်ပါလာ ပါပြီ။ Dropbox ရဲ့အောက်ခြေမှ '+'ကိုနှိပ်လိုက်ရုံပြီး Scan Document ကိုရွေးပါ။ ဖုန်းကင်မရာကို Scan ဖတ်ချင်တဲ့စာရွက်ကိုချိန်ရွယ်ပါ။ ပြီးရင် Document အနားပတ်လည်ကိုအပြာရောင် Outline လေးနဲ့ ကွက်တိဖြစ်တဲ့ အထိစောင့်ပါ။

ဓာတ်ပုံရိုက်တဲ့ ခလုတ်ကိုကိုနှိပ်ပြီးရင် Scan လုပ်ထားတဲ့ပုံကို Rotate လုပ်ခြင်း၊ Filter( Black-and-White, Whiteboard, Original) ထည့်ခြင်း၊ Crop လုပ်ခြင်းများ ပြုလုပ်နိုင်ပါတယ်။ ပြီးရင်တော့ PDF ဒါမှမဟုတ် PNG ဖိုင်အနေနဲ့ ဖုန်းမှာသိမ်းနိုင်ပါပြီ။

အထက်မှာဖော်ပြထားတဲ့ Document Scanning Feature က iOS မှာပဲ ပါဝင်ပါတယ်။ ဒါပေမယ့် Android Version အတွက် မကြာတော့တဲ့ကာလတစ်ခုမှာရရှိလာတော့မှာပါ။




**Word, Power Point နဲ့ Excel ဖိုင်တွေ ပြုပြင်မယ်၊ ဖန်တီးမယ်။**

Dropbox မှာ Microsoft File တွေဖွင့်ဖို့ တခြား App တွေမလိုအပ်ပါဘူး။ နောက်ဆုံး Dropbox Update မှာ Word, PowerPoint, Excel တို့ကိုတစ်ချက်နှိပ်ရုံနဲ့ ဖွင့်လို့ရပါပြီ။

'+' ကိုနှိပ်ပါ။ Create or Uplode File ကို ရွေးပါ။ Office App ကိုရွေးလိုက်ပါ။ ပြီးရင်တော့ File နာမည်ပေးတာနဲ့သိမ်းမယ့်နေရာကိုရွေးပေးပါ။ Create ကိုနှိပ်ပြီးသင်ကြိုက်တဲ့ Microsoft Office App ကိုရွေးပေးပါ။ (ဒီလိုလုပ်ဖို့ Microsoft's Mobile Office Suite ကိုတော့ Install လုပ်ထား ဖို့လိုပါမယ်။)

Dropbox မှာရှိပြီးသား Office Document တစ်ခုကိုလည်းသင့်ရဲ့ Dropbox Account ကနေ Edit လုပ်လို့ရပါတယ်။ Doc ဖိုင်ကိုဖွင့်ဖို့ နှိပ်လိုက်ရုံပါပဲ။ Screen အောက်နားက Edit ကိုနှိပ်ပါ။ သက်ဆိုင်တဲ့ Office App ကိုအလိုလိုရောက်ရှိသွားပါလိမ့်မယ်။




**File မှာ Comment ရေးမယ်။**

ဆက်သွယ်ရေးစနစ်မကောင်းရင် ပူးပေါင်းဆောင်ရွက်ရတာဟာအတော်လေးခက်ခဲတဲ့ ကိစ္စတစ်ခုပါ။ ဒါပေမယ့် Dropbox မှာလုပ်ဖော်ကိုင်ဖက်များနဲ့ Chat ပြီးဖိုင်များအတူတကွ ဖန်တီးနိုင်ဖို့ ပြုလုပ်ပေးထားပါတယ်။ Chat ဖို့ File ကိုဖွင့်ပြီး Comment ကို နှိပ်လိုက်ရုံပါပဲ။ Document ကိုသင် Share ထားတဲ့ ဘယ်သူမဆို Comment ကို မြင်ရမှာဖြစ်ပြီး လုပ်ဖော်ကိုင်ဖက်တွေကို Mention ac:(Dropbox Handle) ထည့်လိုက်တာနဲ့ သူတို့တွေနဲ့ Comment မှာ Direct Chat နိုင်မှာလည်းဖြစ်ပါတယ်။ Comment Window ရဲ့ အပေါ်ထောင့်မှာ Notifications Button(ခေါင်းလောင်းပုံစံ)ကို မြင်ရမှာဖြစ်ပြီးတစ်ယောက်ယောက်က Comment ရေးလိုက်တာနဲ့ သင့်ဆီကို Notification တက်မှာဖြစ်ပါတယ်။




**Dropbox ကို Passcode နဲ့ ကာကွယ်မယ်။**

သင့်ရဲ့ ဖုန်းဒါမှမဟုတ် Tablet ကို Password နဲ့ ကာကွယ်ထားပြီးသားဆိုရင်တောင်မှ Dropbox မှဖိုင်များကိုဂဏန်းလေးလုံးနဲ့ ထပ်ပြီးကာကွယ်နိုင်ပါသေးတယ်။ Dropbox Android Version အတွက် Screen ရဲ့ အပေါ်ထောင့်မှာလိုင်းသုံးလိုင်း (Hamburger) ကိုနှိပ်ပါ။ Setting (စက်သွားပုံ)ကိုနှိပ်ပြီး Configure Passcode ကိုနှိပ်ပါ။ iOS အတွက်ကတော့ Recent Tab ကိုနှိပ်ပြီး Setting ကိုနှိပ်ပါ။ Configure Passcode ကို နှိပ်ပါ။ Passcode ကို On လုပ်ပြီးရင် PIN နံပါတ်လေးလုံးထည့်ပေးပါ။ ဒီလိုလုပ်ပြီးရင်တော့ iOS User တွေအတွက် အခြားလူတစ်ယောက်က သင့်အကောင့်ကိုခိုးဝင်ချင်လို့ PIN နံပါတ် ၁၀ ကြိမ်မှားရိုက်တာနဲ့ အကောင့်ကနေ Log Out လုပ်ပေးမှာပါ။ Android User တွေအတွက်တော့ အခြား လူတစ်ယောက်က သင့်အကောင့်ကိုခိုးဝင်ချင်လို့ PIN နံပါတ် ၁၀ ကြိမ်မှားရိုက်တာနဲ့ Log Out မလုပ်ပေးဘဲသင့် Dropbox ဖိုင်များကိုဖျက်ဆီးပေးအောင် လုပ်နိုင်တဲ့ Option ပါပါတယ်။

# Samsung GALAXY A9 Pro(2016)



တန်ဖိုးမြင့်စမတ်ဖုန်းတွေထဲမှာအကြမ်းလည်းခံ၊ စမတ်လည်းကျတဲ့ဖုန်းတစ်မျိုးရှိပါတယ်။ ၂၀၁၆ ခုနှစ် မတ်လမှာမိတ်ဆက်ခဲ့ပြီး ဇူလိုင်လမှာ ဈေးကွက်ထဲကိုရောက်ရှိလာတဲ့အမျိုးအစားလည်းဖြစ်ပါတယ်။ အကြမ်းခံတယ်လို့ပြောလိုက်ရင် သုံးစွဲသူတွေအနေနဲ့ အချို့ဖုန်းအမျိုးအစား စမတ်ဖုန်းတွေကိုမြင်ယောင်မိကြပါလိမ့်မယ်။ အခုဖော်ပြပေးမယ့်ဖုန်းအမျိုးအစားကလည်းဈေးနှုန်းမြင့်လုပ်ဆောင်ချက်ကောင်းတဲ့ Samsung Galaxy A9 Pro(2016) ဖြစ်ပါတယ်။ မျက်နှာပြင်အကျယ်အဝန်း ၆ လက်မရှိပြီး Super AMOLED capacitive touchscreen ကိုတပ်ဆင်ပေးထားပါတယ်။ Samsung ရဲ့မူသေဖြစ်တဲ့ ကြမ်းတမ်းတဲ့ဒဏ်ကိုကောင်းစွာခံနိုင်စေဖို့ Corning Gorilla Glass 4 ကိုအသုံးပြုပေးထားတယ်။ Platform အနေနဲ့ Android OS v6.0.1 (Marshmallow)ဖြစ်ပြီး နောက်ဆုံးထွက် Version ဖြင့်ထုတ်လုပ်ထားခြင်းဖြစ်ပါတယ်။ Snapdragon 652 Chipset ကိုအသုံးပြုထားပြီး Quad-core 1.8 GHz နဲ့မောင်းနှင်ပေးမှာဖြစ်လို့ ဂိမ်းအမြင့်တွေအပါအဝင် မြင့်မားတဲ့ လုပ်ဆောင်ချက်တွေကိုလည်း ကောင်းစွာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ CPU အားကောင်းကောင်းနဲ့ လည်ပတ်နိုင်စေဖို့ GPUAdreno 510 ကိုလည်းထပ်မံအားဖြည့်ပေးထားပါတယ်။ ဖုန်းတွင်းမှတ်ဉာဏ်ပမာဏကိုတော့ 32 GB, 4 GB RAMအထိသတ်မှတ်ပေးထားပါတယ်။ ဖုန်းတွင်းပါမှတ်ဉာဏ်ပမာဏနဲ့မလုံလောက်ဘူးဆိုရင် အပိုထပ်တိုးမှတ်ဉာဏ်ကတ်ကို 256 GB အထိတိုးမြှင့်ထားနိုင်တဲ့ အတွက်ရုံးလုပ်ငန်းဆိုင်ရာအချက်အလက်တွေကအစ ကိုယ်ရေးကိုယ်တာ အရေးကြီးအချက်အလက်တွေထိအဆုံး ဒီဖုန်းထဲမှာပဲသိမ်းဆည်းထားနိုင်ပါတယ်။ ဖုန်းမှာပါတဲ့ကင်မရာပိုင်းကလည်း အလွန်အားရဖို့ကောင်းတယ်။ နောက်ဘက်ကင်မရာမှာဆိုရင် 16 MP ရှိပြီးရှေ့ဘက်ကင်မရာကတော့ 8 MP ရှိတဲ့အတွက် ကြည်လင်ပြတ်သားတဲ့ပုံရိပ်တွေကိုအကောင်းစားကင်မရာကြီးတွေနဲ့ရိုက်ကူးနေစရာမလိုတော့ပါဘူး။ ဒီဖုန်းတစ်လုံးရှိရုံနဲ့လုံလောက်နေပြီ။ အသံပိုင်းဆိုင်ရာမှာလည်း ကြည်လင်ပြတ်သားတဲ့စတူဒီယိုအသံမျိုးဖြစ်အောင် Loundspeaker ကိုတပ်ဆင်ပေးထားတယ်။ Network ပိုင်းအနေနဲ့မြန်မာနိုင်ငံကွန်ရက်နဲ့ကိုက်ညီအောင် GSM Network ကိုအသုံးပြုရမှာဖြစ်ပါတယ်။ 4G စနစ်ကိုလည်းထောက်ပံ့ပေးနိုင်ပါတယ်။ ကြိုးမဲ့ချိတ်ဆက်စနစ်တွေဖြစ်တဲ့ WiFi, Bluetooth, NFC,GPS စတဲ့စနစ်တွေကို အသုံးပြုနိုင်ပါတယ်။ ထူးခြားချက်က ဒီစမတ်ဖုန်းမှာလက်ဗွေရာစနစ်ကို အသုံးပြုလာနိုင်တာပဲဖြစ်ပါတယ်။ လက်ဗွေရာစနစ်ကိုလည်းလက် ၁၀ ချောင်းလုံးနဲ့အသုံးပြု နိုင်အောင်ပြုလုပ်ပေးထားတယ်။ အချိန်ကြာကြာအသုံးပြုနိုင်အောင်လို့ စွမ်းအင်အများဆုံးသိုလှောင်ထားနိုင်တဲ့ Li-Ion 5000 mAh ရှိတဲ့ဘက်ထရီကိုလည်းအသုံးပြုပေးထားတယ်။ အလွယ်တကူဖြုတ်တပ်လဲလှယ်လို့တော့မရနိုင်တဲ့ဘက်ထရီအမျိုးအစားလည်းဖြစ်ပါတယ်။ ကာလာတွေအနေနဲ့ကတော့ White, Black, Gold စတဲ့အရောင်တွေရှိပြီး နှစ်သက်ရာကာလာ ကိုရွေးချယ်နိုင်ပါတယ်။

တန်ဖိုး - ၅၅၅,၀၀၀ ကျပ်
ဖုန်း - ၀၁ ၃၇၅၁၈၃

## iPhone 6s plus

09-73171212



1,069,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 5.5inches |
| Camera | - | 12MP,5MP |
| CPU | - | 1.84GHz Dual Core |
| OS | - | iOS9 |
| Memory | - | 2GB |
| Storage | - | 128GB |

## Samsung Galaxy Note 5

01-398008



875,000ks

| | | |
|---|---|---|
| Network | - | GSM,WCDMA |
| Display | - | 5.7inches |
| Camera | - | 16 MP,5 MP |
| CPU | - | 1.9GHzQuad core |
| OS | - | Android 5.0 |
| Memory | - | 1GB |
| Storage | - | 32GB |

## Sony Xperia Z5

01-375183



829,000ks

| | | |
|---|---|---|
| Network | - | GSM/WCDMA |
| Display | - | 5.2inches |
| Camera | - | 23MP,5MP |
| CPU | - | 1.3GHz Octa Core |
| OS | - | Android 5.0 |
| Memory | - | 3GB |
| Storage | - | 32GB |

## Samsung Galaxy S6 Edge

01-398244



760,000Ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 5.1"inches |
| Camera | - | 16MP,5 MP |
| CPU | - | 1.5 GHz Octa Core |
| OS | - | Android 5.0.2 |
| Memory | - | 3GB |
| Storage | - | 32GB |

## LG G4 Metal

09-254907982



679,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 5.5inches |
| Camera | - | 16MP,8MP |
| CPU | - | 1.8GHz Hexa Core |
| OS | - | Android 5.1 |
| Memory | - | 3GB |
| Storage | - | 32GB |

## iPhone SE

01-391789



529,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 4.0inches |
| Camera | - | 12MP,1.2MP |
| CPU | - | 1.84GHz Dual Core |
| OS | - | iOS 9.3 |
| Memory | - | 2GB |
| Storage | - | 16GB |

## Samsung Galaxy A9 Pro

09-73171214



555,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 6.0inches |
| Camera | - | 16MP,8MP |
| CPU | - | 1.8GHz Octa Core |
| OS | - | Android6.0.1 |
| Memory | - | 4GB |
| Storage | - | 32GB |

## Sony Xperia Z3

01-398491



540,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 5.2inches |
| Camera | - | 20.7MP,2.2MP |
| CPU | - | 2.2GHz Quad Core |
| OS | - | Android4.4.4 |
| Memory | - | 3GB |
| Storage | - | 16GB |

# LENOVO S560

ဒီစမတ်ဖုန်းက ပြည်တွင်းဈေးကွက်ထဲကိုရောက်ရှိခဲ့တာ အချိန်အားဖြင့်ကြာညောင်းနေပြီဆိုပေမယ့် ယနေ့အချိန်အထိတော့အလယ်အလတ်အဆင့်မှာရှိနေတဲ့စမတ်ဖုန်းလည်းဖြစ်ပါတယ်။ တန်ဖိုးကလည်းပြောင်းလဲမှုမရှိဘဲအလယ်အလတ်မှာပဲရှိနေတုန်းပါ။ ဒါပေမယ့် သုံးစွဲသူစိတ်ဝင်စားလျက်ရှိပြီး ဈေးနှုန်းမမြင့်၊ မနိမ့်ဘဲ အလယ်အလတ်တန်းထဲမှာရပ်တည်နေနိုင်တဲ့စမတ်ဖုန်းလည်းဖြစ်ပါတယ်။ ၂၀၁၂ မှာစတင်ထုတ်လုပ်ခဲ့တာဖြစ်ပြီး စတင်မိတ်ဆက်ကတည်းက ရောင်းအားကောင်းခဲ့တဲ့စမတ်ဖုန်းတစ်လုံးလည်းဖြစ်ပါတယ်။ ယနေ့အချိန်အထိလည်းဈေးကွက်ထဲမှာရရှိနေပြီး ဝယ်ယူသူစိတ်ဝင်စားမှုကိုခံနေရတဲ့ဖုန်းလည်းဖြစ်ပါတယ်။ မျက်နှာပြင်အရွယ်အစားမှာ ၄ လက်မရှိပြီး AMOLED capacitive touchscreen ကိုတပ်ဆင်ပေးထားကာအလွယ်တကူမကွဲနိုင်တဲ့ Corning Gorilla Glass 3 ကိုအသုံးပြုထားပါတယ်။ ဖျော်ဖြေရေးအပိုင်းတွေအတွက် လိုအပ်တဲ့ထောက်ပံ့မှုကိုပေးနိုင်ရန်၊Android OS ဖြစ်တဲ့ Version 4.0 (Ice Cream Sandwich) ကိုသုံးစွဲပေးထားပါတယ်။ ဒါကြောင့်လည်း ဈေးကွက်ထဲမှာယနေ့အချိန်အထိ အလယ်အလတ်တန်းဈေးကွက်ကိုထိန်းထားနိုင်တာဖြစ်ပါတယ်။Mediatek MT6577 Chipset ကိုတပ်ဆင်ပေးထားပြီး Dual-core 1.0 GHz နဲ့မောင်းနှင်ပေးမှာဖြစ်လို့ ဂိမ်းကောင်းဂိမ်းဖိုင်ဆိုဒ်အကြီးတွေကိုလွတ်လပ်ပေါ့ပါးစွာကစားနိုင်မှာဖြစ်ပါတယ်။ ဒီလိုသွက်လက်နိုင်အောင်လို့လည်း GPU PowerVR SGX531 နဲ့အထောက်အကူပြုပေးထားပါတယ်။ ဖုန်းအတွင်းမှတ်ဉာဏ်ပမာဏမှာ 4 GB, 512 MB RAM ဆိုပြီးရှိတဲ့အတွက် အချက်အလက်တွေကိုလုံလောက်စွာမှတ်သားနိုင်ပါတယ်။ အပိုမှတ်ဉာဏ်ပမာဏကို 32 GBt ထိတိုးမြှင့်နိုင်ပါတယ်။ ကင်မရာပိုင်းမှာလည်းကျောဘက်ကင်မရာ 5MP နဲ့ ရှေ့ဖက်ကင်မရာ VGA ရှိတဲ့အတွက် ဓာတ်ပုံရိုက်ဝါသနာပါသူတွေအတွက်တော့စိတ်ကြိုက်ဖြစ်စေမယ့်ကင်မရာပါပဲ။ အသံပိုင်းဆိုင်ရာအတွက် DTS Loundspeaker ကိုတပ်ဆင်ပေးထားပါတယ်။ ထူးခြားချက်အနေနဲ့ကတော့ အချိန်တိုတိုအတွင်းအားအမြန်ပြန်လည်ဖြည့်သွင်းနိုင်ခြင်းပဲဖြစ်ပါတယ်။ ဘက်ထရီအမျိုးအစားမှာ Li-Ion 2000 mAh ဘက်ထရီကိုအသုံးပြုထားတဲ့အတွက် ရက်ပေါင်းများစွာကြာအောင်သုံးစွဲနိုင်သလိုစွမ်းအင်သိုလှောင်နိုင်စွမ်းလည်းကောင်းပါတယ်။ ဒီဘက်ထရီနဲ့ဆိုနာရီပေါင်း ၆၄၈ နာရီအထိ အားမသွင်းဘဲ Stand-by ထားနိုင်ပါတယ်။ အားနည်းချက်တစ်ခုကတော့ ဘက်ထရီကိုလွယ်ကူစွာလဲလှယ်နိုင်မှာမဟုတ်ပါဘူး။




တန်ဖိုး - ၂၁၅,၀၀၀ ကျပ်
ဖုန်း - ၀၉-၇၃၀၃၀၅၈၆

## Sony Xperia Z2
01-39490

482,000ks

- Network - GSM
- Display - 5.2inches
- Camera - 20.7MP,2.2MP
- CPU - 2.3GHz Quad Core
- OS - Android 4.4.4
- Memoey - 3GB
- Storage - 16GB

## Sony Z3 (compact)
09-73030586

425,000 ks

- Network - GSM/WCDMA
- Display - 4.7inches
- Camera - 5MP,2MP
- CPU - 1.3GHz Quad Core
- OS - Android 5.0
- Memoey - 1GB
- Storage - 8GB

## HTC Desire 826
01-8604200

355,000ks

- Network - GSM
- Display - 5.5inches
- Camera - 13MP,13MP
- CPU - 1.7GHz Quad Core
- OS - Android 5.0.2
- Memoey - 2GB
- Storage - 16GB

## Xiaomi Mi 5
01-2305401

355,000ks

- Network - GSM
- Display - 5.15inches
- Camera - 16MP,4MP
- CPU - 1.80GHz Quad Core
- OS - Android 6.0
- Memoey - 3GB
- Storage - 32GB

## Meizu Mx5
01-2305402

355,000ks

- Network - GSM
- Display - 5.5inches
- Camera - 20.7MP,5MP
- CPU - 2.2-GHzOcta Core
- OS - Android 5.0.1
- Memoey - 3GB
- Storage - 32GB

## SonyXperia XA
01-8604300

349,000 ks

- Network - GSM
- Display - 5.0inches
- Camera - 13MP,8MP
- CPU - 64-bit Octa Core
- OS - Android 6.0
- Memoey - 2GB
- Storage - 16GB

## Lenovo VIBE Shot
01-8604800

329,000ks

- Network - GSM
- Display - 5.0inches
- Camera - 16MP,8MP
- CPU - 1.7GHz Octa Core
- OS - Android 5.1
- Memoey - 3GB
- Storage - 32GB

## Samsung galaxy J7(2016)
01-2305403

305,000ks

- Network - GSM
- Display - 5.5inches
- Camera - 13MP,5MP
- CPU - 1.6GHz Octa Core
- OS - Android 6.0.1
- Memoey - 2GB
- Storage - 13GB

# Acer Liquid Z4



တန်ဖိုးသက်သာပြီး ဈေးကွက်ထဲမှာအဆင့်အတန်းမီတဲ့ စမတ်ဖုန်းတစ်မျိုးရှိနေပါသေးတယ်။ သုံးစွဲသူအချို့သတိမထားမိတဲ့ အမျိုးအစားတစ်ခုပေါ့။ Acer Liquid Z4 လို့ခေါ်ပြီး ဒီစမတ်ဖုန်းကို ၂၀၁၄ ဖေဖော်ဝါရီမှာစတင်ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ မျက်နှာပြင်အကျယ်အဝန်း ၄ လက်မရှိပြီး ထိတွေ့မျက်နှာပြင်အမျိုးအစားကို TFT LCD capacitive touchscreen ကိုတပ်ဆင်ပေးထားပါတယ်။ ကြည့်ရှုမျက်နှာပြင်ကနေလည်း အရောင်ကို ၁၆ မျိုးအထိထုတ်ပေးနိုင်ပါတယ်။ ဖျော်ဖြေရေးအပိုင်း သုံးအနေနဲ့ Android OS v4.2.2 (Jelly Bean)ကိုသုံးစွဲထားပြီး Chipset ကို Mediatek MT6572 ကိုအသုံးပြုထားပါတယ်။ CPU အနေနဲ့ Dual-core 1.3 GHz Cortex-A7 ဖြင့်မောင်းနှင်ပေးမှာဖြစ်ပြီး GPU Mali-400 နဲ့အင်အားဖြည့်ပေးသွားမှာဖြစ်ပါတယ်။ ဖုန်းအတွင်းမှတ်ဉာဏ်ပမာဏအနေနဲ့ 4 GB, 512 MB RAM ရှိတဲ့အတွက်မိမိနှစ်သက်ရာကိုရွေးချယ်နိုင်ပါတယ်။ ဖုန်းအတွင်းမှတ်ဉာဏ်ပမာဏနဲ့မလုံလောက်ဘူးဆိုရင်တော့ အပိုမှတ်ဉာဏ်ကို 32 GB အထိတိုးမြှင့်နိုင်မှာဖြစ်ပါတယ်။ ကင်မရာပိုင်းမှာတော့ နောက်ကင်မရာမှာ 5 MP ရှိပြီး ရှေ့ကင်မရာမှာ 1.3 MP သာရှိတဲ့အတွက် ကင်မရာအရည်အသွေးပိုင်းမှာ အားနည်းထားတယ်လို့ပြောရပါမယ်။ တန်ဖိုးနည်းစမတ်ဖုန်းဆိုတော့လည်းအချို့အပိုင်းလေးတွေတော့ အရည်အသွေးလျှော့ချထားတာထုံးစံတစ်ခုလိုဖြစ်နေပါပြီ။ ဒါပေမယ့် အခြားအပိုင်းတွေဖြစ်တဲ့ CPU တို့၊ GPU တို့လျှော့ချလိုက်ရင် တော်သေးသော်လည်း ကင်မရာပိုင်းကိုလျှော့ချလိုက်တဲ့အတွက် မြန်မာနိုင်ငံကသုံးစွဲသူတွေနဲ့တော့သိပ်အဆင်ပြေလှမှာမဟုတ်ပါဘူး။ ဘက်ထရီကိုတော့ Removable Li-Ion 1630mAh ကိုသုံးစွဲထားတဲ့အတွက် အားပြန်မဖြည့်ဘဲ ဆက်တိုက်ပါဝါဖွင့်ထားမယ်ဆိုရင် နာရီပေါင်း ၃၀၀ နှင့်အထက်ထားနိုင်ပြီး ဖုန်းချည်းဆက်တိုက်ပြောဆိုမယ်ဆိုရင်တော့ နာရီပေါင်း ၉ နာရီနှင့်အထက်ဆက်တိုက်ပြောဆိုနိုင်မှာဖြစ်ပါတယ်။ကာလာတွေအနေနဲ့ White/Black ဆိုပြီး နှစ်မျိုးထွက်ထားတဲ့အတွက် မိမိ နှစ်သက်ရာကာလာကိုရွေးချယ်ဝယ်ယူနိုင်ပါတယ်။



တန်ဖိုး - ၇၃,၀၀၀ ကျပ်
ဖုန်း - ၀၁ ၃၉၈၀၀၈

## Samsung Galaxy Mega 2

01-398491



300,000 ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 6.0inches |
| Camera | - | 5MP,2MP |
| CPU | - | 1.2GHz Quad Core |
| OS | - | Andiond 4.4.4 |
| Memory | - | 1GB |
| Storage | - | 8GB |

## ViVo V1

01-375183



278,000ks

| | | |
|---|---|---|
| Network | - | GSM,WCDMA |
| Display | - | 5.0inches |
| Camera | - | 13MP,5MP |
| CPU | - | 1.2GHz Quad Core |
| OS | - | Android5.1 |
| Memory | - | 2GB |
| Storage | - | 16GB |

## Huawei Mediapad T1

01-398008



270,000ks

| | | |
|---|---|---|
| Network | - | GSM,WCDMA |
| Display | - | 9.6inches |
| Camera | - | 5MP,2MP |
| CPU | - | 1.3GHz Quad Core |
| OS | - | Android4.4.2 |
| Memory | - | 1GB |
| Storage | - | 16GB |

## Huawei P8 Lite

09-73030586



235,000ks

| | | |
|---|---|---|
| Network | - | GSM,WCDMA |
| Display | - | 5inches |
| Camera | - | 13MP,5MP |
| CPU | - | 1.2GHz Quad Core |
| OS | - | Android5.0 |
| Memory | - | 2GB |
| Storage | - | 8GB |

## HTC Desire 626G Plus

01-39490



235,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 5inches |
| Camera | - | 13MP,8MP |
| CPU | - | 1.7GHz Octa Core |
| OS | - | Android4.4.2 |
| Memory | - | 1GBB |
| Storage | - | 8GB |

## Honor 4X

01-398491



203,000ks

| | | |
|---|---|---|
| Network | - | GSM/CDMA |
| Display | - | 5.5inches |
| Camera | - | 13MP,5MP |
| CPU | - | 1.2GHz Quad Core |
| OS | - | Android4.4.4 |
| Memory | - | 2GB |
| Storage | - | 8GB |

## Acer Liquid E3

01-377259



146,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 5inches |
| Camera | - | 5MP |
| CPU | - | 1.2GHz Quad Core |
| OS | - | Android4.4.2 |
| Memory | - | 1GB |
| Storage | - | 4GB |

## OPPO JOY 3

01-398244



119,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 4.5inches |
| Camera | - | 8 MP,5 MP |
| CPU | - | 1.5GHz Quad Core |
| OS | - | Android4.4.4 |
| Memory | - | 2GB |
| Storage | - | 16GB |

# Pantech V950

ပြည်တွင်းဈေးကွက်ထဲကိုမကြာမီ ရောက်ရှိလာမည့် တန်ဖိုးသက်သာစမတ်ဖုန်းတစ်မျိုးရှိပါတယ်။ ဒီစမတ်ဖုန်းရဲ့အားသာချက်တွေကများစွာရှိနေပေမယ့် တန်ဖိုးသက်သာတဲ့အတွက် ဝယ်ယူသုံးစွဲမယ့်သူတွေဟာ အနည်းငယ်တော့စိတ်ထဲမှာမယုံသလို ရှိနေပါတယ်။ ဒါကြောင့် ဒီစမတ်ဖုန်းရဲ့အားသာချက်အချို့ကိုဖော်ပြမိတ်ဆက်ပေးပါမယ်။ မျက်နှာပြင်အရွယ်အစား ၅ လက်မရှိတဲ့ ဒီစမတ်ဖုန်းကိုတန်ဖိုး ၂ သိန်းကျော်လောက်နဲ့ ရောင်းချပေးမှာဆိုတော့ ဈေးတန်တယ်လို့ဆိုနိုင်ပါတယ်။ တန်ဖိုးသက်သာတဲ့ဖုန်းမှာလုပ်ဆောင်ချက်တွေဟာ မထင်မှတ်လောက်အောင်ကို မြင့်မားနေတာတွေ့ရတယ်။ ဖုန်းရဲ့ထိတွေ့မျက်နှာပြင်ကို အရည်အသွေးမြင့် Touchscreen သုံးစွဲထားပြီး မှန်ကိုလည်း လွယ်လွယ်နဲ့ ထိခိုက်မှုမရှိအောင်လို့ အကြမ်းခံမှန် Gorilla Glass 4 တပ်ဆင်ပေးထားပါတယ်။ ဂိမ်းကစားဖို့ အင်တာနက်သုံးဖို့ အရည်အသွေးမြင့်ဗီဒီယိုတွေကိုကြည့်ရှုဖို့အတွက် OS ဗားရှင်း 5.1(Lollipop) ကိုသုံးစွဲပေးထားပါတယ်။ နောက်ဆုံးထွက် OS ဗားရှင်းဖြစ်တဲ့ 6.0 (Marshmallow) အထိလည်းအဆင့်မြှင့်တင်နိုင်ပါတယ်။ CPU Octa-core 1.4 GHz နဲ့မောင်းနှင်ပေးမှာဖြစ်ပြီး GPU Qualcomm Adreno 320 ဖြင့် ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ကင်မရာအားဖြင့် နောက်ကင်မရာ 13Mp ရှိတဲ့အတွက် ရှုခင်းတွေကိုရိုက်ကူးရာမှာ အဆင်ပြေပြေနဲ့ ရုပ်ထွက်ကြည်ကြည်လင်လင်ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ရှေ့ကင်မရာ 5MP ရှိတဲ့အတွက် Selfie ရိုက်ချင်သူတွေအကြိုက်တွေ့စေမှာဖြစ်ပါတယ်။ တန်ဖိုးသက်သာပြီး အရည်အသွေးမြင့်မားတဲ့စမတ်ဖုန်းရဲ့အဓိကအားသာချက်လို့ပြောလည်းရနိုင်တဲ့အချက်တစ်ချက်ရှိပါတယ်။ အဲဒါကတော့ ရေစိမ်ခံနိုင်တဲ့ စနစ်ပါဝင်လာခြင်းပဲဖြစ်ပါတယ်။ Marcus စမတ်ဖုန်းတွေရဲ့ရှေ့ကထွက်ရှိခဲ့တဲ့ စမတ်ဖုန်းတော်တော်များများမှာ ရှိရှင်းတဲ့ဒီဇိုင်းလေးနဲ့ဈေးကွက်ထဲကိုဝင်ရောက်လာခဲ့တာဖြစ်သော်လည်း ယခုဝင်ရောက်လာတဲ့စမတ်ဖုန်းကတော့ဒီဇိုင်းလည်းဆန်း၊ နည်းပညာလည်းမြင့်မားလာခဲ့ပါတယ်။ ရေစိမ်ခံခြင်းကို ယခုဝင်ရောက်လာတဲ့ဖုန်း မှာစတင်သုံးစွဲထားတာဖြစ်ပြီး နောက်ထပ်ဝင်ရောက်လာမယ့် စမတ်ဖုန်းတွေမှာရော ယခုလိုမြင့်မားတဲ့နည်းပညာနဲ့ သက်သာတဲ့တန်ဖိုးတွေဖြစ်လာနိုင်မှာလားကိုမျှော်လင့်ရမှာဖြစ်ပါတယ်။ ဒီဖုန်းရဲ့ နောက်ထပ်အားသာချက်ကလည်းရှိပါသေးတယ်။ ဘက်ထရီပိုင်းပါ။ အချိန်ကြာကြာ အသုံးပြုနိုင်ဖို့အတွက် Li-Polymer 3200 mAh ဘက်ထရီကိုသုံးစွဲပေးထားပါတယ်။ ဒီစမတ်ဖုန်းကို အာမခံ (၁) နှစ်ပေးထားပြီး အလွယ်တကူပြုပြင်ဆောင်ရွက်နိုင်ရန်အတွက်လည်း Service Room တွေဖွင့်လှစ်ပေးထားပါတယ်။



တန်ဖိုး - ၂၅၀.၀၀၀ ကျပ်
ဖုန်း - ၀၉ - ၂၅၄၂၈၁၈၁၂

## Samsung J1 Mini



09-73171212

99,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 4.0inches |
| Camera | - | 5MP,0.3MP |
| CPU | - | 1.2GHz Quad Core |
| OS | - | Android 5.1 |
| Memory | - | 1GB |
| Storage | - | 8GB |

## Xiaomi Mi 2



09-73030586

95,000ks

| | | |
|---|---|---|
| Network | - | GSM/WCDMA |
| Display | - | 4.7inches |
| Camera | - | 5MP,2MP |
| CPU | - | 1.3GHz Quad Core |
| OS | - | Android 5.0 |
| Memory | - | 1GB |
| Storage | - | 8GB |

## Huawei Y-451



09-254907982

95,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 4.5inches |
| Camera | - | 8MP,2MP |
| CPU | - | 1.2GHz Quad Core |
| OS | - | Android 4.4.2 |
| Memory | - | 1GB |
| Storage | - | 8GB |

## HTC Desire 210



01-388918

90,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 4.0inches |
| Camera | - | 5MP |
| CPU | - | 1GHz Dual- Core |
| OS | - | Android 4.2.2 |
| Memory | - | 512MB |
| Storage | - | 4GB |

## INHON P-1



09-254907981

85,000ks

| | | |
|---|---|---|
| Network | - | Bule Tooth 4.0 Wifi |
| Display | - | 7inches |
| Camera | - | 2.0MP,0.3MP |
| CPU | - | 1.3GHz Processor |
| OS | - | Android 4.4.2 |
| Memory | - | 1GB |
| Storage | - | 8GB |

## Huawei Y3C



01-375183

83,000ks

| | | |
|---|---|---|
| Network | - | GSM/WCDMA |
| Display | - | 4.0inches |
| Camera | - | 5MP,2MP |
| CPU | - | 1.2GHz Dual-Core |
| OS | - | Android 4.4.2 |
| Memory | - | 512MB |
| Storage | - | 4GB |

## Samsung Galaxy Fame



09-254907980

80,000ks

| | | |
|---|---|---|
| Network | - | GSM |
| Display | - | 3.5inches |
| Camera | - | 5MP |
| CPU | - | 1.0GHz Processor |
| OS | - | Android 4.1.1 |
| Memory | - | 512MB |
| Storage | - | 4GB |

## Coolpad 5200s



09-254907982

50,000ks

| | | |
|---|---|---|
| Network | - | CDMA |
| Display | - | 4.0inches |
| Camera | - | 3MP |
| CPU | - | 1.2GHz Dual Core |
| OS | - | Android 4.3 |
| Memory | - | 512MB |
| Storage | - | 4GB |

## ZTE Smart Watch တွေကို Online မှဝယ်ယူနိုင်

Smart Watch ဆိုတာ ဖုန်းတစ်လုံးလို အသုံးပြုလို့ရတဲ့ နာရီတစ်မျိုးပါ။ Smart Watch မှာပါဝင်တဲ့ Function လေးတွေနဲ့ မိတ်ဆက်ပေးပါရစေ။ Antilost စနစ်ပါဝင်တာကြောင့် မိမိရဲ့ဖုန်းနဲ့ Smart Watch နဲ့ ပေ(၃၀)ကွာဝေးသည်နှင့် အလိုအလျောက် အချက်ပေးမည်ဖြစ်ပါသည်။အလုပ်လုပ်နေသည့်အချိန်မျိုး၊ Bus Car စီးနေသည့်အချိန်မျိုးနှင့် ဖုန်းထုတ်၍ စကားပြောလို့မရသည့် အချိန်မျိုးတွင် Smart Watch နှင့် စကားပြောနိုင်မည်ဖြစ်သည်။ ဖုန်းခေါ်ဆိုခြင်း၊ စာပို့ခြင်း၊ သီချင်းနားထောင်ခြင်း၊ ကင်မရာရိုက်ခြင်း အစရှိသည်တို့ကို လုပ်ဆောင်နိုင်သောကြောင့် Smart Phone တစ်လုံးအတိုင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ Stop Watch စနစ်ပါဝင်တာကြောင့် အားကစားလုပ်သည့် အချိန်၊ လမ်းလျှောက်သည့်အချိန်များကို မှတ်တမ်းတင်ထားနိုင်သောကြောင့် အားကစားသမားများအတွက် အထူးပင်အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ Sleep Monitor စနစ်ပါဝင်တာကြောင့်လည်း မိမိအိပ်ချိန်ကိုပါ မှတ်သားထားနိုင်မှာဖြစ်ပါတယ်။

MPT (သို့မဟုတ်) Telenor Simcard ထည့်သွင်း အသုံးပြုလို့ရပြီး SD Card 8GB အထိထည့်သွင်းအသုံးပြုလို့ရပါသည်။ Smart Watch ရဲ့ဈေးနှုန်းကတော့ ၆၉,၀၀၀ ဖြစ်ပါသည်။ ဆက်သွယ်ဝယ်ယူလိုပါက- No.(449), A1/Z Moemakha Street, Bahan Township,Yangon. Ph - 01540098/09777420930 သို့ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

အားအပြည့်သွင်းထားလျှင် Standby (၃) ရက်အထိထားနိုင်မည်ဖြစ်သည်။ မရပ်မနား ဖုန်းပြောဆိုမည်ဆိုလည်း ( ၆ ) နာရီအထိ အသုံးပြုနိုင်မည်ဖြစ်သည်။




## ASUS ZenFone Max + ASUS Secret gift ရရှိနိုင်မယ့် အခွင့်အရေး




အောက်ဖော်ပြပါအချက်များ လိုက်နာရုံမျှနှင့် ဆုလက်ဆောင်များရရှိနိုင်ပါပြီ။

(၁) ASUS Page အား Like လုပ်ပြီး Post အား public mode ဖြင့် Share လုပ်ပေးပါ။

(၂) သင်၏ပုံအား Unplugged လက်ဟန်နဲ့ ဓာတ်ပုံရိုက်ပြီး "Live Unplugged with ZenFone Max" ဆိုတဲ့ စာကြောင်းဖြင့် မူရင်း Post တွင် Photo Comment တင်ပေးပါ။ ( Unplugged လက်ဟန်ကို #LiveUnplugged, with Zenfone Max and Celebrities တွင် ကြည့်ရှုနိုင်ပါသည်။)

(၃) ASUS မှ ဆုလက်ဆောင်များအား မဲနှိုက်ရွေးချယ်ပြီး ကံထူးသူ ၃ ဦး အားပေးအပ်သွားပါမည်။

ဇူလိုင်လ ၂၉ ရက်နေ့နောက်ဆုံးထား၍ Like and Share ပြုလုပ်ပေးကြပါရန်နှင့် ဆုရရှိသူများကိုတော့ ဩဂုတ်လ ၂ ရက်နေ့တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်းသိရသည်။

## ပျော်ရွှင်စရာ မြန်မာစကားထာမေးခွန်းများနှင့်ဆုလက်ဆောင်




(၁) MPT ဖုန်းငွေဖြည့်ကတ် (၆)ကတ် ပြိုင်ပွဲဝင်(၆)ဦး

KENBO SMARTPHONE ၏ Page နှင့် ပြိုင်ပွဲ Post ကို Like & Share ပြုလုပ်ထားရမည်။

**ပြိုင်ပွဲပုံစံ**

ပဟေဠိမေးခွန်းတစ်ရက်ကို ၂ (၂)ခုစီ ၄ ရက်ဆက်တိုက် မေးမြန်းသွားမှာဖြစ်ပါသည်။ ပြိုင်ပွဲဝင်များအနေဖြင့် မေးထားသော မေးခွန်း ၂ ခုအတွက် အဖြေများကို တစ်ကြိမ်သာဖြေဆို၍ ပေးပို့ရမှာဖြစ်ပါသည်။ မေးခွန်း ၁ ခုကို အဖြေမှန်တစ်ခု မေးခွန်း ၂ ခုကို အဖြေမှန် ၂ ခု ဖြေဆိုရမှာဖြစ်ပါသည်။ ပြိုင်ပွဲဝင်များသည် မေးခွန်း ၁ ခုကို အဖြေ ၁ ခုထက်ပို၍ ပေးပို့သည့် ပြိုင်ပွဲဝင်များကို စာရင်းထည့်သွင်းတွက်ချက်သွားမည်မဟုတ်ပါ။ ၄ ရက်ဆက်တိုက်ပြိုင်ရမှာဖြစ်ပြီး အမှတ်ပေးစနစ်ဖြင့် ပြုလုပ်သွားမှာဖြစ်ပါသည်။ ပြိုင်ပွဲဝင်များအားလုံးသည် မေးခွန်းများကိုဖြေဆိုပြီး ပြိုင်ပွဲ Post ကို Screen Short ရိုက်ကာ အဖြေမှန်များကို Kenbo Smartphone ၏ Message Box သို့ ပေးပို့ရမည်ဖြစ်ပါသည်။

**Kenbo Smartphone မှ လုပ်ဆောင်ချက်**

တစ်နေ့တာအတွက် မိမိတို့ပေးပို့သောအဖြေများကို စိစစ်ရွေးချယ်ကာ တစ်နေ့ကို မေးခွန်းတစ်ခုစီမေးမှာဖြစ်ပြီး နေ့စဉ် ၄ ရက်တိတိ မေးခွန်း ၄ မျိုးကိုမေးသွားမှာဖြစ်သောကြောင့် ပြိုင်ပွဲဝင်များအနေဖြင့် အဖြေများကို တစ်နေ့တစ်ခုစီဖြင့် အဖြေ ၄ ခုကို နေ့စဉ် ၄ ရက်တိတိပေးပို့ရမည်ဖြစ်ပါသည်။ နောက်ဆုံးတွင် အမှတ်များအားလုံးကို ပေါင်း၍ စုစုပေါင်း အမှတ်အများဆုံးရရှိသူ ပြိုင်ပွဲဝင်များ ၆ ဦးကို ရွေးချယ်က ဆုလက်ဆောင်များကို ပေးအပ်သွားမည်ဖြစ်ပါသည်။

**ပြိုင်ပွဲဝင်များ လုပ်ဆောင်ရမည့်အချက်မှာ**

ပြိုင်ပွဲဝင်များအားလုံးသည် မိမိတို့၏ အဖြေများနှင့်အတူ ဖုန်းနံပါတ်လိပ်စာကို KENBO SMARTPHONE Message Box သို့ ပေးပို့ရမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်တစ်ဦးကို တစ်ကြိမ်သာ ယှဉ်ပြိုင်ပေးပို့ခွင့်ရှိပါသည်။ ထို့ကြောင့် မပေးပို့မီအချိန်တွင် မိမိတို့ အဖြေများကို သေချာစွာစစ်ဆေးရမည်ဖြစ်ပါသည်။

**စည်းကမ်းသတ်မှတ်ချက်အနေဖြင့်**

မေးခွန်းတစ်ခုကို အဖြေဖြေဆိုရန် တစ်ကြိမ်သာဖြစ်ပါသည်။ တစ်ကြိမ်ထက်ပို၍ ပေးပို့သောပြိုင်ပွဲဝင်များအား ပြိုင်ပွဲ၏ လိုအပ်ချက်ပေါ်မူတည်၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မှတ်ချက်။ ။သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော ပြိုင်ပွဲဝင်များအားပြိုင်ပွဲ၏ လိုအပ်ချက်အတိုင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။တစ်စုံတစ်ရာပြဿနာများဖြစ်ပေါ်လာပါက KENBO SMARTPHONE ၏ ဆုံးဖြတ်ချက်သာ အဓိကဖြစ်ပါသည်။

## OPPO က F1 Selfie ဘုရင်ဖုန်းကိုအခြေခံထားသည့် upgraded F series ထုတ်ကုန်သစ်ကို လာမည့်ဩဂုတ်လတွင် မိတ်ဆက်ပေးသွားမည်

OPPO ကုမ္ပဏီက လာမည့်ဩဂုတ်လတွင် နောက်ထပ် F series ထုတ်ကုန်သစ်တစ်ခုကို မိတ်ဆက်ပေးသွားရန်ရှိနေပြီး အဆိုပါဖုန်းမှာ ယခုနှစ်အစောပိုင်းတွင်မိတ်ဆက်ဖြန့်ချိပေးခဲ့သည့် F1 Selfie ဘုရင် ဖုန်းကိုအဓိကအခြေခံထားတည်ဆောက်ထားမည်ဖြစ်ကြောင်း၊ F series ထုတ်ကုန်အမျိုးအစားဖြစ်သည့်အချက်ကြောင့် ကင်မရာပိုင်းအရည်အသွေးနှင့် ကင်မရာပိုင်းဆိုင်ရာ feature များကိုပိုမိုအဆင့်မြှင့်ပေးထားမည်ဖြစ်ကြောင်းသိရှိရသည်။ ယခင် F1 Selfie ဘုရင်ဖုန်း၏ရှေ့ကင်မရာမှာ အလင်းဝင်မှုအားအထူးကောင်းမွန်သည့် 8MP အမျိုးအစားကိုအသုံးပြုပေးထားခြင်းဖြစ်သည့် အချက်ကို ထောက်ရှုကြည့်ခြင်းအားဖြင့် အသစ်ထွက်ပေါ်လာမည့် F series ထုတ်ကုန်သစ်ဖုန်းမှာ ရှေ့ကင်မရာပိုင်းကိုပိုမိုကောင်းမွန်သည့် အမျိုးအစားဖြင့် မြှင့်တင်အသုံးပြုထားဖွယ်ရှိကြောင်း သုံးသပ်နိုင်စေမည်ဖြစ်သည်။ ယခု ၂၀၁၆ အတွင်း OPPO ကုမ္ပဏီကမိတ်ဆက်ပေးထားသည့် ထုတ်ကုန်များမှာ F1 Selfie ဘုရင်၊ F1 Plus နှင့် A37 တို့ဖြစ်ပြီး အဆိုပါဖုန်းများထဲတွင် ကင်မရာပိုင်းဆိုင်ရာအကောင်းဆုံးဖုန်းမှာ အဆင့်မြင့် flagship အမျိုးအစားဖြစ်သော F1 Plus ဖြစ်ပြီး 16MP ရှေ့ကင်မရာနှင့် 13MP နောက်ကင်မရာတို့ကိုအသုံးပြုပေးထားသည်။ ပထမဆုံး F series ထုတ်ကုန်ဖြစ်သော F1 Selfie ဘုရင်ဖုန်းမှာ OPPO ၏ရောင်းအားအထူးကောင်းမွန်သည့် ထုတ်ကုန်တစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပြီး အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ၂၂၅ ဒေါ်လာနှင့် ဒေါ်လာ၃၀၀ ကြားဖုန်းအမျိုးအစားထဲ၌ထိပ်ဆုံးနေရာ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် ဒုတိယနေရာ၌အသီးသီးရပ်တည်နိုင်ခဲ့သည်။ ထို့အပြင် F1 Selfie ဘုရင်၏ရောင်းအားတိုးတက်ခဲ့မှုကြောင့်လည်း OPPO ၏ ၂၀၁၆ ပထမ ၃ လပတ်အတွင်း တိုးတက်မှုအရှိန်အဟုန်မှာ တခြားသော ကမ္ဘာ့ထိပ်တန်းစမတ်ဖုန်းထုတ်လုပ်သူများထဲတွင် အမြင့်ဆုံးအဖြစ်ရပ်တည်နိုင်ခဲ့ပြီး ယမန်နှစ်အဆိုပါအချိန်တွင် စမတ်ဖုန်းတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ၁၅၃. ၂ ရာခိုင်နှုန်းအထိ တိုးမြင့်တင်ပို့ခဲ့ရကြောင်းလည်း IDC (International Data Corporation) အဖွဲ့အစည်းကထုတ်ပြန်သည့်အချက်အလက်များအရ သိရှိရသည်။

# Social Networking site တွေကလူ့အဖွဲ့အစည်းအတွက်ကောင်းကျိုးပြုသလား

*အွန်လိုင်းအသုံးပြုတဲ့ အရွယ်ရောက်ပြီး အမေရိကန် ၇၆ ရာခိုင်နှုန်းက Facebook, Instagram,Twitter, LinkedIn နဲ့ Piterest လိုsocial networking site တွေကိုအသုံးပြုကြပါတယ်။ ဒီလို social media site တွေမှာသုံးစွဲသူတွေဟာ မိတ်ဆွေတွေအပြင် သူစိမ်းတွေနဲ့ပါဆက်သွယ်ဖို့ကိုယ်ရေးအချက်အလက် profile ဖော်ပြထားနိုင်တယ်။ ပြီးတော့သုတေသနေတွေလုပ်ပြီးထင်မြင်ယူဆချက်တွေ၊ ဓာတ်ပုံတွေ၊တေးဂီတတွေ၊ link တွေနဲ့ ဒီထက်ပိုတဲ့အရောတွေဝေမျှနိုင်ပါတယ်။ ဒီလွှမ်းမိုးသက်ရောက်မှုစွမ်းအားကြီးမားတဲ့ social networking site တွေကလူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးပြုသလား၊ မပြုဘူးလားဆိုတာအငြေရှာဆန်းစစ်ငြင်းခုံဖို့ တကယ်ပဲထိုက်တန်ပါတယ်။*

## အကျိုးပြုတယ်

Social networking site တွေက သတင်းတွေကို အခြားဘယ်မီဒီယာထက်မဆိုပိုပြီးမြန်မြန်ပျံ့နှံ့စေတယ်။လူဦးရေ ၅၀ ရာခိုင်နှုန်းကျော်ကသတင်းဦးသတင်းထူး breaking news တွေကို social media တွေကတစ်ဆင့်ကြားသိကြတယ်။ သမားရိုးကျ မီဒီယာသတင်းထောက်တွေနဲ့အယ်ဒီတာတွေရဲ့ ၆၅ ရာခိုင်နှုန်းက သူတို့ရဲ့ ဆောင်းပါးအကြောင်းအရာအတွက် သုတေသနလုပ်ဖို့ Facebook နဲ့ LinkedIn လို site တွေအသုံးပြုကြတယ်။ ၅၂ ရာခိုင်နှုန်းက Twitter ကိုအသုံးပြုကြတယ်။ Social networking site တွေဟာ အမေရိကန် ၂၇. ၈ ရာခိုင်နှုန်းအတွက် ထိပ်တန်းသတင်းရင်းမြစ်တွေဖြစ်ပြီး ၂၈. ၈ ရာခိုင်နှုန်းရှိတဲ့သတင်းစာတွေနဲ့နီးစပ်တယ်။၁၈. ၈ ရာခိုင်နှုန်းရှိတဲ့ ရေဒီယိုနဲ့ ၆ ရာခိုင်နှုန်းရှိတဲ့ ပုံနှိပ်ထုတ်ဝေမှုတွေထက် သာလွန်တယ်။Twitter နဲ့ YouTube သုံးစွဲသူတွေက ၂၀၁၂ ဇူလိုင် လ ၂၀ ရက် Aurora, CO ရုပ်ရှင်ရုံ ပစ်ခတ်မှုမှာ သတင်းအဖွဲ့တွေ မရောက်ခင်ကြိုပြီးသတင်းတွေထုတ်လွှင့်နေခဲ့ကြတယ်။ ပြီးတော့ ကြက်ခြေနီအဖွဲ့ကအခင်းဖြစ်ပွားတဲ့နေရာကသက်သေတွေကို ဘေးကင်းကြောင်း social media လမ်းကြောင်းကနေတစ်ဆင့် ပြောပြဖို့ တိုက်တွန်းခဲ့တယ်။

## အကျိုးမပြုဘူး

Social media က ယုံကြည်စိတ်ချရမှုမရှိတဲ့မှားယွင်းတဲ့ သတင်း အချက်တွေပျံ့နှံ့စေပါတယ်။ လူဦးရေ ၄၉. ၁ ရာခိုင်နှုန်းဟာ social medai ကတစ်ဆင့် မှားယွင်းတဲ့သတင်းအချက်တွေကြားသိခဲ့ရတယ်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၅ ရက်မှာ မက္ကဆီကိုစီးတီးမြို့ ဆင်ခြေဖုံးရပ်ကွက်အတွင်း မီးလောင်မှု၊ ပစ်ခတ်မှု၊ သေနတ်သမားတွေအကြောင်း ကောလာဟလတွေ Twitter နဲ့ Face book တစ်ဆင့်ပျံ့နှံ့ခဲ့ပြီး ထိတ်ထိတ်ပျာပျာဖြစ်ကာဒေသခံ ရဲဌာနမှာဖုန်းခေါ် ဆိုမှုပေါင်း ၃၀၀၀ ကျော်လက်ခံရရှိကာကျောင်းတွေယာယီပိတ်ခဲ့ရတယ်။ ဟာရီကိန်း ဆန်ဒီတိုက်ခတ်အပြီးမှာလည်း @ComfortablySmug account ကနေသတင်း အမှားတွေဖြန့်ချိခဲ့တယ်။ New York Stock Exchange မှာရေတွေလျှံနေပြီး လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီက မန်ဟတ်တန်အပိုင်း တစ်ခုလုံး လျှပ်စစ်ဖြတ်တောက်တော့မယ်လို့ tweet လုပ်ခဲ့တယ်။ ဒီသတင်းထုတ်လွှင့်မှုကသိပ်ကိုမင်သေလွန်းတာကြောင့် CNN နဲ့ Weather Channel အပါအဝင် တစ်နိုင်ငံလုံးက သတင်းဖြန့်ချိရေးဌာနတွေကထပ်ဆင့် ဖြန့်ဝေပေးခဲ့ပါသေးတယ်။ အသိဉာဏ်နဲ့ဆင်ခြင်တွေးတောနိုင်စွမ်းမရှိသူတွေက social media အပေါ်မှာအလွယ်တကူလှည့်စားခံရနိုင်တယ်။



# Question and Answer

***Q.ကျွန်တော်က ဖုန်းမော်ဒယ်အသစ်တွေ မကြာခဏပြောင်းပြီး သုံးတတ်တဲ့သူတစ်ဦးပါ။ အဲဒါဖုန်းအဟောင်းထဲက data တွေ ဖုန်းအသစ်ထဲကိုလွယ်လွယ်ကူကူ ရွှေ့ပြောင်းနိုင်တဲ့နည်းတွေသိချင်ပါတယ်။***

A. စမတ်ဖုန်းအသစ်တစ်လုံးရရှိတာက စိတ်လှုပ်ရှားစရာကောင်းပါတယ်။ ဒါပေမဲ့ အမြဲအားဖြင့်သင့်ရဲ့ contacts,music, apps နဲ့ data တွေကို ဖုန်းအဟောင်းဆီက ရွှေပြောင်းဖို့ ပျင်းစရာကောင်းတဲ့ လုပ်ငန်းစဉ်နဲ့ အတူတွဲလာပါတယ်။ ဒါပေမဲ့ Android အတွက် အသုံးဝင်တဲ့ backup tool တွေတပြုံကြီးရှိတာကြောင့် ရှေ့ဆက်ပြီး ငြီးငွေ့ထုံထိုင်းစရာမဖြစ်တော့ပါဘူး။ အောက်မှာ နည်းလမ်းအသွယ် သွယ်ကိုဖော်ပြပေးထားပါတယ်။

**Contacts တွေရွှေ့ပြောင်းနည်း**

ဒီနေ့ခေတ်စမတ်ဖုန်းတွေကအံ့သြစရာ feature တွေပါရှိပေမဲ့ ဆက်သွယ်ရေးအတွက်အဓိကနည်းလမ်းဖြစ်တဲ့ ဖုန်းခေါ် ဆိုမှုအတွက် contact တွေကအရေးကြီးပါတယ်။ ကံကောင်းတာက ဒီနေ့ခေတ်မှာ သူတို့ကိုချရေးပြီး ဖုန်းအသစ်ထဲ ပင်ပန်းတကြီးရိုက်ထည့်ရတဲ့ နေ့ရက်တွေရှေ့ဆက်ပြီးကြုံတွေ့စရာမရှိတော့ပါဘူး။နည်းလမ်းပေါင်းစုံရှိတဲ့ အတွက်တစ်ခုချင်းဖော်ပြပေးလိုက်ပါတယ်။

**Synchronize Google Account**

ဒါကတော့ အရိုးရှင်းဆုံးနည်းလမ်းတစ်ခုဖြစ်ကောင်းဖြစ်နိုင်ပါတယ်။သင်က အရင်တုန်းက contact တွေ သင့်ရဲ့ Google account ထဲ သိမ်းထားဖူးတယ်ဆိုရင် log in ဝင်ပြီး ဖုန်းအသစ်ကနေရယူရုံပါပဲ။Settings> Account> Google ကိုသွားပြီး Contacts Sync ခလုတ်ကို ဖွင့်ရမှာဖြစ်ပါတယ်။ Google account အများကြီးရှိနေရင်အသုံးအများဆုံးတစ်ခုကိုရွေးယူ ဒါမှမဟုတ် အားလုံးကို merge လုပ်စုပေါင်းရပါမယ်။ဘယ် data ပဲဖြစ်ဖြစ် Google account နဲ့ synchronize လုပ်တာက back up နဲ့ transfer အတွက် ရေရှည်မဟာဗျူဟာတစ်ခုဖြစ်ပါတယ်။ဒါကခဏနဲ့ခေတ်ကုန်သွားမယ့် နည်းလမ်းမဟုတ်ပါဘူး။ဒါက လုံခြုံမှုရှိပြီး Google ရဲ့ products and services တွေကိုပလက်ဖောင်းအများစုမှာရရှိနိုင်တယ်။

**SD card မှရွှေ့ပြောင်းခြင်း**

သင့်ရဲ့ ဖုန်းအဟောင်းနဲ့အသစ်နှစ်ခုစလုံးမှာ SD card slot ရှိရင် microSD ကတ်ကိုသုံးပြီး contact တွေရွှေ့ပြောင်းနိုင်ပါတယ်။ ဖုန်းအဟောင်းက contact အပိုင်းကိုဖွင့်ပြီး import/export ခလုတ်ကိုနှိပ်ပါ။ပြီးရင် export to storage ဒါမှမဟုတ် အလားတူအဓိပ္ပါယ်ရှိတဲ့စာသားအပိုင်းကိုရွေးပါ။ပြီးရင် SD ကတ်ကိုဖြုတ်ပြီး ဖုန်း အသစ်မှာထည့်ပါ။Address book ကိုသွားပြီး menu က Import ကိုသွားပြီး ညွှန်ကြားချက်အတိုင်းဆက်လုပ်ပါ။




**Internal storage မှရွှေ့ပြောင်းခြင်း**

ဒီနည်းလမ်းက အထက်ကနည်းနဲ့ အတူတူနီးပါးပါပဲ။ ဒါပေမဲ့ export destination အဖြစ်microSD ကတ်ကိုရွေးရမယ့်အစား internal memory ကိုရွေးရမယ်။ပြီးရင် ကိရိယာကို ကွန်ပျူတာနဲ့ ချိတ်ပြီး export လုပ်ထားတဲ့ .vfc ဖိုင်ကိုဖုန်းရဲ့ system ထဲမှာတွေ့အောင်ရှာရမယ်။ဖိုင်ကိုကော်ပီကူးပြီး ကွန်ပျူတာပေါ်က ရှာရလွယ်တဲ့နေရာမှာသိမ်းထားပါ။ပြီးရင်ကိရိယာအသစ်ဆီကူးပြောင်းပါ။ ဖုန်းအသစ်မှာ address book> import ကိုသွား internal storage ကိုရွေးပါ။.vfc ဖိုင်ရှိတဲ့နေရာကိုရှာပြီး contact list ဆီ import လုပ်ဖို့ ဖွင့်ယူရပါမယ်။






# ပြည်တွင်းမှာဝယ်ယူနိုင်ပြီဖြစ်သည့် Huawei GR5 Mini နဲ့ Y6II




နည်းပညာအင်အားကြီးကုမ္ပဏီဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ(ICT)ကို ထောက်ပံ့လျက်ရှိသည့် Huawei သည် GR5mini ကို ဈေးကွက်ထဲသို့ မိတ်ဆက်ပေးခဲ့ပါသည်။

Huawei G စီးရီး၏ နောက်ဆုံးထုတ်ကုန်အသစ်ဖြစ်သော Huawei GR5 Mini သည် နောက်ဆုံးပေါ်လုပ်ဆောင်ချက်များ ပါဝင်ကာ လူနေမှုဘဝ၏ အခြေခံကျသော အချက်များအားလုံးကို ဖြေရှင်းနိုင်မည့် လုပ်ဆောင်ချက်များ ပါဝင်ပါသည်။ Huawei GR5 Mini ကို သင့်တင့်သောဈေးနှုန်းဖြင့်ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး ချိတ်ဆက်မှုများနှင့် ဖန်တီးမှုများသည် အသုံးပြုသူ၏ လက်ဖျားထိပ်တွင်ပင် ရှိနေကာ လော့ခ်ဖွင့်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ဝေမျှခြင်းများကို ချက်ခြင်းပြုလုပ်နိုင်စေပါတယ်။ Huawei GR5 ကို အမွေဆက်ခံထားသော GR5 Mini ၏ လုပ်ဆောင်ချက်များကို Fingerprint 2.0, EMUI 4.1 တို့ဖြင့် လည်ပတ်နေမည်ဖြစ်ကာ သင့်တင့်သော ဈေးနှုန်းနှင့် ကောင်းမွန်သည်ထက်သာလွန်သော လုပ်ဆောင်ချက်များ ရရှိနိုင်ခြင်းကို အသားပေးထုတ်လုပ်ထားပါသည်။

**Smarter Fingerprint Identification 2.0 ပို၍လျင်မြန်၊ ပို၍လုံခြုံပြီး ပိုမိုကောင်းမွန်သည့် Fingerprint**

ငယ်ရွယ်သော မျိုးဆက်သစ်များသည် ကမ္ဘာကြီးနှင့်ပတ်သက်ပြီး ပို၍ စိတ်ဝင်စားလာကြကာ အကောင်းဆုံး နည်းပညာအသစ်များကို စူးစမ်းရန် အာသီသရှိလာကြပြီး Huawei သည် ဤထုတ်ကုန်သစ်အား စတင်မိတ်ဆက်ပြသမှုနှင့်အတူ နောက်ဆုံးပေါ် ဖန်တီးမှုများကို ဖော်ထုတ်လိုက်နိုင်ပါသည်။ ယခု Huawei GR5 Mini သည် ခေတ်မီသော ဒုတိယမျိုးဆက် လက်ဗွေရာစနစ်ဖြင့် အတည်ပြုခြင်းပါဝင်ပြီး လျင်မြန်စွာ အာရုံခံနိုင်ခြင်းကိုပေးစွမ်းကာ ယခင်ကထက် မြန်ဆန်ကောင်းမွန်ပြီး လုံခြုံစိတ်ချရသော ခေတ်မီလုပ်ဆောင်ချက်၊ ထိန်းချုပ်မှုများပါဝင်ပါသည်။ ၃၆၀ ဒီဂရီအသုံးပြုထားပြီး စိုစွတ်သောလက်ဖြင့်ဖြစ်စေ၊ ခြောက်သွေ့သောလက်ဖြင့်ဖြစ်စေ ထောင့်ပေါင်းစုံမှ အသုံးပြုနိုင်သောကြောင့် အသုံးပြုရန်လွယ်ကူစေပြီး မည်သည့်အချိန်၊ မည်သည့်အနေအထားတွင်မဆို သက်သောင့်သက်သာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ခေတ်မီ လက်ဗွေရာအတည်ပြုစနစ်ကို အသုံးပြုထားသောကြောင့် စမတ်ဖုန်းသည် ၀.၅ စက္ကန့်အတွင်းပင် ပွင့်နိုင်ပြီး ဖုန်းလော့ခ်ဖွင့်ခြင်းအတွက်သာမကဘဲ ဖုန်းကိုင်နိုင်ခြင်း၊ alarm ပိတ်ခြင်းနှင့် ဓါတ်ပုံရိုက်ခြင်းတို့ကို ပြုလုပ်နိုင်ခြင်းတို့ကြောင့် အချိန်ကုန်သက်သာစေပါသည်။ Notifications များအား လက်ဗွေရာ စနစ်အသုံးပြု (အောက်သို့ဆွဲချ)၍ ဝင်ရောက်နိုင် သို့မဟုတ် (နှစ်ကြိမ်နှိပ်)ပြီး ရှင်းပစ်ကာ မည်သည့်အရာများမှာ အမှန်တကယ်အရေးကြီးနေသည်ကို သိရှိနိုင်ပါသည်။ ထို့အပြင် GR5 Mini တွင် ဓါတ်ပုံများကြည့်ရာ၌ fingerprint ကို အသုံးပြု၍ ရွှေ့ကာကြည့်ရှုနိုင်မည့် လုပ်ဆောင်ချက်အသစ်ပါဝင်လာပါသည်။

**အဆင့်မြင့် Design လှပကျော့ရှင်းမှု အသွင်သဏ္ဍာန်ရှိနေခြင်း**

Huawei GR5 Mini သည် အဆင့်မြင့် လက်မှုအတတ်ပညာဖြင့် ပြုလုပ်ထားသည့် အံ့ဩမှင်သက်စရာကောင်းသော စမတ်ဖုန်းတစ်လုံးဖြစ်ပါသည်။ လက်တစ်ဖက်တည်းဖြင့် အသုံးပြုနိုင်ရန် လုံလောက်သည့် ဤစမတ်ဖုန်းကို 0.8mm အလူမီနီယံသတ္တုစပ်ဖြင့် ပြုလုပ်ထားကာ ကိုယ်ထည်တစ်ခုလုံးကို သတ္တုဖြင့် ဖန်တီးထားခြင်းဖြစ်ပါသည်။ စမတ်ဖုန်း၏ အနောက်ဖက်ကို 3D အကွေးပုံစံဖန်တီးထားပြီး သတ္တုလိုင်းများပါရှိကာ စမတ်ဖုန်းအား ကိုင်တွယ်ခြင်းကြောင့် ရရှိမည့် ခံစားချက်ကို ဒီဇိုင်းမှ အဓိကဖန်တီးပေးထားပါသည်။

**Assertive Display လျင်မြန်သော အလင်းအမှောင်အချိုးအစားချိန်ညှိမှုနှင့် လှပသောမျက်နှာပြင်**

မျက်နှာပြင် ပါဝါထိန်းချုပ်မှုနှင့်ပါဝင်သော အရာများ ထိန်းချုပ်မှုတို့ကို ပေါင်းစပ်ထားသော Huawei GR5 mini သည် ခေတ်မီနည်းပညာများမှတစ်ဆင့် လျင်မြန်သော အလင်းအမှောင်အချိုးအစားချိန်ညှိမှုကို ထောက်ပံ့ပေးထားပါသည်။ ပါဝင်သော အရာများ ချိန်ညှိမှုဆိုင်ရာ နောက်ခံအလင်း ထိန်းချုပ်မှု၊ အဓိက ဟာ့ဒ်ဝဲလ်များအပြည့်အဝပါဝင်ခြင်းနှင့်အတူ pixel တစ်ခုခြင်းစီအလိုက် ပြုပြင်မွမ်းမံခြင်းများသည် လျင်မြန်သော အလင်းအမှောင်အချိုးအစားနှင့် လှပသောမျက်နှာပြင်ကို ရရှိစေရန် စွမ်းဆောင်ပေးပါသည်။

**EMUI 4.x Optimization**

Huawei GR5 mini သည် နောက်ခံ၏ အရောင်ပေါ်မှ တည်ပြီး စာသားအရောင်များ အလိုအလျောက်ချိန်ညှိခြင်းကို ပြုလုပ်ပေးပါသည်။ ထို့ပြင် ၎င်းသည် အသုံးပြုသူများ မျက်နှာပြင်ပေါ်ရှိ စာသားများကို မည်သည့် နောက်ခံနှင့်မဆို ရှင်းရှင်းလင်းလင်းမြင်စေနိုင်ပါသည်။

Huawei Technologies (Yangon) Co., Ltd မှ တာဝန်ရှိသူတစ်ဦးမှ "GR5 ရဲ့ အောင်မြင်မှုတွေနဲ့ အခု GR5mini မှာ ပါဝင်တဲ့ ယှဉ်ပြိုင်ဘက်တွေထက်သာလွန်တဲ့ လုပ်ဆောင်ချက်တွေကြောင့် Huawei GR5mini ဟာလည်း ဈေးကွက်မှာ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားပါသည်။ ငယ်ရွယ်သော မျိုးဆက်သစ် လူငယ်များ၏ ရွေးချယ်မှုဖြစ်သော Huawei GR5 သည် ၎င်း၏ လုပ်ဆောင်ချက်၊ စွမ်းဆောင်ရည်များ၊ သင့်တင့်သော ဈေးနှုန်းနှင့် အသုံးပြုသူများ၏ မျှော်လင့်ချက်များအတိုင်း ကောင်းမွန်ကာ စိတ်ကျေနပ်မှုရှိစေခြင်းကြောင့် မြန်မာပြည်ရှိ ငယ်ရွယ်သော မိုဘိုင်းလ် အသုံးပြုသူများမှ စိတ်ကျေနပ်စွာကြိုဆိုကြပါသည်။ "Huawei GR5 နဲ့ Huawei GR5mini အပြင် အခြား Huawei အဆင့်မြင့်ဖုန်းတွေကို ကျယ်ပြန့်စွာ ရွေးချယ်ဝယ်ယူနိုင်ခြင်းတို့ကြောင့် အသုံးပြုသူတွေရဲ့ အလေ့အထနဲ့ကိုက်ညီပြီး စိတ်ကျေနပ်မှု ရရှိအောင် ဆောင်ရွက်နေပါတယ်"ဟု ဆက်လက်ပြောကြားခဲ့ပါသည်။

Huawei GR5 Mini အား မြန်မာနိုင်ငံအရပ်ရပ်ရှိ Huawei Branded Shop များနှင့် Huawei နှင့် ချိတ်ဆက်ထားသော ဖုန်းဆိုင်များတွင် ၂၁၉,၀၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး အရောင်အားဖြင့် ရွှေရောင်နှင့် ငွေရောင်တို့ကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပါသည်။

၂၀၁၆ ဇူလိုင်လ ၂ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း Huawei GR5 Mini နှင့် Y6II ဝယ်ယူအားပေးသည့် Customer တိုင်းအား Telenor မှ Free Mobile Data Package အဖြစ် တစ်လလျှင် 500MB နှုန်းဖြင့် ၃ လတိတိ Promotion အစီအစဉ်ကို ပေးအပ်သွားမည်ဖြစ်ပါသည်။








# အခြေခံလူတန်းစားတွေအတွက် အဆင်ပြေစေတဲ့

# INTEX AQUA LIFE 3

ပြည်တွင်းဈေးကွက်ထဲကိုမကြာသေးမီကမှရောက်ရှိလာတဲ့ စမတ်ဖုန်းတစ်မျိုးဖြစ်ပြီး ဈေးနှုန်းအနေ အထားအရအခြေခံလူတန်းစားတွေအပါအဝင်၊ ဝင်ငွေကောင်းတဲ့ အလယ်အလတ်လူတန်းစားများ၊ အထက်တန်းစားပုဂ္ဂိုလ်များပါ ကိုင်ဆောင်နိုင်တဲ့ စမတ်ဖုန်းတစ်မျိုးရှိပါတယ်။ အခြေခံလူတန်းစားတွေအတွက်ကတော့ ဈေးနှုန်းသက်သာပြီး Screen ကြီးကြီးကိုင်ဆောင်အသုံးပြုရတဲ့အတွက် ကျေနပ်မှုဖြစ်စေပါတယ်။ အလယ်အလတ်လူတန်းစားတွေအတွက်ကတော့ နည်းပညာပိုင်းလည်းမြင့်မားပြီး စမတ်လည်းကျတဲ့အတွက် သုံးစွဲမှုအပိုင်းမှာအားရစေပါတယ်။ ဒါကြောင့် လူတန်းစားမရွေးသုံးစွဲနိုင်တဲ့ စမတ်ဖုန်းကို သုံးစွဲသူတွေရင်းနှီးမှုရှိစေရန်အတွက်ယင်းဖုန်းရဲ့ အားသာချက်အားနည်းချက်များနှင့် အသုံးပြုနိုင်တဲ့နည်းပညာများကို မိတ်ဆက်ပေးလိုက်ပါတယ်။

## မျက်နှာပြင်နှင့် ကိုယ်ထည်

Intex Aqua Life 3 ရဲ့မျက်နှာပြင်ဟာ ၅ လက်မအရွယ်အစားရှိပြီး အမှတ်မထင်ကြည့်လိုက်ပါက HTC ဒီဇိုင်းနှင့်ခပ်စင်စင်တူပါတယ်။ ဖုန်းကိုယ်ထည်ရဲ့ အလျားအနံ၊အမြင့်ကတော့ 145.00×73.20×8.90(mm)သာရှိတဲ့အတွက် မထူမပါးဒီဇိုင်းမျိုးဖြစ်ပါတယ်။ အလေးချိန်အားဖြင့် 157(g)သာရှိတဲ့အတွက် မထူမပါးကိုယ်ထည်ကိုပေါ့ပါးစွာနဲ့ကိုင်ဆောင်ရသလို ခံစားရမှာဖြစ်ပါတယ်။ ထိတွေ့မျက်နှာပြင်မှာ အရည်အသွေးမြင့် Higher Capacity Touchscreen ကိုတပ်ဆင်ပေးထားပြီး ကြည့်ရှုမျက်နှာပြင်ရဲ့ရုပ်ထွက်အရည်အသွေးပိုင်းကတော့ 720×1280 pixels ရှိတဲ့အတွက် အရည်အသွေးမြင့် ဗီဒီယိုတွေကိုခံစားကြည့်ရှုရာမှာ HD အရည်အသွေးအတိုင်းကြည့်ရှုခံစားနိုင်မှာဖြစ်ပါတယ်။ ထိတွေ့မျက်နှာပြင်ရဲ့ အရည်အသွေးမြင့်မားမှုကြောင့် လိုရာကဏ္ဍကိုအလွယ်တကူကူးပြောင်းနိုင်ပြီး ဖုန်းအတွင်းပါ မူရင်း Icon တွေကလည်းအလွန်စမတ်ကျပါတယ်။

## နည်းပညာတည်ဆောက်မှု

Intex Aqua Life 3 ရဲ့နည်းပညာပိုင်းတည်ဆောက်ထားပုံကအဆင့်မြင့်ကြီးတော့မဟုတ်ပေမယ့် ရောင်းချထားတဲ့တန်ဖိုးနဲ့နှိုင်းယှဉ်လိုက်ရင်တော့ အဆမတန်၊တန်နေတာကိုတွေ့ရပါတယ်။ ဘာကြောင့်လည်းဆိုတော့ Processor အပိုင်းကိုကြည့်ခြင်းအားဖြင့်သိနိုင်ပါတယ်။ Processor မှာ 1.2GHz quad-core ဖြစ်ပြီး Chipset အားဖြင့် Spreadtrum 7731 ကိုအသုံးပြုထားတဲ့အတွက် ဂိမ်းအမြင့်တွေကိုကောင်းစွာကစားနိုင်ပါတယ်။ Android 5.1 ရှိတဲ့အတွက် မြန်မာနိုင်ငံနည်းပညာနဲ့ ကိုက်ညီမှုရှိတယ်လို့ဆိုနိုင်ပါတယ်။

## ဓာတ်ပုံရိုက်ဝါသနာပါသူတွေအတွက်

ဓာတ်ပုံရိုက်ဝါသနာပါသူတွေအတွက် ကျောဖက်ကင်မရာ 5-megapixel ရှိတဲ့အတွက် ရှုခင်းပုံတွေကိုရိုက်ကူးရာမှာတော့ အခြားစမတ်ဖုန်းတွေလောက်တော့မကောင်းနိုင်ပေမယ့် ပေးထားတဲ့တန်ဖိုးနဲ့ကိုက်ညီအောင်တော့ အရည်အသွေးအလယ်အလတ်သုံးစွဲပေးထားပါတယ်။ ရှေ့ဖက်ကင်မရာမှာ 0.3-megapixel ရှိတဲ့အတွက် Selfie သမားတွေကိုတော့အနည်းငယ်စိတ်ပျက်စေမယ်လို့ထင်ပါတယ်။ သို့သော် တကယ်တမ်းကြတော့ 0.3-megapixel ဆိုတာထုတ်ပြန်ချက်အရတာဖြစ်ပြီး လက်တွေ့မှာတော့ 3-megapixel လောက်ရှိပါတယ်။ Selfie ပုံတွေရိုက်ကူးရာမှာ မထင်ရလောက်အောင်ကောင်းမွန်ပြီးကြည် လင်ပြတ်သားတဲ့ရုပ်ထွက်အရည်အသွေးတွေကိုရရှိစေတဲ့အတွက်သုံးစွဲသူတွေအတွက်တော့ တကယ့်ကိုတန်တဲ့စမတ်ဖုန်းတစ်လုံးဖြစ်စေပါတယ်။

## အချက်အလက်များများ သိုလှောင်ချင်သူတွေအတွက်

ဒီအချက်ကတော့ မချီးကျူးဘဲမနေနိုင်တော့ပါဘူး။ပေးရတဲ့တန်ဖိုးက ၁သိန်းဝန်းကျင်မျှသာရှိပြီး ပြန်ရလိုက်တဲ့ အရည်အသွေးပိုင်းက သုံးသိန်းဖိုးလောက်ရှိတဲ့စမတ်ဖုန်းတစ်လုံးကိုရရှိလိုက်သလိုကိုခံစားရစေပါတယ်။လူတန်းစားမရွေးသုံးစွဲနိုင်တဲ့ ဒီစမတ်ဖုန်းမှာ အားသာချက်တစ်ခုကတော့ ဖုန်းအတွင်း မှတ်ဉာဏ်အပိုင်းပဲဖြစ်ပါတယ်။ ဖုန်းအတွင်းပါရှိမှတ်ဉာဏ်ပမာဏမှာ ROM 8GB ရှိပြီး RAM1GB ရှိတဲ့အတွက် အရေးကြီးအချက်အလက်တွေကို များများစားစားမှတ်သားထားလိုသူတွေအတွက်တော့ တကယ်ကိုဟန်ကျစေပါတယ်။ အချို့ဆိုရင် အပိုမှတ်ဉာဏ်ကိုထပ်မံမဖြည့်သွင်းလိုတဲ့ သူတွေလည်းရှိကြလေတော့ ဒီမှတ်ဉာဏ်ပမာဏနဲ့ဆိုအတော်လေးလုံလောက်သွားပါတယ်။ အချို့အချက်အလက်ကို ဖုန်းတွင်းပါမှတ်ဉာဏ်နဲ့မလုံလောက်ဘူးဆိုရင်လည်း စိတ်ပူစရာမလိုပါဘူး အပိုမှတ်ဉာဏ်ပမာဏကို 32 GB အထိတိုးမြှင့်နိုင်ပါတယ်။

## ၁၂ မျိုးအထိသုံးနိုင်တဲ့ Gesture Control

ယခင်ထွက်ရှိထားတဲ့ Intex စမတ်ဖုန်းတွေထက် ပိုမိုကောင်းမွန်လာတာကတော့ Gesture Control အပိုင်းပဲဖြစ်ပါတယ်။ Inte_ Aqua Life 3 ရဲ့ Gesture Control အသုံးပြုနိုင်တဲ့အပိုင်းမှာ ၁၂ မျိုးအထိ သုံးစွဲလာနိုင်ပါတယ်။ Gesture Control ထဲမှာပါဝင်တဲ့ သတ်မှတ်အင်္ဂလိပ် အက္ခရာများအတိုင်း Screen ပိတ်ထားစဉ်မှာ ရေးဆွဲလိုက်မည်ဆိုပါက၊ သီချင်း၊ကင်မရာ၊ဓာတ်ပုံစနစ်၊ဖုန်းခေါ် ဆိုခြင်း၊ Application သို့တိုက်ရိုက်သွားရောက်ခြင်းစသည်ဖြင့်ရွေးချယ်သတ်မှတ်နိုင်ပါတယ်။ သတ်မှတ်အင်္ဂလိပ်အက္ခရာများကိုတော့ ပြောင်းလဲရွေးချယ်လို့မရပေမယ့် ယင်းစားလုံးကိုရေးဆွဲလိုက်ပါက မိမိအလိုရှိရာ App များ၊ ကဏ္ဍများ၊ အရေးကြီး Icon များကိုတော့ စိတ်ကြိုက်သတ်မှတ်ရွေးချယ်နိုင်ပါတယ်။



## လုံခြုံရေးနှင့် ဘက်ထရီ၊ ကွန်ရက်

မိမိဖုန်းလုံခြုံရေးအပိုင်းအနေနဲ့အသုံးချမှုကိုတော့ အမျိုးအစား ၄ မျိုးအထိရွေးချယ်အသုံးပြုနိုင်ပါတယ်။ ရွေးချယ်နိုင်တဲ့အပိုင်းတွေကတော့ ယခင် Intex စမတ်ဖုန်းတွေအတိုင်းပါပဲ။Swip, Patten, Pin, Password စတဲ့အပိုင်းတွေကိုရွေးချယ်နိုင်ပါတယ်။ ဘက်ထရီအပိုင်းကတော့ 2000mAh ရှိတဲ့ ဘက်ထရီကိုတပ်ဆင်ပေးထားတဲ့အတွက် အချိန်ကြာကြာဖုန်းပြောတာ၊ ဂိမ်းဆော့တာ၊ အင်တာနက်သုံးစွဲတာတွေကိုပြုလုပ်နိုင်ပါတယ်။ ကွန်ရက်အပိုင်းကတော့ GSM ကွန်ရက်တွေမှာအသုံးပြုရမှာဖြစ်ပြီး ဆင်းကတ်နှစ်ကတ်တစ်ပြိုင်တည်းသုံးစွဲနိုင်ပါတယ်။

## အားနည်းချက်

Intex Aqua Life 3 ရဲ့အဓိကအားနည်းချက်ကတော့ အချိန်ကြာကြာ Screen ကိုဖွင့်ထားပြီးသုံးစွဲ မယ်ဆိုရင်တော့ ထိတွေမျက်နှာပြင်မှာအနည်းငယ်လေးလံလာပါတယ်။ ဒါမျိုးမဖြစ်အောင်တော့ အထူးသတိပြုသုံးစွဲရပါမယ်။ ကင်မရာပိုင်းကလည်း ကျောဘက် ကင်မရာမှာ megapixel အားနည်းတဲ့အတွက် အချို့နောက်ခံပုံရိပ်တွေဆိုဝေဝါးနေတတ်ပါတယ်။ ဒါပေမယ့် ညပိုင်းမှာတော့ HDR စနစ်နဲ့ရိုက်ကူးမယ်ဆိုရင်ကြည်လင်ပျက်သားတဲ့နောက်ခံပုံရိပ်တွေကိုရရှိစေမှာဖြစ်လို့ အမှောင်ဦးစားပေးစမတ်ဖုန်းလို့ခေါ် လည်းရနိုင်ပါတယ်။

## အားသာချက်နှင့် ဈေးနှုန်း ဝန်ဆောင်မှု

အားသာချက်ကတော့ သိုလှောင်နိုင်စွမ်းမှတ်ဉာဏ်မှာများပြားတဲ့ပမာဏဖြစ်လို့ သုံးစွဲရာမှာစိတ်ချမ်းသာစေပါတယ်။ Gesture Control ၁၂မျိုးအထိသုံးစွဲလာနိုင်ခြင်း၊ ဈေးနှုန်းသက်သာခြင်းတို့ဖြစ်ပါတယ်။ တန်ဖိုးအားဖြင့် ၁၂၀,၀၀၀ ကျပ်ဖြစ်ပြီး အရောင်အားဖြင့် ကာလာ ၂ မျိုးနှင့်ဝင်ရောက်လာကာ အနက်ရောင်နှင့်ရွှေရောင်ဆိုပြီးရွေးချယ်နိုင်ပါတယ်။ ဝန်ဆောင်မှုအပိုင်းကတော့ အာမခံ ၁ နှစ်ပေးထားပြီး MPT နှင့်ပူးပေါင်းဆောင်ရွက်ထားတဲ့အတွက် အထူးအခွင့်အရေးဖြစ်သော MPT ပရိုမိုးရှင်းကိုလည်းရရှိမှာဖြစ်ကာ ကုမ္ပဏီကပေးအပ်တဲ့အထူးလက်ဆောင် ၅ မျိုးကိုလည်းရရှိမှာဖြစ်ပါတယ်။စိတ်ဝင်စားပါကဖုန်း ၀၉-၄၅၃၁၁၉၈၂၁၁ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။



htc

## HTC 10 Lifestyle ကို ဥရောပမှာရောင်းပြီ



HTC 10 ရဲ့ တန်ဖိုးနည်းဗားရှင်းဖြစ်တဲ့ HTC 10 Lifestyle ကို ဥရောပမှာစတင်ရောင်းချပေးလိုက်ပါတယ်။ နယ်သာလန် အွန်လိုင်းအရောင်းဆိုင်မှာ ရောင်းချပေးနေပါတယ်။ HTC 10 Lifestyle ဟာတန်ဖိုးနည်းတဲ့အတွက် HTC 10 ထက် Hardware အပိုင်းမှာ လည်း လျော့နည်းပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရည်ရွယ်ထုတ်လုပ်တယ်လို့ထင်ရပေမယ့် အခုတော့ ဥရောပနိုင်ငံများမှာလည်း ရောင်းချပေးလိုက်ပါတယ်။ HTC 10 Lifestyle ကို ယူရိုနယ်သာလန်မှာ ၆၇၉ သတ်မှတ်ထားပြီး HTC 10 ထက် ယူရို ၄၄ သက်သာပါတယ်။ HTC 10 ကိုလည်းနယ်သာလန်မှာ ရောင်းချပေးနေပါတယ်။ HTC 10 Lifestyle မှာ Snapdragon 652 SoC ထည့်သွင်းထားပါတယ်။ HTC 10 မှာတော့ စွမ်းရည်မြင့် Snapdragon 820 ထည့်သွင်းထားတာ ဖြစ်ပါတယ်။ HTC 10 ထက် 1GB RAM လျော့နည်းတဲ့ 3GB RAM ကို HTC 10 Lifestyle မှာထည့်သွင်းထားပါတယ်။

## ယခင် Xbox Manager က HTC ထံအလုပ်ပြောင်းရွှေ့



ယခင် Xbox Manager ဖြစ်သူ Rahul Sandil ဟာ HTC Vive Content Store အတွက် Global Marketing ဌာနမှာ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မှာ ဖြစ်ပါတယ်။ သူဟာ Microsoft ရဲ့ Xbox Xme မှာ Community Relations ဌာနကို တာဝန်ယူခဲ့သူလည်းဖြစ်ပါတယ်။ သူ့ရဲ့ LinkedIn Page မှာဖော်ပြထားချက်အရ Vive Virtual Reality Headset အတွက် Content များကိုဖန်တီးဖို့ တာဝန်ယူရမှာဖြစ်ပါတယ်။ သူဟာ VR Content Developers များကို သူတို့ရဲ့ ပလက်ဖောင်းအတွက် အလုပ်လုပ်ပေးဖို့ စွဲဆောင်ရမှာဖြစ်ပါတယ်။ Vive ဟာစွမ်းဆောင်ရည်မြင့် ပီစီအခြေပြု VR System ဖြစ်ပါတယ်။ ၂၀၂၀ ခုနှစ်မှာ VR ဈေးကွက်ဟာသန်း ၃၀ လောက် တန်ကြေးရှိလာမယ်လို့ ကျွမ်းကျင်သူများကသုံးသပ်ပါတယ်။

lenovo

## Lenovo က သူ့ရဲ့ပထမဆုံး Windows 10 Phone ကို မိတ်ဆက်



Lenovo က သူ့ရဲ့ ပထမဆုံး Windows 10 OS ထည့်သွင်းထားတဲ့ စမတ်ဖုန်းကိုမိတ်ဆက်လိုက်ပါတယ်။ SoftBank 503LV လို့ အမည်ပေးထားပါတယ်။ နာမည်အတိုင်းပဲဂျပန် Carrier ဖြစ်တဲ့ SoftBank ကနေပဲရောင်းချမှာ ဖြစ်ပါတယ်။

SoftBank 503LV မှာ ၅ လက်မ HD Display တပ်ဆင်ထားပါတယ်။ 3GB RAM, 32GB Internal Storage ထည့်သွင်း ထားပါတယ်။ အနောက်ဘက်မှာ 8 Megapixel Camera နဲ့ အရှေ့ဘက်မှာ 5 Megapixel Camera တပ်ဆင်ထားပါတယ်။ 2250mAh Battery ပါရှိပါတယ်။

## Lenovo က စွမ်းရည်နိမ့် Vibe A ကိုမိတ်ဆက်



Lenovo က ရုရှားမှာစမတ်ဖုန်းအသစ်တစ်လုံးကို မိတ်ဆက်လိုက်ပါတယ်။ Vibe A လို့ အမည်ပေးထားပြီးယခင်နှစ်ထုတ် A1000 စမတ်ဖုန်းရဲ့မျိုးဆက်ဖြစ်ပါတယ်။ Vibe A မှာ ၄ လက်မ 800×480 Display တပ်ဆင်ထားပါတယ်။ အနောက်ဘက်မှာ 5MP Camera ကို LED Flash နဲ့ တွဲဖက်ထားပါတယ်။ အရှေ့ဘက်မှာ 0.3MP Camera ပါရှိပါတယ်။ 512MB RAM, 4GB Internal Storage, 1700mAh Battery တပ်ဆင်ထားပါတယ်။

Lenovo Vibe A မှာ 1.3GHz Quad-Core CPU တပ်ဆင်ထားတဲ့ Spreadtrum SC7731 SoC မောင်းနှင်မှာဖြစ်ပါတယ်။ Android 5.1 Lollipop မောင်းနှင်မှာဖြစ်ပါတယ်။ Dual-SIM စွမ်းရည်ပါရှိပေမယ့် 4G LTE ကွန်ရက်ကိုတော့ ထောက်ပံ့ပေးခြင်းမရှိပါဘူး။ အနက်နဲ့ အဖြူရောင်များ ထုတ်လုပ်ပေးထားပါတယ်။ စွမ်းရည်နိမ့်တဲ့အတွက် ဈေးနှုန်းသက်သာမှာဖြစ်ပေမယ့် Lenovo က ဈေးနှုန်းကိုမကြေညာသေးပါဘူး။

LG

## LG Action Cam LTE ကိုရောင်းပြီ



LG G5 ရဲ့ Accessories တစ်ခုဖြစ်တဲ့ LG Action Cam LTE ကိုမိတ်ဆက်လိုက်ပါတယ်။ LG G5 ရဲ့ Accessories များကို LG က Friends လို့ အမည်ပေးထားပါတယ်။ LG က G5 Friends များစွာထုတ်လုပ်ပေးထားပါတယ်။ အဲဒီအထဲမှာ VR Headset, Camera, 360 Camera, Hi-Fi Audio တို့ ပါဝင်ပါတယ်။ အခု နောက်ဆုံး Friend မှာ Action Cam LTE ဖြစ်ပြီး တောင်ကိုရီးယားမှာရောင်းချပေးလိုက်ပါပြီ။ ကင်မရာဟာ IP67 စံနှုန်းရှိပြီရေစိုခံနိုင်ပါတယ်။ ဖုန်နဲ့ သဲများ ဝင်အောင်လည်း ပြုလုပ်ပေးထားပါတယ်။ တစ်မီတာရေအောက်ထဲမှာ ၃၀ မိနစ်ကြာထားရှိအသုံးပြုနိုင်ပါတယ်။ Snapdragon 650 Processor, 2GB RAM, 4GB Storage, 123MP Wide Angle Camera တပ်ဆင်ထားပါတယ်။ ကင်မရာက 4G LTE နဲ့ 3G ဆက်သွယ်မှုကိုထောက်ပံ့ပေးတဲ့အတွက် YouTube Live, Facebook Live တို့မှာဗီဒီယိုများတိုက်ရိုက် ရိုက်ကူးထုတ်လွှင့်နိုင်ပါတယ်။

## LG K10 နဲ့ G Pad X 8.0 ကို AT&T ကနေရောင်းပြီ



အမေရိကန် မိုဘိုင်းလ်အော်ပရေတာ AT&T က ဈေးနှုန်းသက်သာတဲ့ Android Device များကိုရောင်းချပေးလိုက်ပါတယ်။ LG K10 စမတ်ဖုန်းနဲ့ LG G Pad X 8.0 တက်ဘလက် ဖြစ်ပါတယ်။ ဇူလိုင် လ ၂၂ ရက်နေ့မှာစတင်ရောင်းချပေးလိုက်ပါတယ်။ K10 ကိုတစ်လလျှင် ၆ ဒေါ်လာဖြင့် လပေါင်း ၃၀ အရစ်ကျဝယ်ယူနိုင်ပါတယ်။ G Pad X 8.0 ကို ၂ နှစ်စာချုပ်ဖြင့် ဝယ်ယူလျှင် ၄၉. ၉၉ ဒေါ်လာကျသင့်မှာပါ။

K10 မှာ ၅. ၃ လက်မ HD Display, 8MP Rear Camera, 5MP Front Camera, 2300mAh Battery, microSD Card Slot များတပ်ဆင်ထားပါတယ်။ အခြား Specification များကိုတော့ AT&T က မကြေညာသေးပါဘူး။ G Pad X 8.0 မှာ ၈ လက်မ 1920×1200 Pixels Display, Qualcomm Snapdragon 615 SoC, 2GB RAM, 16GB Storage, 5MP Rear Camera, 5MP Front Camera တပ်ဆင်ထားပါတယ်။ 4G LTE ကိုထောက်ပံ့ပါတယ်။

SONY

## Sony က 4K TV အသစ်များကိုမိတ်ဆက်



Sony က 4K TV အသစ်များကိုမိတ်ဆက်လိုက်ပါတယ်။ Z Series များဖြစ်ပြီး မျက်နှာပြင်အရည်အသွေးမှာ X Series များထက်သာလွန်ပါတယ်။ HDR ကို ထောက်ပံ့ပေးပြီး 4K Image Processor လည်းပါပါတယ်။ အရောင်တိကျမှုနဲ့ ကြည်လင်ပြတ်သားမှုအပိုင်း မှာအလွန်ကောင်းမွန်ပါတယ်။ Google ရဲ့ Android TV OS ထည့်သွင်းထားပါတယ်။

Z Series ကို မော်ဒယ်သုံးမျိုးထုတ်လုပ်ပေးထားပြီး ၆၅ လက်မကို ၆၉၉၉ ဒေါ်လာ၊ ၇၅ လက်မကို ၉၉၉၉ ဒေါ်လာသတ်မှတ်ထားပါတယ်။ ၁၀၀ လက်မရဲ့ ဈေးနှုန်းကိုတော့ ကြေညာခြင်းမရှိသေးပါဘူး။ ၆၅ လက်မနဲ့ ၇၅ လက်မမော်ဒယ်ကို ကြိုတင်မှာယူနိုင်ပါပြီ။ ၁၀၀ လက်မမော်ဒယ်ကိုရောင်းချမယ့်နေ့ကိုမသိရသေးပါဘူး။

## Sony Xperia XA နဲ့ X Performance တို့ကို အမေရိကန်မှာရောင်းပြီ



Sony က Xperia X ကို ဇွန်လမှာ အမေရိကန်မှာရောင်းချပေးခဲ့ပါတယ်။ အခုတော့ Xperia XA နဲ့ X Performance တို့ကိုအမေရိကန်မှာ ရောင်းချပေးလိုက်ပါတယ်။ Amazon, Best Buy, Regan Wireless တို့ကနေဝယ်ယူနိုင်ပါတယ်။

အမေဇုန်က X Performance ကိုဒေါ်လာ ၇၀၀ နဲ့ XA ကိုဒေါ်လာ ၂၇၆ သတ်မှတ်ထားပြီး Xperia XA နဲ့ 64GB Memory Card ၂ ခုပေါင်းကို ၂၈၀ ဒေါ်လာသတ်မှတ်ထားပါတယ်။ Xperia XA Ultra ကိုတော့ အမေရိကန်မှာ ဇူလိုင် ၂၄ ရက်နေ့မှာ စတင်ရောင်းချပေးမှာဖြစ်ပါတယ်။

# မျက်နှာပြင်ကြီးစမတ်ဖုန်းသစ်ဖြစ်သည့် Samsung Galaxy A9 Pro 2016 ကို မြန်မာနိုင်ငံဈေးကွက်တွင် စတင်ဝယ်ယူနိုင်



Galaxy A9 Pro 2016 သည် ၂၀၁၄ အောက်တိုဘာလတွင် ပထမဆုံးအကြိမ် စတင်မိတ်ဆက်ခဲ့သော Galaxy A series ၏ နောက်ဆုံးထွက်စမတ်ဖုန်းမော်ဒယ်အမျိုးအစားအသစ်ကို ယခုလတွင် စတင်မိတ်ဆက်လိုက်ပြီး ဈေးကွက်တွင် စတင်ဝယ်ယူအသုံးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစမတ်ဖုန်းအား ယခင်ထုးခြားဆန်းပြားသော မူလဒီဇိုင်းအား သတ္တုနှင့်ဖန်သားပြင်တို့၏ ပေါင်းစပ်မှုဖြင့် အကောင်းမွန်ဆုံးသော ဒီဇိုင်းဖြစ်စေရန် အသစ်တစ်ဖန်ပြန်လည် အဆင့်မြှင့်တင်ပြီး ဆန်းသစ်ဖန်တီးထားခြင်းဖြစ်သည်။ အလွန်လျှင်မြန်သည့် အားသွင်းစနစ်ကို ထည့်သွင်းထားခြင်းကြောင့် သုံးစွဲသူများ၏ နေ့စဉ်လူနေမှုဘဝတွင် ပိုမိုလွယ်ကူအဆင်ပြေစေမည်ဖြစ်ပြီး ကင်မရာအရည်အသွေးနှင့် စွမ်းဆောင်ရည်များကိုလည်း ပိုမိုကောင်းမွန်သော သုံးစွဲမှုအတွေ့အကြုံအား ရရှိပိုင်ဆိုင်နိုင်စေရန် အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။

"အခုနောက်ပိုင်းမှာ မျက်နှာပြင်ကြီးပြီး စွမ်းဆောင်ရည်မြင့်တဲ့ စမတ်ဖုန်းကိုလိုချင်တဲ့လူတွေများလာတာကြောင့် ဒီ Galaxy A9 Pro ဟာ တကယ်ကိုသင့်တော်တဲ့ ဖုန်းအမျိုးအစားတစ်ခုဖြစ်ပါတယ်။ ဒီ Galaxy A9 Pro 2016 က 4G နဲ့ 3G စနစ်နှစ်မျိုးလုံးကို တစ်ပြိုင်နက်အသုံးပြုနိုင်တဲ့ Dual SIM (Nano-SIM+Nano-SIM) အမျိုးအစားဖြစ်တဲ့အပြင် ဖုန်းတွင်းမှတ်ဉာဏ်ကို 128 GB အထိ တိုးမြှင့်အသုံးပြုနိုင်တဲ့ Micro SD card slot လည်းပါဝင်ပါတယ်" ဟု ကိုဇာနည်ဝင်းထက်မှ ဖြည့်စွက်ပြောသည်။

Galaxy A9 Pro 2016 သည် 1920×1080 Pixels ရှိ Full HD အရည်အသွေးနှင့် Gorilla Glass 4 Protection တို့ပါဝင်သော ကြီးမားကျယ်ပြန့်သော ၆ လက်မအရွယ်အစားရှိ မျက်နှာပြင်ကြောင့် ယခုလက်ရှိအချိန်တွင် Samsung ၏ မျက်နှာပြင်ကြီး အရည်အသွေးမြင့် Phablet အမျိုးအစားများအနက် တစ်ခုအပါအဝင်ဖြစ်လာခဲ့သည်။ ထို့အပြင် စွမ်းဆောင်ရည်မြင့် 1.8 GHz ရှိသည့် octa-core Qualcomm Snapdragon 652 chipset နှင့်အတူ 4GB RAM ကိုလည်း အဆိုပါဖုန်းတွင် ထည့်သွင်းထားသည်။

ကင်မရာပိုင်းတွင် Galaxy A9 Pro 2016 ၌ f/1.9 aperture, LED flash နှင့် OIS တို့ပါဝင်သော 16 MP ရှိ ကင်မရာအားထည့်သွင်းထားပြီး အရှေ့ကင်မရာတွင်လည်း ထပ်တူညီသည့် aperture နှင့်အတူ sensor ပါဝင်ပြီး 8MP အရည်အသွေးရှိခြင်းကြောင့် လက်ရှိဈေးကွက်အတွင်းတွင် အကောင်းဆုံးသော selfie ကင်မရာအဖြစ် ရပ်တည်လျက်ရှိသည်။

ဖုန်းတွင်းမှတ်ဉာဏ်သိမ်းဆည်းမှုပိုင်းတွင် မူလဖုန်းတွင်းမှတ်ဉာဏ် 32 GB ပါဝင်ပြီး microSD ကဒ် ထည့်သွင်းခြင်းဖြင့် 128 GB အထိ ထပ်မံတိုးမြှင့်အသုံးပြုနိုင်မည်ဖြစ်သည်။ ကြီးမားသည့် မျက်နှာပြင်အား ထောက်ပံ့ပေးနိုင်ရန်အတွက် 5000 mAh ရှိသည့် ဘက်ထရီပါဝင်သည်။ Galaxy A9 Pro 2016 စမတ်ဖုန်းသစ်အားမိတ်ဆက်မှုနှင့်အတူ Samsung Myanmar မှ မြန်မာနိုင်ငံရှိ သုံးစွဲသူများအား Samsung အမှတ်တံဆိပ် 32 GB micro SD card အား လက်ဆောင်အဖြစ်ပေးအပ်သွားမည်ဖြစ်သည့်အပြင် Samsung Myanmar မှ Ooredoo Myanmar နှင့် ပူးပေါင်းလက်တွဲ၍လည်း A9 Pro 2016 ဝယ်ယူသုံးစွဲသူများအား ပရိုမိုးရှင်းခံစားခွင့်များပါဝင်သည့် Ooredoo SIM card တစ်ကဒ်အား လက်ဆောင်အဖြစ်ထည့်သွင်းပေးသွားမည်ဖြစ်သည်။ ဝယ်ယူသုံးစွဲသူများအနေဖြင့် အဆိုပါ Ooredoo SIM card အား A9 Pro 2016 ဖုန်းအသုံးပြု၍ ၅၀၀၀ ကျပ်တန်ဖုန်းငွေဖြည့်ကဒ်ထည့်သွင်းအသုံးပြုခြင်းဖြင့် 1-GB 4G Plus အင်တာနက်အသုံးပြုမှုအား အခမဲ့ရရှိခံစားခွင့်ရှိမည်ဖြစ်သည်။ အဆိုပါ အထူးခံစားခွင့်ပရိုမိုးရှင်းအစီအစဉ်ကာလသည် နိုဝင်ဘာလ ၂၀ ရက် ၂၀၁၆ ခုနှစ်အတွင်း A9 Pro ဝယ်ယူသုံးစွဲသူများအနေဖြင့်ခံစားခွင့်ရှိမည်ဖြစ်ပါတယ်။

## Samsung Galaxy Tab S3 စက်တင်ဘာ ၁ ရက်နေ့ထွက်မည်မှန်း




Galaxy Tab S2 အား နိုးအိသွားသူများအဖို့ ယခုအခါ Galaxy Tab S3 အား မျှော်နိုင်ပြီဖြစ်ကြောင်း၊ လာမည့်စက်တင်ဘာ ၁ ရက်နေ့တွင် ပွဲထုတ်မည်ဖြစ်ကြောင်း ရုရှားဂျာနယ်လစ် Eldar Murtazin ၏ blog ၌ ဖော်ပြထားသည်။ ယင်းခန့်မှန်းချက်များမှာ မှန်သည်လည်းရှိ မှားသည်လည်းရှိ၍ ကျိန်းသေယူဆ၍မဖြစ်နိုင်ချေ။ Sam Mobile သတင်းတွင်ဖော်ပြချက်အရ စက်တင်ဘာ ၁ ရက်နေ့၌ တကယ်ထွက်ရှိလာဖွယ်ရှိသည့် product မှာ Samsung Gear S3 စမတ်နာရီဖြစ်သည်ဟုဆိုသည်။ သေချာသည့်သတင်းတစ်ရပ်မှာ ဖုန်းလောက၏ ထူးမခြားနား me-too design ဖုန်းများနှင့် လုံးဝတော်လှန်ကွဲပြားသည့်ပုံစံဒီဇိုင်းအသစ်ဖြင့် ထွက်လာမည့် Galaxy Note 7 သည် လာမည့် ၂ ပတ် တစ်နည်း ဩဂုတ် ၂ ရက်နေ့၌ထွက်ရှိလာမည်ဖြစ်သည်။ Samsung အနေဖြင့် product အသစ်အဆန်း တစ်မျိုးပွဲထုတ်ပြီး မရှေးမနှောင်းတွင် အခြား product အသစ်များအား ပွဲထုတ်မည်လားဆိုသည်မှာ သံသယဖြစ်ဖွယ်ဖြစ်သည်။ ယင်းသို့လုပ်ဆောင်လိုက်ပါက ဝယ်ယူအားပေးသူများ စိတ်ရှုပ်ထွေးမျက်စိလည်ပြီး ကိုယ့်ပစ္စည်းကိုယ်သတ်သလိုဖြစ်သွားနိုင်၍ဖြစ်သည်။ အစဉ်အလာအားဖြင့်ဆိုလျှင် Galaxy Tab S2 မှာ ပြီးခဲ့သည့်နှစ်ဇူလိုင်လ အတွင်းထွက်ရှိခဲ့ပြီး Gear S2 စမတ်နာရီသည်လည်း ဩဂုတ်လအတွင်း ထွက်ရှိခဲ့ဖူးသည်။ ယင်းအစဉ်အလာမှန်လျှင် Galaxy Tab S3 နှင့် Gear S3 တို့ စက်တင်ဘာ ၁ ရက်နေ့၌ တစ်ပြိုင်နက်တည်း ထွက်လာဖွယ်ရှိသည်ဟုလည်း ခန့်မှန်းလျက်ရှိသည်။

## Samsung အဆင့်မြင့်နည်းပညာများပုံအောထားသည့် Galaxy Note 7




ရှေ့လာမည့် ၂ ပတ်တာကာလအတွင်း Samsung ၏ အဆင့် မြင့်နည်းပညာများ ပုံအောထားသည့် Galaxy Note 7 ထွက်လာမည်ဖြစ်သည်။ ဖုန်းလောက၌ တစ်ဦးနှင့်တစ်ဦး သူမသာကိုယ်မသာ me-too design များဖြစ်နေသည်မှ လုံးဝကျော်လွန်ဖောက်ထွက်သည့်ဖုန်းဖြစ်မည်ဟုဆိုသည်။ ပိုင်ဆိုင်မှုများသည့် ဖုန်းလောက၌ ဖုန်းတစ်လုံးအား အကောင်းဆုံးအဆင့်မြင့်ဆုံး နောက်ဆုံးထွက် high-end specs များဖြင့် ထုတ်လုပ်လိုက်သော်လည်း ယင်းဖုန်းသည် ထိပ်ဆုံး၌ ကြာကြာဝိုလ်စွဲထားနိုင်ခြင်းမရှိဘဲ များမကြာမီ ပြိုင်ဘက်များက အချိန်တိုတိုအတွင်း အမီလိုက်ထုတ်လာနိုင်ခြင်းဖြစ်သည်။

Samsung ၏ ဦးတည်ချက်မှာ ယင်း၏နောက်ဆုံးထုတ် high-end စမတ်ဖုန်းများအား specs အရသာ အဆင့်မြင့်ထားခြင်းမကဘဲ အခြားမည်သူမှမထိရဲသေးသည့် လုံးဝကွဲပြားခြားနားသော Form Factor ဖြင့်ထုတ်လုပ်ရန်ဖြစ်သည်။ Bloomberg သတင်းတွင်ဖော်ပြချက်အရ Samsung အနေဖြင့် ယခုနှစ်အတွင်း ပြိုင်ဘက်များနှင့် specs နှင့် ပုံစံဒီဇိုင်း တစ်မူထူးခြားကွဲပြားပြီး လုံးဝတော်လှန်ဆန်းသစ်သည့် ဖုန်း model အသစ် ၂ မျိုးထုတ်လုပ်ဖြန့်ချိလိမ့်မည်ဟုဆိုသည်။ ရှေ့လာမည့် နှစ်ပတ်အတွင်း ထွက်လာမည့် Galaxy Note 7 ၌ Foldable Screen ပါရှိလာမည်ဟု သတင်းရပ်ကွက်များမှ ခန့်မှန်းလျက်ရှိသည်။ အခြားပြိုင်ဘက်များထက် အားသာချက်မှာ Samsung Display သည် ကမ္ဘာ့အကြီးဆုံး display ထုတ်လုပ်သူဖြစ်နေခြင်းဖြစ်သည်။ ကိုယ်တိုင်လည်း ဖုန်းထုတ်လုပ်၍ အခြားပြိုင်ဘက်များအတွက်လည်း display များ ထုတ်လုပ်ပေးသွင်းနေသည့် mobile IOEM ဖြစ်သည်။ ဖုန်းထုတ်လုပ်သူများ၌ ကိုယ်ပိုင် display ထုတ်လုပ်နိုင်သူဆို၍ LG နှင့် Sony သာရှိသည်။

ဝင်းစံ

# ၂၀၁၆ ခုနှစ် နာမည်ကြီးစမတ်ဖုန်းများ နှိုင်းယှဉ်ချက်

























၂၀၁၆ ခုနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံတကာဈေးကွက်မှာ Apple ကုမ္ပဏီထုတ် iPhone 6S တို့ iPhone 6S Plus တို့ iPhone SE တို့ Samsung ကုမ္ပဏီထုတ် Galaxy S7 တို့ Galaxy S7 Edge တို့ HTC ရဲ့ HTC 10 တို့ LG ကုမ္ပဏီရဲ့ LG G5 တို့ Nexus 6P တို့ကို လူကြိုက်များခဲ့ကြတယ်။ ဝယ်ယူသူအများစုကတော့ မိမိတို့ နှစ်သက်ရာအမှတ်တံဆိပ်နဲ့ အားပေးကြသလို စွဲမက်စရာဒီဇိုင်းကြောင့် ဝယ်ယူအသုံးပြုကြတာဖြစ်တယ်။ အများစုက ဝယ်ယူအသုံးပြုကြတဲ့အတွက် နာမည်ကြီးစရာဖြစ်စေတဲ့ အသေးစိတ်အချက်အလက်များကို နှိုင်းယှဉ်ကြည့်ရင်းနဲ့ပင် ဘယ်လိုကြောင့်နာမည်ကြီးရတယ်ဆိုတာ စစ်ဆေးကြည့်နိုင်ပါလိမ့်မယ်။

ကိုယ်ထည်အရွယ်အစားအရ အပါးလွှာဆုံးအဖြစ် iPhone 6S ကိုတွေ့နိုင်ပြီး အရွယ်အစားအငယ်ဆုံးအဖြစ် iPhone SE ကိုတွေ့နိုင်တယ်။ အကြီးမားဆုံးအရွယ်အစားက iPhone 6S Plus ဖြစ်ပါ တယ်။ ထုထည်အထူဆုံးက HTC 10 ဖြစ်တယ်။ အလေးချိန်နဲ့အလေးဆုံးက iPhone 6S Plus ဖြစ်ပြီး အပေါ့ပါးဆုံးက iPhone SE ကို တွေ့နိုင်တယ်။ Samsung ရဲ့ Galaxy S7 နဲ့ S7 Edge တို့ကို glass aluminium ကိုယ်ထည်နဲ့တည်ဆောက်ထားပြီး ကျန်ရှိတဲ့ Apple တို့ LG တို့ HTC တို့ Nexus တို့ကတော့ aluminium ကိုယ်ထည်နဲ့သာ တည်ဆောက်ထားတယ်။ အရောင်ရွေးချယ်စရာမှာလည်း Samsung ရဲ့ဖုန်းများက (၃)ရောင်သာ ရွေးချယ်နိုင်ပြီး ကျန်ဖုန်းတွေက (၄)ရောင်အထိ ထုတ်လုပ်ထားတာတွေ့ကြရတယ်။

Screen အရွယ်အစားတွေမှာ ၅. ၇ လက်မရှိတဲ့ Nexus 6P ကိုတွေ့မြင်နိုင်ပြီး ၄ လက်မအရွယ်အစားရှိတဲ့ iPhone SE ကို အသေးဆုံးအရွယ်အစားအဖြစ်ရှုမြင်နိုင်တယ်။ resolution အနေနဲ့ HTC 10 မှာ 2560×1440 (564 ppi) ရှိတဲ့အတွက် အကောင်းဆုံး ဖြစ်နေပြီး iPhone SE မှာ 1136×640 (326 ppi)သာရှိတာကြောင့် အနိမ့်ဆုံးလို့သတ်မှတ်နိုင်ပါလိမ့်မယ်။ display ပုံစံအတွက် စစ်ဆေး ကြည့်ရာမှာ Samsung Galaxy များနဲ့ Nexus တို့မှာ AMOLED အမျိုးအစားသုံးထားပြီး ကျန်ဖုန်းများမှာတော့ IPS အမျိုးအစားတွေ ဖြစ်နေတာတွေ့ကြရတယ်။ အတို့အထိသွက်လာတဲ့ pressure sensitive အခြေအနေကိုကြည့်တဲ့အခါ iPhone 6S နဲ့ iPhone 6S Plus တို့က အလွန်ကောင်းတယ်။ always-on အရည်အချင်းအနေ နဲ့ Samsung Galaxy များနဲ့ LG G5 မှာသာတွေ့ကြရတယ်။ ထူးခြားတဲ့ cerved display ပုံစံနဲ့ Galaxy S7 Edge မှာရှိနေတာကိုလည်း တွေ့နိုင်တယ်။

Hi-Fi audio (DAC)အရည်အချင်းနဲ့ ပတ်သက်ရင် HTC 10 နဲ့ LG G5 တို့မှာသာရှိပါတယ်။ ဘက်ထရီအင်အားအကောင်းဆုံးက Galaxy S7 Edge ဖြစ်ပြီး အင်အားအနည်းဆုံးက iPhone SE ဖြစ်ပါတယ်။ Fast Charging အရည်အချင်းကို Apple ရဲ့ iPhone တွေမှာမတွေ့ရပေ။ Wireless charging အတွက် Samsung ရဲ့ Galaxy S7 နဲ့ S7 Edge တို့က စွမ်းဆောင်နိုင်တယ်။ LG G5 ကလွဲ ရင် ကျန်ဖုန်းတွေရဲ့ဘက်ထရီတွေက removable မဟုတ်ကြပေ။

တပ်ဆင်ပါရှိတဲ့ ကင်မရာတွေကိုလေ့လာကြည့်ရင် LG G5 မှာ 16MP/8 MP နဲ့ အကောင်းဆုံးအရည်အသွေးရှိနေပြီး iPhone SE က 12 MP / 1.2 MP နဲ့ အနိမ့်ဆုံးအရည်အသွေးရှိနေတာတွေ့ရပါလိမ့်မယ်။ ဒုတိယအကောင်းဆုံးက 12.3MP / 8 MP တပ်ဆင်ပေးထားတဲ့ Nexus 6P ဖြစ်တယ်။ ကျန်ဖုန်းတွေမှာတော့ 12 MP/8 MP အသီးသီးရှိကြပါတယ်။ iPhone 6S နဲ့ SE တို့ Nexus 6P တို့ကလွဲရင် optical Image Stabilization အရည်အချင်းရှိနေကြတယ်။ micro SD Card အတွက် iPhone 6S တို့ Nexus 6P တို့ iPhone SE တို့ကလွဲရင် အားလုံးခွင့်ပြုထားတာတွေ့နိုင်တယ်။

နှိုင်းယှဉ်ကြည့်တဲ့ HTC 10 တို့ iPhone 6S နဲ့ iPhone S6 Plus တို့ iPhone SE တို့ Galaxy S7 နဲ့ Galaxy S7 Edge တို့ LG G5 တို့ Nexus 6P တို့အားလုံးမှာ Fingerprint sensor များတပ်ဆင်ပါရှိလာကြပါတယ်။ ရေစိုခံအဖြစ် HTC 10 တို့ Galaxy S7 နဲ့ Galaxy S7 Edge တို့ကသာ အာမခံချက်ပေးထားပါတယ်။ ၂၀၁၆ ခုနှစ်ရဲ့ ပထမနှစ်ဝက်အတွင်း နာမည်ကြီးစမတ်ဖုန်းအဖြစ် နှိုင်းယှဉ်ရွေးချယ်ပြသတဲ့ အထဲမှာ အစောဆုံးဈေးကွက်ကို iPhone S6 နဲ့ iPhone 6S Plus တို့က ရောက်ရှိခဲ့တာဖြစ်ပြီး HTC 10 ကတော့ နောက်ဆုံးရောက်ရှိခဲ့တာဖြစ်တယ်။ တပ်ဆင်ပါရှိလာတဲ့ Processor နဲ့ RAM အင်အားတို့အပြင် သတ်မှတ်ရောင်းချတဲ့ဈေးနှုန်းများကို စစ်ဆေးရင်း ကြိုက်နှစ်သက်ရာကိုသာ ရွေးချယ်ဝယ်ယူကြရန်သာရှိပါတော့တယ်။

# ဂျပန်နိုင်ငံတွင် ပညာသင်ကြားရင်း အလုပ်လုပ်နိုင်မယ့် အခွင့်အလမ်းများနှင့် ပတ်သက်၍ ပညာရေးရှင်းလင်းပွဲပြုလုပ်မည်




Tokyo University Of Social Welfare Myanmar Japanese Language Office တည်ထောင်ခြင်း (၄)နှစ်ပြည့် အခမ်းအနားနှင့် ဂျပန်နိုင်ငံတွင် ပညာသင်ကြားရင်အလုပ်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနဲ့ပတ်သက်၍ ပညာရေးရှင်းလင်းပွဲတစ်ရပ်ကို ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပညာရေးရှင်းလင်းပွဲကို ၇. ၈. ၂၀၁၆ ရက်တွင် ရန်ကုန်မြို့ Park Royal Hotel တွင် နေ့လည် (၂) နာရီမှ ညနေ (၄) နာရီ အထိလည်းကောင်း၊ ၉. ၈. ၂၀၁၆ ရက်တွင် ရှမ်းပြည်နယ်တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရှမ်းစာပေယဉ်ကျေးမှုခန်းမတွင် နံနက် (၉ )နာရီမှ နေ့လည် (၁၂) နာရီအထိကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပညာရေးရှင်းလင်းပွဲတွင် ဂျပန်နိုင်ငံမှ ပါမောက္ခ ဆရာကြီးများကလည်း လာရောက်ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး Tokyo Fukushi University အနေဖြင့်ပြောင်းလဲတိုးတက်နေပြီဖြစ်သော အနာဂတ်မြန်မာနိုင်ငံအတွက် ပညာရေးအခန်းကဏ္ဍတွင် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ကာ တစ်နှစ်လျှင်နှစ်ကြိမ် ဧပြီတန်းခွဲနှင့် အောက်တိုဘာတန်းခွဲဟူ၍ ဂျပန်နိုင်ငံရှိ Tokyo University Of Social Welfare ကျောင်းများတည်ရှိရာ Campus အသီးသီးရှိ Language School များသို့စေတနာဖြင့်ပို့ဆောင်ပေးလျက်ရှိကြောင်း Tokyo University Of Social Welfare Myanmar Japanese Language Office မှ ဒေါ်ကြူကြူနိုင်ကပြောသည်။

ပညာရေးဆွေးနွေးပွဲပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဒေါ်ကြူကြူနိုင်က "အစ်မတို့အနေနဲ့ ဂျပန်နိုင်ငံမှာပညာသင်ကြားရင်းအလုပ်လုပ်ချင်တဲ့ကျောင်းသူကျောင်းသားများကို ငွေကြေးထက် သူတို့ရဲ့တိုးတက်လမ်းကိုသာ အဓိက ဦးစားပေးပြီးပြုလုပ်ပေးတယ် ပြည်ပမှာကျောင်းတက်တဲ့အခါ ကိုယ့်နိုင်ငံက လူငယ်တွေအနေနဲ့ ဘယ်လိုအခက်အခဲလေးတွေဖြစ်နိုင်လဲဆိုတာ ကိုယ်တိုင်လေ့လာတယ်။ ကျောင်းသားတွေအနေနဲ့ ပညာလည်းသင်ကြားနိုင်မယ့် တစ်ဖက်တစ်လမ်းကနေလည်း ဝင်ငွေရနိုင်ဖို့အတွက် အစ်မကိုယ်တိုင်ချိတ်ဆက်လုပ်ဆောင်ပေးတယ်။ နောက်ပြီး အစ်မကျောင်းက ကျောင်းသူကျောင်းသားတွေကို ပြည်ပမှာ ပညာသင်ကြားရင်း အလုပ်လုပ်ချင်တဲ့လူတွေအတွက်ပါ ပိုမိုအဆင်ပြေစေဖို့အတွက် အမပညာရေးဆွေးနွေးပွဲတွေလည်း လုပ်ပေးဖြစ်ပါတယ်"လို့ ပြောပါတယ်။

**စည်သူမင်းချို**

# အိုင်ပေ့စ်သင်တန်းကျောင်းမှ Inclusive and Sustainable Development ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်မည်

ရန်ကုန်မြို့ အမေရိကန်စင်တာတွင် ကျင်းပပြုလုပ်မည့် လေးရက်တာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နိုင်ရန်အတွက် လျှောက်လွှာများပေးပို့နိုင်ပြီဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကာလမှာ ဩဂုတ်လ (၁၅) ရက်နေ့ မှ ဩဂုတ်လ (၁၈) ရက်နေ့အထိ၊ နံနက် (၉ )နာရီမှ ညနေ (၅) နာရီထိဖြစ်ကြောင်းသိရသည်။

အားလုံးအကျုံးဝင် ပါဝင်ခြင်းစံနှုန်းများကိုကျွန်ုပ်တို့၏ လုပ်ငန်းများတွင် မည်ကဲ့သို့ ထည့်သွင်းနိုင်မည်၊ ကျွန်ုပ်တို့၏ စီမံကိန်းများကို ရည်ရွယ်ချက်ရှိရှိ အသွင်ကူးပြောင်းခြင်းဆိုင်ရာနည်းလမ်းဖြင့် မည်ကဲ့သို့ ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်သွားနိုင်မည်၊ တရားမျှတသော၊ သာယာဝပြောသော၊ ငြိမ်းချမ်းသော မြန်မာနိုင်ငံဖြစ်ပေါ်လာအောင် သင်နှင့် သင့်အဖွဲ့အစည်းမှ မည်ကဲ့သို့ အကူအညီပေးနိုင်မည် စသဖြင့် ဤအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးသွားမည်ဖြစ်ပါသည်။

"ဒီသင်တန်းကျောင်းကနေ အင်တာနက်ပေါ်မှာ ဖြစ်ပေါ်တတ်တဲ့ အမုန်းတရားတွေကို ဘယ်လိုတားဆီးမလဲဆိုတဲ့အကြောင်းတွေကို အဖြေရှာတဲ့ ဆွေးနွေးပွဲတွေကို ဆောင်ရွက်လေ့ရှိပါတယ်။ အခုလိုသင်တန်းတွေ အလုပ်ရုံဆွေးနွေးပွဲတွေကတစ်ဆင့် မတူညီတဲ့ အကြောင်းအရာတွေကို သိလာရတယ်။ အင်တာနက်ပေါ်က ထိလွယ်ရှလွယ်ကိစ္စတွေကို ဘယ်လိုနည်းလမ်းနဲ့အတူနေထိုင်ကြမလဲဆိုတဲ့ အကြောင်းတွေကို သိလာရမှာပဲဖြစ်ပါတယ်"ဟု အဆိုပါသင်တန်းတွင် တက်ရောက်လေ့ရှိသူ ကိုဇာနည်အောင်ကပြောသည်။

ဤအလုပ်ရုံဆွေးနွေးပွဲတွင် အိုင်ပေ့စ် အစီအစဉ်ကို အကောင်အထည်ဖော်လုပ်ဆောင်နေသည့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့ အစည်းတစ်ခုဖြစ်သည့် World Learning မှ ဖော်ဆောင်လုပ်ကိုင်နေ သည့် "TAAP-Transforming Agency၄ Access and Power" ဟူသည့် အားလုံးအကျုံးဝင်ပါဝင်ခြင်း (Inclusion) ဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းအသစ်တစ်ခုကို မိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။ https://www.facebook.com/groups/iPACE/files/ တွင် လျှောက်လွှာများကို ဤနေရာတွင် ဒေါင်းလုတ်ဆွဲယူနိုင်ပါသည်။ ပြီးပြည့်စုံသော လျှောက်လွှာများကို iPACE@state.gov အီးမေးလ် သို့ ဇူလိုင်လ (၃၁) ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့နိုင်ကြောင်း သိရသည်။

**သူရကျော်**

# MPT မှ ဘုန်းတော်ကြီးပညာသင်ကျောင်း (၆၃၂) ကျောင်းသို့ ဆိုလာမီးအိမ်ပေါင်း ၂၀၀၀ ကျော်လှူဒါန်း




မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သော မြန်မာဆက်သွယ်ရေးလုပ်ငန်း MPT မှ တစ်နိုင်ငံလုံးရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ "ရှေ့သို့လှမ်းချီလင်းလက်စေမည်"အစီစဉ်ဖြင့် ဆိုလာမီးအိမ် ပေါင်း ၂၀၀၀ ကျော်ကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း (၆၃၂)ကျောင်းသို့လှူဒါန်းပြီးမြောက်ခြင်းအတွက် စာနယ်ဇင်းမိတ်ဆက်ပွဲကိုဇူလိုင်(၂၇)ရက်နေ့ ရန်ကုန်မြို့၊ ယောမင်းကြီးလမ်းရှိ Park Royal Hotel ၌ကျင်းပခဲ့ပါတယ်။

MTP အနေနဲ့ဖြင့် ယခုလိုလှူဒါန်းနိုင်ခြင်းမှာ (၂၀၁၅) ဒီဇင်ဘာလအတွင်းကျင်းပခဲ့သော MPT ၏ မိုဘိုင်းလ်နံပါတ်အလုများ လေလံတင်ရောင်းချပွဲမှရရှိသောကျပ်ငွေသန်းပေါင်း (၂၉၂. ၇)သန်းကြောင့်သာ ထိုသို့လှူဒါန်းနိုင်ရန်အတွက် ဖြစ်မြောက်လာရခြင်းဖြစ်ကြောင်း MPT KSGM Joint Operation ၏ Chief Operating Officer ဖြစ်သူ Mr .YoshiakiBenino ကပြောသည်။

MPT မှ ကူညီထောက်ပံ့ပေးသောအဓိပ္ပါယ်ရှိတဲ့ အမှန်တကယ်ပြောင်းလဲမှုကိုဖြစ်စေသော လူမှုအကျိုးပြုအစီစဉ်နဲ့ပတ်သက်၍ Mr. Yoshiaki Benino က"မြန်မာနိုင်ငံမှာရှိတဲ့ တာဝန်ရှိလုပ်ငန်းတစ်ခုဖြစ်တဲ့ MPT အနေနဲ့မြန်မာပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုရမဲ့အချက်က အရေးကြီးတယ်လို့ ကျွန်တော်တို့နားလည်ထားပါတယ်။ ကျွန်တော်တို့ MPT က မြန်မာပြည်သူတွေရဲ့ဘဝကို တိုးတက်စေဖို့အတွက် လျှပ်စစ်မီးမရရှိသေးတဲ့ဒေသတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ရည်ရွယ်ထားပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာပညာသင်ကြားနေတဲ့ ကလေးငယ်တွေအတွက် "ရှေ့သို့ လှမ်းချီလင်းလက်စေမည်" လူမှုအကျိုးပြုအစီစဉ်အောင်မြင်ရခြင်းဟာလည်း MPT သုံးစွဲသူများရဲ့ စေတနာသဒ္ဓါတရားထက်သန်မှုကြောင့်ဖြစ်ပါတယ်။ ယခုလိုဆိုလာမီးအိမ်တွေ လှူဒါန်းခြင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်အနေနဲ့ အားလုံးကိုကျေးဇူးတင်ပါတယ်လို့ပြောပါတယ်"ဟုပြောသည်။

**စည်သူမင်းချို**




၂၀၀၀ ပြည့်နှစ်မှာ Yahoo ကဒေါ်လာ ၁၂၅ ဘီလီယံ တန်ကြေးရှိခဲ့တယ်။ ၂၀၀၈ ခုနှစ်မှာ Microsoft က ဒေါ်လာ ၄၄ ဘီလီယံနဲ့ ဝယ်ယူဖို့ ကမ်းလှမ်းမှုကို ပယ်ချခဲ့တယ်။ အခုတော့ ၎င်းကို Verizon သို့ ဒေါ်လာ ၄.၈၃ ဘီလီယံနဲ့ ရောင်းချထိုးအပ်လိုက်ရပြီဖြစ်ပါတယ်။ ဒီနေရာမှာ သင်ခန်းစာက သင်ဟာ နောက်ဆုံးသော computing platform ကိုအောင်နိုင်ခဲ့ပြီး သင်နဲ့ကိုက်ညီအောင်တည်ဆောက်ထားတာမဟုတ်တဲ့နောက်ထပ် platform တစ်ခုသို့ကူးပြောင်းရမယ့် စပ်ကူးမပ်ကူး ကာလကိုရောက်လာတဲ့အခါ ကုမ္ပဏီကိုရောင်းချချင်လာမယ်ဆိုတာပါပဲ။

Mobile platform ဟာ ဘာကိုမှသတိမမူမိတဲ့ Yahoo အပေါ်ကာတွန်းကားတွေထဲက စနွယားလို ပြုတ်ကျခဲ့တယ်။ Yahoo က web portal တစ်ခုဖြစ်ပါတယ်။ သင်ကဒါကိုသုံးပြီးတွေ့ပြားများမြောင်လှတဲ့ website တွေကို ရှာဖွေမြည်းစမ်းကြည့်ရှုနိုင်ပါတယ်။ ဒါပေမဲ့ ၂၀၀၇ ခုနှစ်မှာ iPhone ဈေးကွက်တင်မှုကအရှိန်ရလာစေခဲ့တဲ့ mobil age က အပြုအမူတွေပြောင်းလဲသွားစေခဲ့တယ်။ အင်တာနက်အပေါ်က အလုံးစုံသော site တွေကို ရှာဖွေလှည့်လည်ကြည့်ရှုမယ့်အစား လူတွေကကိစ္စတစ်ခုချင်းစီအတွက် သီးသန့်ရည်ရွယ်ထားတဲ့ app တွေကို download ချပြီးဖွင့်ကြည့်ကြတယ်။

ဒီအတောအတွင်း အကြောင်းအရာစားသုံးမှုပုံစံ တွေလည်းပြောင်းလဲလာတယ်။ Desktop ကွန်ပျူတာပေါ် မှာကျယ်ပြန့်တဲ့ အကြောင်းအရာတွေနဲ့သတင်းတွေကိုနာရီနဲ့ချီပြီးကြာအောင် စစ်ထုတ်ကြည့်ရှုမယ့်အစားကျွန်တော်တို့ရဲ့ဘဝမှာသွားရင်းလာရင်း ဘာမှလုပ်စရာမရှိတဲ့ အခိုက်အတန့်တွေကို တိုတောင်းတဲ့ mobile ဖျော်ဖြေရေးအပိုင်းအစတွေနဲ့ဖြည့်တင်းကြပါတယ်။

Yahoo ကဒီကိစ္စအတွက်တည်ဆောက်ထားတာလည်း မဟုတ်ပါဘူး။ ၎င်းက အလိုက်သင့်ပြောင်းလဲဖို့ရာတုံ့ဆိုင်းနေခဲ့တယ်။ Yahoo Sports နဲ့ Yahoo Finance လိုထုတ်ကုန်အနည်းငယ်က အောင်မြင်ထွန်းတောက်မှုအနည်းအကျဉ်းရခဲ့တယ်။ ဒါပေမဲ့ပင်မအရင်းအနှီးက မတူကွဲပြားတဲ့ ပတ်ဝန်းကျင်မှာ ရှင်သန်ဖို့ ဖြစ်ထွန်းလာခဲ့တယ်။ သူတို့တွေရဲ့ mobile version က design ပိုင်းအရ တန်ဆာဆင်မှုအဖြစ်သာရရှိထားပြီးလုပ်ငန်းဆောင်တာပိုင်းအရကိုက်ညီမှုမရှိပါဘူး။ သုံးစွဲမှုတွေလျော့နည်းပြုန်းတီးလာတာနဲ့အမျှ Yahoo ရဲ့ ကြော်ငြာ လက်ခံနိုင်မှုလည်းကျဆင်းလာတယ်။ ဒါ့အပြင် social network တွေကထုတ်လုပ်ပေးတဲ့ data တွေကိုပစ်မှတ်ထားတဲ့ ad လုပ်ငန်းကိုလည်းလွဲချော်ခဲ့တယ်။ ဒီလိုနဲ့ Yahoo ရဲ့တန်ဖိုးက ကျောက်တုံးတစ်တုံးလိုရေထဲကို မြုပ်သွားခဲ့ရပါတယ်။

ဒီသင်္ဘောကြီးကို ကယ်တင်ဖို့ အဆုံးအဖြတ်ဖြစ်စေမယ့် mobile အခြေပြုလုပ်ငန်းငယ်လေးတွေ အင်နဲ့အားနဲ့ဝယ်ယူတာလို အရေးယူဆောင်ရွက်မှုတွေကိုဟိုးအစောကြီးကတည်းက လုပ်ဆောင်ခဲ့ရမှာဖြစ်ပါတယ်။ ကုမ္ပဏီကအန္တရာယ်တောထဲကျရောက်နေပြီး လုပ်ငန်းလည်ပတ်ပုံတစ်ခုလုံးမြေလှန်ပစ်ဖို့ရာလိုအပ်ခဲ့တယ်။ အဲဒီအစား Flickr နဲ့ Tumblr လို web ဦးစားပေးကုမ္ပဏီတွေကို ဝယ်ယူခဲ့တယ်။ ဒီပေါ် ထွန်းစလုပ်ငန်းလေးတွေကိုဝယ်ရတာဈေးကြီးပြီး သူတို့ရဲ့ အခြေခံတွေကိုမှန်ကန်တဲ့ဦးတည်ဘက်ဆီတွန်းပို့ဖို့ကြိုးစားခဲ့တယ်။ ဒါပေမဲ့ လုံလောက်မှုမရှိသလို သိပ်လည်းနောက်ကျသွားခဲ့ပြီဖြစ်ပါတယ်။

မှန်ကန်တဲ့လမ်းကြောင်းကိုသိချင်ရင် Facebook ကိုကြည့်ပါ။ သူ့ရဲ့ ပင်မထုတ်ကုန် News Feed က တိုတောင်းတဲ့ status update တွေနဲ့သင့်ရဲ့နေ့စဉ်ဘဝအတွင်းရိုက်ကူးတဲ့ဓာတ်ပုံတွေကို အခြေပြုတည်ဆောက်ထားတယ်။ သူ့ရဲ့အစောပိုင်း mobile app ကစိတ်ပျက်ဖွယ်ညံ့ဖျင်းခဲ့ပြီး Wall Street ရဲ့စတော့ဈေးကွက်မှာ မရေမရာဖြစ်ခဲ့ပေမဲ့ Facebook က mobile နဲ့အလိုက်သင့်ပြောင်းလဲဖို့ကောင်းစွာချိန်ရွယ်ထားသလိုဖြစ်ခဲ့ပါတယ်။

နောက် သူက "Website လိုအားလုံးတပြိုင်တည်းလုပ်ဖို့ ကြိုးစားထားတဲ့" grid design ကိုစွန့်လွှတ်လိုက်ပြီး feed ကိုပုံသေထားအသားပေးတဲ့ မြန်ဆန်တဲ့ app အဖြစ်ပြောင်းလဲလိုက်တဲ့အခါ သုံးစွဲမှုက ပေါက်ကွဲလျှံထွက်လာပါတယ်။ ၎င်းက Instagram နဲ့ WhatsApp တို့ကိုဝယ်ယူဖို့ ငွေကြေးပမာဏ ကြီးမားစွာသုံးစွဲခဲ့ပေမဲ့ သူတို့က mobile ဦးစားပေးထုတ်ကုန်တွေဖြစ်ပါတယ်။

Yahoo ရဲ့ ပျက်သုဉ်းမှုက Marissa Mayer ရဲ့အပြစ်မဟုတ်ခဲ့ပါဘူး။ ဒီထုတ်ကုန်တွေကိုသူ့ရဲ့ နဂိုမူလဂုဏ်ရောင်ပြန်လည်ထွန်းပြောင်လာအောင်ပြုလုပ်ဖို့ရှေ့ကိုကြိုမြင်တဲ့အမျှော်အမြင်၊ ကျွမ်းကျင်မှုနဲ့ ကံကောင်းထောက်မှုတို့လိုအပ်ပါလိမ့်မယ်။ ပြီးတော့အမှန်တကယ်မှာ mobileခေတ်စားမလာသေးခင်အချိန်ကိုနောက်ပြန်သွားဖို့လည်း လိုအပ်ပါလိမ့်မယ်။ Yahoo ရဲ့ မိခင်ကုမ္ပဏီဖြစ်လာမယ့် အမေရိကန် mobile carrier Verizon က လူသေကောင်ဆီက ငွေရအောင်ညှစ်ထုတ်နိုင်ဖို့ Yahoo ရဲ့ ကြော်ငြာနည်းပညာကို သုပိုင်ဆိုင်ထားပြီးသား AOL နဲ့ပေါင်းစည်းဖို့ရာ နည်းလမ်းတစ်ခုရှာဖွေပါလိမ့်မယ်။

သင်ခန်းစာယူစရာကတော့ tech team လောကသားတွေဟာ platform အရွေ့အပြောင်းကို အမြဲမပြတ်သတိထားနေရမှာ ဖြစ်ပါတယ်။ ကုမ္ပဏီတစ်ခုကိုပြိုလဲသွားစေနိုင်တာကအမြဲအားဖြင့်တော့ပြိုင်ဘက်တွေမဟုတ်ကြပါဘူး။ အပြောင်းအလဲတစ်ခုရဲ့မျက်နှာစာမှာ လှုပ်ရှားနိုင်စွမ်းမရှိတော့အောင်ဖြစ်သွားတာကပဲ ကျဆုံးစေတာဖြစ်ပါတယ်။ အခုတော့ရှေ့လာမယ့်နယ်မြေသစ်တွေအဖြစ် augmented and virtual reality, voice နဲ့ artificial intelligence တွေက မိုးကုပ်စက်ဝိုင်းမှာအရှိန်ရလာဖို့ တာစူနေတာတွေ့နေရပါပြီ။

အတော်ဆုံးသော CEO တွေက ဒီကိစ္စတွေအတွက်အသင့်ပြင်ထားပြီးကြပါပြီ။ Google က DeepMind ရဲ့ AI ကိုဝယ်ယူခဲ့ပြီး ကုမ္ပဏီအတွင်းနယ်ပယ်များစွာမှာအကောင်အထည်ဖော် အသုံးချခဲ့တယ်။ Facebook က Oculus ကိုဝယ်ယူပြီး VR နဲ့ AR နယ်ပယ်အထဲ ထိုးဖောက်ဝင်ရောက်ခဲ့တယ်။ Uber မှာ self-driving car lab တစ်ခုရှိတယ်။ ပြီးတော့ Amazon ကသူ့ရဲ့အရင်းအမြစ်တွေကို Echo voice control အတွက်ပုံအောအသုံးချနေတယ်။ ဒီမဟာဗျူဟာတွေက အကျိုးပြန်ပေးလာမယ်ဆိုရင်ကုမ္ပဏီတွေကို အကြီးအကျယ် ပျက်ယွင်းပြိုလဲစေမှုကနေ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

ကြီးမားတဲ့ တက်တိုးနစ်ကျောက်ချပ်လွှာရွေ့ပြောင်းမှုကြီးတွေ (tectonic shift) ဖြစ်လာတဲ့အခါ ကုမ္ပဏီတစ်ခုကို ပြတ်ရွေ့ကြောအပေါ် ဆက်ပြီးလည်ပတ်နေစေမယ်ဆိုရင်လျှင်က မြေပြင်ပေါ် ပြိုလဲကျသွားသေစေမှာပဲဖြစ်ပါတယ်။ ဆယ်စုနှစ်များစွာရှင်သန်တည်မြဲနေတဲ့နည်းပညာဘီလူးကြီးတွေက သူတို့ကို ကမ္ဘာမြေကြီးက ဝါးမျိုသွားမှာ စောင့်ဆိုင်းမနေပါဘူး။ သူတို့က သူတို့ရဲ့လုပ်ငန်းတွေကို အနာဂတ်ရှိတဲ့နေရာမှာ ပြောင်းရွှေ့နေရာချထားပြီး ထုတ်ကုန်တွေ အလုံးစုံပြောင်းလဲပစ်တာ၊ ရဲရဲဝံ့ဝံ့ဝယ်ယူသိမ်းပိုက်တာတွေပြုလုပ်ကြတယ်။ သက်သာလွယ်ကူမှုမရှိပေမဲ့လိုအပ်တာကိုလည်းလုပ်ဆောင်လိုစိတ်ရှိကြပါတယ်။ အနှစ်ချုပ်ပြောရရင်တော့ နည်းပညာလောကမှာ လုပ်ငန်းတွေရေရှည်တည်မြဲချင်ရင် အပြောင်းအလဲကိုမျက်ခြည်မပြတ်စောင့်ကြည့်ပြီး အလိုက်သင့်ပြောင်းလဲဖို့ရာ အရေးအကြီးဆုံးပါပဲ။






Information • Communication • Technology • Lifestyle

Digital life

Technology Journal

**Chief Executive Officer**

Lynn Htet Htun

**Managing Editor**

U Thaung Winn (Pann Cherry)

**Online Editor In Charge**

Nyi Nyi Thet Paing Maw (UCSY)

**Editor In Charge**

Kyaw Zeya (MIT)

**Editors**

Sai Tint Htoo, Thu Ya(UCSY), Ko Thet(UCSY), Hla Htut Soe,

**Assistant Editor**

Nay Oo Lwin, Tun Tun

**Reporters**

Zayar Linn, Sithu Min Cho, Thu Ya Kyaw, Paing Soe Oo, Kyaw Htet (Upper Myanmar)

Aung Maw Oo (Freelance Reporter)

**Contributors**

U Myo (IT Antique),Kyaw Sithu (Thu Nanda Khit), Sann Wai Thu, Paing Soe Hein, Kyaw Mon Oo, Ko Htet, Khaing Linn (Technological University), Minn Thway Nyi (UCSY)

**Designers**

Wai Zaw Nyein, Lin Lin

**Admin Manager**

Moe Myat Myat Minn

**Marketing**

Myat Thida Aye, Nay Lin Ko Ko Aung

**Public Relation Manager**

Aung Naing

**Distribution & PR**

Naing Minn Soe

**Publisher**

Daw Khin Thuzar Linn (License-00473)

**Press**

Moe Kyaw Thu, Nay Thit Oo (License-00163), No.169, 34 Street(Upper),Kyauktadar,Yangon

**Yangon Head Office**

No.157 (Second Floor), 47Street (Upper Block), 10th Quarter, Botahtaung Township, Yangon.

01-392669, 09-258160603, 09-258160604, 09-258160605, 09-73186027(Hot Line)

www.myanmardigitallife.com

www.facebook.com/MyanmarDigitalLife

myanmardigitallife@gmail.com

**Mandalay Office**

Thiri Malar Apartment, Cherry Building, Room(6), Between 23rd St x 88th St, Aung Myay Thar Zan Tsp, Mandalay. 09 43186661

**Mawlamyine Office**

No(10),Maggin Street,Mayangone Quarter, Mawlamyine, Mon State

Ph:057-21217

## Shop.com.mm မှ မိုးရာသီဈေးရောင်းပွဲတော်ကို ၅၀% လျှော့ဈေးများဖြင့်ကျင်းပသွားမည်




Shop.com.mm အွန်လိုင်းဈေးပင်းမောလ်က မြန်မာနိုင်ငံမှ ဈေးဝယ်ယူသူများအတွက် ထူးခြားပျော်ရွှင်ဖွယ်ရာ မိုးရာသီဈေးရောင်းပွဲတော်ကိုဇူလိုင်လ ၁၈ ရက်နေ့မှ ဩဂုတ်လ ၇ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပါသည်။ မိုးရာသီဈေးရောင်းပွဲတော်တွင် ဖက်ရှင်ချစ်သူများအတွက် ဖက်ရှင်ဈေးရောင်းပွဲတော်ကို ဇူလိုင်လ ၁၈ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိကျင်းပမည်ဖြစ်ပြီး နာရီချစ်သူများအတွက် နာရီဈေးရောင်းပွဲတော်ကိုဇူလိုင်လ ၂၅ ရက်နေ့မှ ဩဂုတ်လ ၇ ရက်နေ့ထိကျင်းပပါမည်။

"Shop.com.mm ၏ ဖက်ရှင်ဈေးရောင်းပွဲတော်တွင် လူသိများသောနာမည်ကြီးဖက်ရှင်ပစ္စည်းများဖြစ်သည့် Timberland, John Henry, Kipling, Pierre Cardin, Crocodile, Michelle, Bang Bang, G-Tree, Xo Xo နှင့် Skechers များကို ၂၀% မှ ၅၀% ထိလျှော့ဈေးများဖြင့် ရောင်းချသွားမှာဖြစ်ပါတယ်။ နာရီဈေးရောင်းပွဲတော်တွင်လည်း Seiko, Casio, Titan, Sonata, Fastrack, Fossil, DKNY, Diesel, Michael Kors, Marc by Marc, Valence, Elle နာရီများနှင့် Smart watches များကိုလည်း ၁၅% မှ ၄၀% အထိမိုးရာသီဈေးရောင်းပွဲတော်တွင် ဝယ်ယူသူများအတွက် အထူးလျှော့ဈေးများဖြင့် ရောင်းချပေးသွားမှာပါ။ မိုးရာသီဈေးရောင်းပွဲတော်ကာလအတွင်း အထူးအရောင်းမြှင့်တင်သည့်အစီအစဉ်ကောင်းများကို Shop.com.mm နှင့် ၎င်း၏တရားဝင်ဆိုရှယ် မီဒီယာများဖြစ်ကြသည့် Facebook ( www.facebook.com./shop.com.mm), Viber, WeChat, Bee Talk နဲ့ MyChat တို့မှာ အထူးသီးသန့်ဝယ်ယူနိုင်မှာဖြစ်ပါတယ်"ဟု Shop.com.mm မှ ပြောကြားခဲ့ပါတယ်။

## KMD MNG အရောင်းစင်တာအား တိုးချဲ့ခြင်းအထိမ်းအမှတ် အထူးဈေးရောင်းပွဲပြုလုပ်မည်

KMD MNG အရောင်းစင်တာအားတိုးချဲ့ခြင်းအထိမ်းအမှတ် အထူးဈေးရောင်းပွဲအားမြေနီကုန်း KMD Centre တွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊ (၂၉)ရက်မှ(၃၁)ရက်အထိ စုစုပေါင်း(၃)ရက် ကျင်းပပြုလုပ်မည်ဟုသိရပါသည်။ ၎င်းအထူးဈေးရောင်းပွဲတွင် IT နှင့် Mobile နယ်ပယ်မှ Partners ကြီးများပူးပေါင်းပါဝင်ပြီး ပြပွဲကျင်းပပြုလုပ်ခြင်း၏ရည်ရွယ်ချက်ကတော့ Branded IT, Mobile နှင့် ဆက်စပ်ပစ္စည်းများကိုတစ်နေရာတည်းတွင် အမျိုးအစားပစ္စည်းစုံလင်စွာ၊ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန်ရည်ရွယ်ပြီး ကျင်းပပြု လုပ်ခြင်းဖြစ်ပါသည်။ အထူးအစီအစဉ်အနေနှင့်ပြပွဲရက်အတွင်း နေ့စဉ်ပထမဦးဆုံးမည်သည့်(Notebook, Desktop, Smartphone & Tablet) လာဝယ်သည့် customer အယောက်(၃၀)အား (သုံးသောင်းကျပ်) လျှော့ပေးသည့်အထူးအစီအစဉ်ပြုလုပ်သွားမည်ဟုသိရပါသည်။ ထို့အပြင် (Notebook, Desktop, Smartphone & Tablet) ဝယ်ယူသည့် Customer များအတွက် ဗလာမပါကံစမ်းမဲ အစီအစဉ်များလည်းပါဝင်ပါသည်ဟုသိရပါသည်။ KMD MNG အရောင်းစင်တာအားတိုးချဲ့ခြင်းအထိမ်းအမှတ်အထူးဈေးရောင်းပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါကဆက်သွယ်ရန် ဖုန်း-၀၁ ၅၀၃၅၁၁, ၅၀၃၅၂၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## Blue Ocean Operating Management Co., Ltd ၏ မေတ္တာပင်လယ်ပရဟိတအဖွဲ့မှ သွေးလှူဒါန်း



မေတ္တာပင်လယ်ပရဟိတအဖွဲ့ ( Blue Ocean Operating Management Co., Ltd)၏ ဒုတိယအကြိမ်မြောက်သွေးလှူဒါန်းခြင်းကို ဇူလိုင်လ ၂၁ ရက်၊ မနက် ၁၀ နာရီတွင်ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ အမျိုးသားသွေးလှူဘဏ်၌ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ သွေးလှူဒါန်းခြင်းအခမ်းအနားတွင် အမျိုးသားသွေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာအောင်မှ သွေးလှူဒါန်းခြင်း၏ အကျိုးကျေးဇူးများ၊ မိမိကိုယ်တိုင်သွေးလှူဒါန်းသလို မိမိပတ်ဝန်းကျင်ကိုလည်း သွေးလှူဒါန်းနိုင်ဖို့ လက်ဆင့်ကမ်း သတင်းမျှဝေပေးစေလိုကြောင်းနှင့် မေတ္တာပင်လယ်ပရဟိတအဖွဲ့ သွေးအလှူရှင်များ၏ စေတနာသဒ္ဓါထက်သန်မှု အလှူအတွက် ဝမ်းသာဂုဏ်ယူသလို နောက်ထပ် လှူဒါန်းနိုင်ရန်လည်းဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့ပါသည်။

မေတ္တာပင်လယ်ပရဟိတအဖွဲ့၏ တာဝန်ရှိသူတစ်ဦးမှလည်း အခုအကြိမ်လှူဒါန်းခြင်းဟာ ပထမဆုံးအကြိမ်ဖြစ်ပြီး မိမိရဲ့သွေးနဲ့ လူ့အသက်တစ်ချောင်းကိုကယ်တင်ခွင့်ရနိုင်တဲ့အတွက် အရမ်းဝမ်းသာပါတယ်။ နောက်အကြိမ်တွေမှာလည်း သွားလှူဦးမှာပါလို့ ပြောကြားသွားခဲ့ပါတယ်။

မေတ္တာပင်လယ်ပရဟိတအဖွဲ့ကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လမှာ ပထမအကြိမ်သွေးလှူဒါန်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနဲ့ ၂၀၁၅ခုနှစ် ရခိုင်ပြည်နယ်ရေကြီးရေလျှံမှုများမှာ လိုအပ်တဲ့ ပံ့ပိုးကူညီမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဖွဲ့အနေနဲ့ မေတ္တာရှေ့ထားပြီး တကယ်လိုအပ်နေသည့်နေရာများတွင် တတ်စွမ်းသရွေ့ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ ရှေ့လုပ်ငန်းစဉ်အနေနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ထူးချွန်သူ လူငယ်လူရွယ်များကိုရွေးချယ်ပြီး လုပ်ငန်းခွင်ဝင်နိုင်သည့် အသက်မွေးမှုပညာရပ်များကို သင်တန်းပေးဖို့ စီစဉ်နေသလို နောက်ထပ် ပရဟိတလှုပ်ရှားမှုများကိုလည်း အချိန်နဲ့တစ်ပြေးညီ မီဒီယာများမှတစ်ဆင့် အသိပေးသွားမှာဖြစ်ပါတယ်။ မေတ္တာပင်လယ်ပရဟိတအဖွဲ့ကို အကူအညီတောင်းခံခြင်း၊ လှူဒါန်းခြင်းများအတွက် ဆက်သွယ်မယ်ဆိုရင်- အမှတ် ၃၆၁၊ ပြည်လမ်း၊ ဟံသာဝတီအဝိုင်းအနီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ် ၀၁-၂၃၉၉၂၃၅ ကိုဆက်သွယ်နိုင်ပါတယ်။




## 01 Bullet IR Project High Quality IP Camera SP-P701E

အကြမ်းခံ ရေဒဏ်ခံစံနှုန်း IP66 နဲ့တည်ဆောက်ထားတဲ့ outdoor သုံး လုံခြုံရေးကင်မရာပါ။ network နဲ့ ချိတ်ဆက်နိုင်စွမ်းရှိတဲ့ IP ကင်မရာဖြစ်သလို microSD 32GB အထိထိုးသုံးနိုင်လို့ ကင်မရာတစ်ခုတည်းနဲ့ standalone ပုံစံအသုံးပြုနိုင်တဲ့ ကင်မရာပါ။ DVD တွေဘာတွေမလိုတာကြောင့် ကုန်ကျစရိတ်သက်သာပြီး အလွယ်တကူတပ်ဆင်အသုံးပြုနိုင်ပါတယ်။ မြင်ကွင်းထောင့်အကျယ် ၇၀ ဒီဂရီကိုရိုက်ကူးနိုင်တဲ့ 3.6mm Lens တပ်ဆင်ထားပြီး 1/4" Color CMOS Sensor တပ်ဆင်ထားပြီး HD ရုပ်ထွက်နဲ့ ရိုက်ကူးမှတ်တမ်းတင်ပေးနိုင်ပါတယ်။ ပါဝါအားကောင်းတဲ့ ဂျာမနီနိုင်ငံထုတ် SMD Array IR LED တပ်ဆင်ပေးထားတာကြောင့် ညဖက်အမှောင်ထုထဲ ၂၅ မီတာပတ်လည်အကွာအဝေးကို မြင်တွေ့ရိုက်ကူးနိုင်ပါတယ်။

**Price - 90,000 Ks,** Contact : Trust, Ph : 09-452821678



## 02 MITSUBISHI 2 DOOR REFRIGERATOR MODEL : MR-FV22J (NEW MODEL)

အသစ်ဝင်ရောက်လာသော MITSUBISHI အမှတ်တံဆိပ် 2 DOOR ရေခဲသေတ္တာ (NEW FLAT DESIGN) အမျိုးအစားဖြစ်ပါတယ်။ ဝင်ဆံ့နိုင်သောအရွယ်အစားမှာ (၂၀၄)လီတာဝင်ဆံ့အသုံးပြုနိုင်ပါတယ်။ FREEZER ခန်းတွင် ရေခဲတုံးလုပ်ရန် ရေခဲခွက်(၂)ခုပါရှိပါတယ်။ အစားအသောက် သိုလှောင်ထားရှိရန် JUMBO CHILLER / VEGETABLE BOX ပါရှိပါတယ်။ ညဘက်အချိန်တွင် အသုံးပြုနိုင်ရန် LED LIGHTINGပါရှိပြီး ကြက်ဥထည့်ရန် ကြက်ဥခွက်ပါရှိပါတယ်။ အစားအစာများ မပျက်စီးစေရန် VITAMIN FACTORY နည်းပညာဖြင့် တည်ဆောက်ထားပြီး အနံ့စုပ်ပိုးသတ်စနစ် ANTI BACTERIA FOOD LINER + MINUS ION နည်းပညာပါရှိပါတယ်။

**Price -265,000 Ks,** Contact : MULTI GENERATION ELECTRONICS WHOLESALES CENTRE , Ph - 0973240123



## 03 CANON MONO LASER PRINTER MODEL : IMAGE CLASS LBP6030

CANON အမှတ်တံဆိပ် MONO LASER SHOT PRINTER အမျိုးအစားဖြစ်ပါတယ်။ CARTRIDGE 325 GENUINE အမျိုးအစားဖြစ်ပြီး CANON ADVANCED PRINTING TECHNOLOGY (CAPT) နည်းပညာကို အသုံးပြုထားပါတယ်။ PRINT SPEED မှာ 18 PRINT PER MINUTE (18PPM) ဖြစ်ပြီး MAX RESOLUTION အနေဖြင့် 2400× 600 dpi အမျိုးအစားဖြစ်ပါတယ်။ SLEEP MODE အခြေအနေတွင် 1.3 WATTS သာ အသုံးပြုပြီး USB 2.0 HI-SPEED အမျိုးအစားဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံထုတ် အမျိုးအစားဖြစ်ပါတယ်။

**Price - 75,000 ks**
Contact - MULTI GENERATION ELECTRONICS WHOLESALES CENTRE , Ph : 0973240123



## 04 LG TWIN TUB WASHING MACHINE MODEL: WP-995RT

LG အမှတ်တံဆိပ် ( 7.5 KG ) လျှော်ဖွပ်နိုင်သော အဝတ်လျှော်စက် (နှစ်ကန်)အမျိုးအစားဖြစ်ပါတယ်။ 3 ROLLER JET ပါရှိသောကြောင့် အဝတ်များကို ပွတ်တိုက်နည်းဖြင့် လျှော်ဖွပ်သောကြောင့် ပိုမိုသန့်ရှင်းစေပါတယ်။ WASH SELECTOR (GENTLE / NORMAL / STRONG) ကို ကြိုက်နှစ်သက်ရာ ရွေးချယ်လျှော်ဖွပ်နိုင်ပါတယ်။ အဝတ်လျှော်စက် ကိုယ်ထည်ကို PLASTIC BODY ဖြင့် တည်ဆောက်ထားသောကြောင့် သံချေးတက်ခြင်းမှ ကင်းဝေးစေမှာပါ။ အဝတ်လျှော်စက်အမျိုးအစားမှာ တစ်ဖက်လျှော်တစ်ဖက်ညှစ် ဖြစ်သောကြောင့် ရေစည်အဆင်မပြေသူများအတွက်ပါ အလွယ်တကူ အသုံးပြုနိုင်ပြီး တာရှည်စွာ အသုံးပြုနိုင်ပါတယ်။

**Price - 165,000 ks**
Contact - MULTI GENERATION ELECTRONICS WHOLESALES CENTRE , Ph : 0973240123

## 05 SAMSUNG 2 DOOR REFRIGERATOR MODEL : RT20FGRVDSA (DIGITAL INVERTER)

SAMSUNG အမှတ်တံဆိပ် TOTAL GROSS CAPACITY : 216 LITRE ဝင်ဆံ့အသုံးပြုနိုင်သော 2 DOOR REFRIGERATOR အမျိုးအစားဖြစ်ပါတယ်။ DIGITAL INVERTER COMPRESSOR ကို အသုံးပြုထားသောကြောင့် တည်ငြိမ်သော အေးမြမှုကို ရရှိခြင်း၊ စွမ်းအင်ချွေတာပေးနိုင်ခြင်း၊ COMPRESSOR ကို ကြာရှည်အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် အပူအအေးပမာဏနှင့် စိုစွတ်မှုပမာဏကို ၉၀% အထိထိန်းသိမ်းပေးနိုင်သော MOIST FRESH ZONE ပါရှိပါတယ်။ ထူးခြားသော အံဆွဲပုံစံ EASY SLIDE RUGGED SHELVES အအေးအကန့်ကြောင့် အစားအစာများကို လွယ်ကူသက်သာစွာထုတ်ယူနိုင်ပါတယ်။

**Price -265,000 Ks,** Contact : MULTI GENERATION ELECTRONICS WHOLESALES CENTRE , Ph - 0973240123





## 01 USB~RJ45 Extension adapter

USB extension အတွက်ဆိုရင် တော်သင့်ရုံအရှည်ရှိတဲ့ cable တွေကတော့ အလွယ်တကူရှာဖွေဝယ်ယူလို့ရနိုင်ပြီး ရှည်လျားတဲ့အကွာ အဝေးအတွက်ဆိုရင်တော့ ရှာရခက်သလို power နဲ့ data စီးဆင်းမှုအတွက်ကလည်း အဆင်ပြေအောင်ဂရုစိုက်ရပါသေးတယ်။ အခုချိန်ခါမှာတော့ USB~RJ45 Extension adapter လေးရှိလာလို့ network cable နဲ့ USB ကြိုးရဲ့အရှည်ကို ကိုယ်လိုသလို ဆွဲဆန့်နိုင်ပါပြီ။ network cable နဲ့သွားမှာဆိုတော့ cable အရှည်ကို မိမိစိတ်ကြိုက် ဖြတ်ညှပ်ကပ်လုပ်နိုင်ပါတယ်။ Cat5, Cat5e, Cat6 စတဲ့ cable type တွေနဲ့အသုံးပြုနိုင်ပြီး အကွာအဝေးကိုတော့ အရှည်ဆုံး ပေ ၁၅၀ အထိချိတ်ဆက်အသုံးပြုနိုင်ပါတယ်။

**Price -** **Ks,** Contact : F@X Computer, Ph : 09-73013836, 09-91039206



## 02 Blaze B50

Silicon Power မှအသစ်ထပ်မံထုတ်လုပ်လိုက်သော စွမ်းအားမြင့် USB 3.0 ပါဝင်သော SP Blaze B50 ကို နှစ်သက်ဖွယ်လက်ဆောင်အဖြစ် ဖော်ပြပေးလိုက်ပါတယ်။ SP ရဲ့ ထုတ်ကုန်သစ် Blaze B50 USB Flash Drive ဟာရင်သပ်ရှုမောဖွယ်ကောင်းသော ပြီးပြည့်စုံသည့် ပြိုင်ကားတစ်စီးကဲ့သို့ စွမ်းအင်ပြည့်ဝမှုအပြင်အဆင်များ၊ ပုံစံအနားကွပ် Line ဒီဇိုင်းများနဲ့ အနုစိတ်ထားပြီး Carbon Fiber ဖုံးအုပ်ထားသောမျက်နှာ အသွင်အပြင်တို့ဖြင့် ဆန်းသစ်တီထွင်ထားပါတယ်။ ဆန်းပြားသော Feature များအနေနှင့် V shape ပုံစံ LED indicator၊ လွယ်ကူစွာအသွင်းအထုတ်ပြုလုပ်နိုင်ရန် လုံလောက်သော size ပမာဏဖြင့် Thumb-push ပါဝင်ပါသည်။

**Price -128GB - 53300 Ks,** Contact : Golden Power Technology, ph: 01-2304848~52



## 03 Emergency sensor 10 LED light Stick

အလုပ်တစ်ခုလုပ်နေစဉ်အတွင်း ရုတ်တရက်မီးပျက်သွားရင် အလိုအလျောက် မီးလင်းပေးမယ့် Emergency sensor light လေးတစ်ခုနဲ့ မိတ်ဆက်ပေးပါမယ်။ အရွယ်အစားကတော့ ရှစ်လက်မခန့်ပဲရှိပါတယ်။ သူ့ဆီမှာ အလင်းရောင်တောက်ပမှုရှိတဲ့ LED မီးလုံးလေး ၁၀ လုံး ထည့်ပေးထားပါတယ်။ အလုပ်လုပ်ပုံကတော့ မီးပျက်သွားတဲ့အချိန်မှာ Light sensor ကသိရှိသွားပြီးမီးလင်း ပေးမှာပါ။ သူ့ပတ်ဝန်းကျင်မှာ လှုပ်ရှားမှုတစ်စုံတစ်ခုမရှိဘူးဆိုရင်တော့ ၁၅ စက္ကန့်အကြာမှာ သူ့အလိုလိုမီးပြန်ပိတ်သွားမှာပါ။ နောက်ပြီး Pir sensor လည်းပါသေးတာကြောင့် sensor နဲ့ 3meter (၁၀ ပေဝန်းကျင်) အကွာ 3meter အကျယ်အတွင်းမှာရှိတဲ့ လှုပ်ရှားမှုတွေကို အာရုံခံပြီးမီးလင်းပေးနိုင်မှာဖြစ်ပါတယ်။

**Price - 9,900 Ks ,** Contact - F@X engineering & electric, Ph: 01 252627. 02 69389



## 04 SP xDrive Z30

SP / Silicon Power မှ အလွန်လျှင်မြန်နှုန်းဖြင့် (iPod/iPhone/iPad) များအတွက် အထူးသီးသန့်ထုတ်လုပ်လိုက်သော SP xDrive Z30 dual USB flash drive ကိုမိတ်ဆက်ပေးလိုက်ပါတယ်။ Z30 က Data များ လျှင်မြန်စွာချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော USB 3.0 အထောက်အကူပေးသည့် dual-access application ပါဝင်ပါတယ်။ မျက်နှာပြင်နှစ်ဖက် ပေါင်းစပ်ပါဝင်သည့် Z30 က desktops, laptops နှင့် iOS devices များကနေအခြား devices များထဲသို့ data အားလုံးချိတ်ဆက်ဖို့ အထောက်အကူတစ်ခုအဖြင့် လုပ်ဆောင်ပေးနိုင်သည့်အပြင် MFi licensing program ( made for iPod / iPhone / ipad ) က အတည်ပြုပေးထားလို့ အကောင်း ဆုံးအရည်အသွေးနှင့် လုံခြုံမှုရှိစေမည့် Dual USB flash Drive xDrive Z30 ဖြစ်ပါတယ်။

**Price - 32GB = 63,000 Ks, 64GB=89,700 ks**
Contact - Golden Power Technology , ph: (01-2304848~52)

## 05 HM-7000 BLUETOOTH HEADSET

လူကြီး၊ လူငယ်မရွေး စမတ်ကျကျလေးဖြင့် တပ်ဆင်အသုံးပြုနိုင်မယ့် အရည်သွေးမြင့် Bluetooth Headset လေးပဲဖြစ်ပါတယ်။ အဆင်ပြေစေနိုင်မှာဖြစ်ပါတယ်။ bluetooth Version 4.0 ဖြစ်တာကြောင့် အလွယ်တကူလျှင်မြန်စွာဖြင့် phone, tablet, i Device တိုင်းနှင့် တွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ noise free ဖြစ်တဲ့အတွက် ဖုန်းပြောတဲ့အချိန်တွေမှာ အသံထွက်ကိုကြည်လင်ပြတ်သားစွာကြားနိုင်ပြီး stereo ဖြစ်တဲ့အတွက် music များစွာကိုလည်း စိတ်ကြိုက်နားစင်ခံစားနိုင်ဦးမှာဖြစ်ပါတယ်။

**Price -9900 Ks,** Contact :F@X Engineering and Electric
Ph-252627 , 0991039206



# STAR TREK BEYOND

| DISTRIBUTION |
| --- |
| PARAMOUNT PICTURES |
| DIRECTOR |
| JUSTIN LIN |
| GENRE |
| SCI-FI, ACTION |
| RUNNING TIME |
| 122 MINUTES |

သက်တမ်းအနှစ် ၅၀ ရှိပြီဖြစ်တဲ့ sci-fi franchise ရဲ့ ၁၃ ခုမြောက်နဲ့ နောက်ဆုံးရုပ်ရှင် Star Trek Beyondနဲ့ပတ်သက်ပြီးအကောင်းဆုံးအပိုင်းတစ်ခုကတော့ မူရင်းရုပ်သံစီးရီးက"... ထူးဆန်းတဲ့ ကမ္ဘာသစ်တွေကိုစူးစမ်းလေ့လာလည်းသက်ရှိနဲ့ယဉ်ကျေးမှုအသစ်တွေရှာဖွေပြီးအရင်ဘယ်သူမှမသွားခဲ့ဖူးတဲ့နေရာကို ရဲရဲဝံ့ဝံ့သွားဖို့"ဆိုတဲ့မူလဆောင်ပုဒ်ကို ပြန်လည်မွေ့ဖက်ထားတာပဲဖြစ်ပါတယ်။ မကြာသေးမီကထွက်ရှိခဲ့တဲ့ Star Trek ရုပ်ရှင်တွေဟာအစဉ်အလာကို ဆက်ထိန်းရင်းရုပ်သံစီးရီးနဲ့အခြားရုပ်ရှင်တွေသွားထားပြီးသား လမ်းကြောင်းဘက်ကိုပဲပိုပြီးယိမ်းယိုင်တဲ့ပုံပေါ်ပါတယ်။ အခု Star Trek စီးရီးဟာ ၂၀၀၉ ခုနှစ်က reboot နဲ့ ဇာတ်လမ်းစဉ်တစ်ဆက် တစ်စပ်တည်းဖြစ်ပြီး ၂၀၁၃ ခုနှစ် Star Trek Into Darkness အပြီး တတိယမြောက် ဇာတ်ကားဖြစ်ပါတယ်။ ဒီခေတ်သစ် reboot စီးရီးက စိတ်လှုပ်ရှားစရာသွက်လက်တဲ့ action တွေနဲ့ အသစ်တဖန်ပြန်လည်လတ်ဆတ်စေခဲ့တယ်။

အခု Beyond ဇာတ်ကားဖြန့်ဝေမှုဟာ ၁၉၆၆ ခုနှစ်မှာစတင်ခဲ့တဲ့ ရုပ်သံစီးရီးရဲ့ ၅၀ နှစ်မြောက် နှစ်ပတ်လည်နဲ့လည်းတိုက်ဆိုင်နေပါတယ်။ရုပ်ရှင်အစပိုင်းမှာ Chris Pine ရဲ့ဇာတ်ကောင် Captain Kirk က Enterprise အာကာသယာဉ်ဟာ ငါးနှစ်ကြာ မစ်ရှင်ထဲ သုံးနှစ်ကြာလာပြီဖြစ်ကြောင်းပြောကြားခဲ့တယ်။ မူရင်းစီးရီးက season သုံးခုပဲကြာခဲ့တာကို ရည်ညွှန်းပြောဆိုခဲ့တာဖြစ်ပါတယ်။ ပြီးတော့ "အခြေအနေကနည်းနည်းလေးဇာတ်လမ်းတစ်ပိုင်းစီဖြစ်လာသလို ခံစားရတယ်" လို့လည်းပြောကြားခဲ့ပါတယ်။ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ်အရွှန်းဖောက်ရယ်သွမ်းသွေးတာတွေက franchise ရုပ်ရှင်အ တွက်ထိခိုက်စေနိုင်ပါတယ်။ဒါပေမဲ့ ဒီရည်ညွှန်းမှုတွေက အရသာ ပျက်လောက်တဲ့အထိသိသာမှုမရှိဘဲ စီးရီးကိုနှစ်ခြိုက်မြတ်နိုးသူတွေအတွက် ပိုပြီးရင်းနှီးမှုဖြစ်ကာအစစ်အမှန်လိုပိုပြီးခံစားရစေပါတယ်။

Kirk နဲ့ Spock တို့က သူတို့ရဲ့ ညီနောင်ရင်းလို ရင်းနှီးချစ်ခင်မှု bromance ကို ဆက်လက်အရှိန်ရ ထိန်းသိမ်းထားဆဲမှာ နှစ်ဦးစလုံးက လျှို့ဝှက်စွာနဲ့ ကိုယ့်လမ်းကိုယ်လျှောက်ဖို့ ကြိတ်ပြီးကြံစည်နေကြပါတယ်။Enterprise ကတည်ငြိမ်မှုမရှိတဲ့နက်ဗျူလာရဲ့အခြားတစ်ဖက်ကို ကယ်ဆယ်ရေးမစ်ရှင်တစ်ခုမသွားခင်အထိပါပဲ။ ရုတ်တရက် တော်ပီဒိုနဲ့တူတဲ့ အာကာသတိုက်ယာဉ်တွေက Enterprise ကို အပေါက်တွေဖြစ်သွားအောင်တိုက်ခိုက်ကြတယ်။အာကာသယာဉ်ကို ထိခိုက်ပျက်စီးစေပြီး ပန်ကားပြားအပိုင်းက ဂြိုဟ်တစ်ခုအပေါ် ထိုးကျကာ အဖွဲ့သားတွေက escape pod တွေနဲ့ စွန့်ခွာခဲ့ရတယ်။

ဂြိုဟ်ပေါ်ရောက်တာနဲ့ အဖွဲ့သားတွေက Krall ဦးဆောင်တဲ့ alien warrior နဲ့ ရင်ဆိုင်ရပါတော့တယ်။ Beyonds မှာသေးငယ်တဲ့အုပ်စုလေးတွေအဖြစ်ခွဲလိုက်ပြီးတစ်မူထူးတဲ့အတွဲတွေအဖြစ်ပေါင်းပေးလိုက်ခြင်းအားဖြင့် စိတ်လှုပ်ရှားစရာဆက်ဆံရေးဖြစ်ရပ်တွေပေါ်လာစေတယ်။Sci-fi ဇာတ်လမ်းရှည်ကားကြီးတွေရဲ့စံနှုန်းအတိုင်းပဲ Beyond ကအမြင်ပိုင်းဆိုင်ရာအထင်ကြီးလေးစားလောက်စရာကောင်းပါတယ်။ Yorktown လို့ခေါ်တဲ့ အလှအပများစွာရှိတဲ့ starbase က စက်လုံးတစ်ခုရဲ့အတွင်းပိုင်းမှာတည်ဆောက်ထားတယ်။ ဒါကြောင့် အဆောက်အအုံတွေက တစ်ခုနဲ့တစ်ခု ထောင့်မှန်နီးပါးဖြစ်နေပြီး Inception ရုပ်ရှင်ထဲကခေါက်ချိုးထားတဲ့မြို့ပြရှုခင်းနဲ့တူပါတယ်။ ဒါရိုက်တာ Justin Lin က Fast and Furious ရုပ်ရှင်လေးကားကို ရိုက်ကူးခဲ့သူလည်းဖြစ်ပါတယ်။ လက်ရှိရုံတင်တင်ချင်းမှာကမ္ဘာတစ်ဝန်းဝင်ငွေဒေါ်လာ ၈၉ သန်းရရှိထားပြီး ရုပ်ရှင်ဝေဖန်သူတွေက အများအားဖြင့်အကောင်းမြင်သုံးသပ်ထားကြတယ်။ Rotten tomatoes website မှာ tomatometer rating 84% ရရှိ ထားပါတယ်။









## BOX OFFICE

| | | | | |
| --- | --- | --- | --- | --- |
| Star Trek Beyond | $59.3M | $59.3M | 1 | |
| The Secret Life of Pets | $29.6M | $261.0M | 3 | |
| Lights Out | $21.7M | $21.7M | 1 | |
| Ice Age: Collision Course | $21.4M | $21.4M | 1 | |
| Ghostbusters | $21.0M | $86.3M | 2 | |
| Finding Dory | $7.2M | $460.2M | 6 | |
| The Legend of Tarzan | $6.6M | $116.0M | 4 | |
| Mike and Dave Need Wedding Dates | $4.4M | $40.3M | 3 | |
| Hillary's America: The Secret History of the Democratic Party | $4.0M | $4.1M | 2 | |
| The Infiltrator | $3.3M | $12.3M | 2 | |

# Funny JOKE

## ရထားလိုက်ခေါင်းဇာတ်လမ်းသစ်



*ငယ်ရွယ်တဲ့ programmer* တစ်ယောက်နဲ့ *project manager* တစ်ယောက်တို့က *Wichita* ဆီကောင်ပေါ်လမ်းကနေသွားတဲ့ ရထားကိုအတူစီးလာကြတယ်။ သူတို့က မိန်းမပျိုလေးတစ်ဦးနဲ့ သူ့ရဲ့အဖွားထိုင်နေတဲ့ခုံတန်းရဲ့တစ်ဖက်မှာထိုင်ရတယ်။ ခဏကြာတော့ မိန်းမပျိုလေးနဲ့ *programmer* တို့ တစ်ဦးနဲ့တစ်ဦး စိတ်ဝင်စားနေတာ ပေါ်လွင်ထင်ရှားလာတယ်။ သူတို့က တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်း ဖလှယ်နေကြပါတယ်။ မကြာခင်မှာပဲ ရထားက လိုဏ်ခေါင်းထဲဖြတ်သွားတဲ့အခါမိန်းမိတ်အောင်မှောင်သွားတယ်။ အဲဒီနောက် ပြွတ်ခနဲနမ်းလိုက်သံထွက်လာပြီးဖြောင်းခနဲပါးရိုက်သံကိုလည်းကြားရတယ်။

ရထားကလိုဏ်ခေါင်းတစ်ဘက်ကနေထွက်လာတော့ လေးယောက်သားဘာစကားမှမပြောဘဲအတွေးကိုယ်စီနဲ့ ထိုင်နေကြပါတယ်။ အဖွားက သူဘာသာတွေးတယ်။ "လူငယ်လေးက ငါ့မြေးမကိုနမ်းလိုက်တာ တော်တော်မျက်နှာပြောင်တာပဲ။ ငါ့မြေးလေးက သူ့ကို ပါးပြန်ရိုက်လိုက်လို့ တော်သေးရဲ့"

*Project manager* ကလည်းထိုင်ရင်းနဲ့တွေးနေတယ်။ "ဒီ *programmer* ကကောင်မလေးကိုနမ်းဖို့ သတ္တိရှိတာင်းခဲ့မယ်လို့မထင်ခဲ့ဘူး။ သူ ငါ့ကိုလွှမှားပြီးပါးမရိုက်ဘဲ တကယ်နမ်းတဲ့သူ့ကိုပဲရိုက်ခဲ့မိရင်ကောင်းမယ်"

မိန်းမပျိုလေးကလည်းထိုင်ရင်းနဲ့တွေးနေတယ်။ "ကောင်လေးက ငါ့ကိုနမ်းတာပျော်စရာကြီးတော့။ ဒါပေမဲ့ အဖွားက သူ့ကိုပါးမရိုက်ခဲ့ရင်ကောင်းမှာပဲ"

*Programmer* လူငယ်လေးက သူ့မျက်နှာပေါ်မှာကျေနပ်အားရတဲ့အပြုံးနဲ့ ထိုင်ရင်းတွေးနေတယ်။ "ဘဝကတော်တော်ကျေနပ်စရာပဲ။ မိန်းမချောလေးကိုနမ်းရပြီး တပြိုင်တည်းမှာပဲ *project manager* ကိုပါးရိုက်ရတာလောက်ကောင်းတဲ့အခွင့်ကောင်းမျိုး နောက်တစ်ခါ ပြန်ရနိုင်တော့မှာမဟုတ်ဘူး"

## ODD NEWS

### Xbox ကို သေနတ်နဲ့ ပစ်တဲ့လူငယ်

သူ့ညီရဲ့ Xbox ကိုကျည်ဆန် ၅၀ ကျော်နဲ့ ပစ်ခတ်ခဲ့တဲ့ လူငယ်တစ်ဦးကို ရဲကထိန်းသိမ်းလိုက်ပါတယ်။ ဩစတြေးလျမှာ ဖြစ်ပွားခဲ့တာဖြစ်ပြီး ပစ်ခတ်သူဟာအသက် ၂၄ နှစ်အရွယ်ဖြစ်ပါတယ်။ သူဟာထောင်ဒဏ် ၁ နှစ်ကျခံရမှာဖြစ်ပါတယ်။ အမည်မှာ Holman ဖြစ်ပြီးပစ်ခတ်ရတဲ့ အကြောင်းအရင်းမှာ သူ့ရဲ့ကားကို ညီဖြစ်သူကသေးနဲ့ပန်းခဲ့လို့ ဖြစ်ပါတယ်။ ညီဖြစ်သူဟာအသက် ၁၆ နှစ် အရွယ်ဖြစ်ပြီးသူ့အစ်ကိုကားကိုသေးနဲ့ ပန်းနေတာကို ဗီဒီယို ရိုက်ကူးပြီး Facebook မှာတင်ခဲ့ပါတယ်။ အစ်ကိုဖြစ်သူက ဒါကိုမ ကျေနပ်လို့ လက်စားချေခဲ့တာ ဖြစ်ပါတယ်။ အစ်ကိုကလည်း Xbox ကို သေနတ်နဲ့ပစ်တာကိုဗီဒီယိုမှတ်တမ်းတင်ခဲ့ပြီး Facebook မှာတင်ခဲ့ပါတယ်။ ထောင်ဒဏ်အပြင် Holman ဟာဒဏ်ငွေ ဒေါ်လာ ၅၀၀ ကိုလည်းပေးဆောင်ရမှာ ဖြစ်ပါတယ်။

### ဂျပန်က အာကာသသို့ ဓါတ်လှေခါးထောင်မည်



အာကာသကို ဓါတ်လှေခါးနဲ့တက်မယ်ဆိုတာမဖြစ်နိုင်တဲ့ နည်းပညာတစ်ခုပါ။ အခုတော့ မဖြစ်နိုင်တဲ့ အလုပ်ကိုဂျပန် အင်ဂျင်နီယာများကတီထွင်ပြလိုက်ပါပြီ။ STARS-C လို့ အမည်ရတဲ့ အရွယ်သေး ဂြိုလ်တုတစ်လုံးကို လာမယ့်လများမှာအာကာသသို့ လွှတ်တင်တော့မှာပါ။ အာကာသရောက်တာနဲ့ ဂြိုဟ်တုဟာ ၂ ပိုင်းခွဲ ထုတ်ပြီး နှစ်ပိုင်းကိုဖိုက်ဘာကြိုးနဲ့ ဆက်သွယ်ထားမှာပါ။ အပိုင်းတစ်ခုကိုကမ္ဘာမြေသို့ပို့ဆောင်၍ ဓါတ်လှေခါးတည်ဆောက်မှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းသာအောင်မြင်လျှင် အာကာသသို့ လူများ၊ အဆောက်အအုံပစ္စည်းများကိုဓါတ်လှေခါးဖြင့် ပို့ဆောင်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ဂြိုလ်တုကို Shizuoka University မှ ပညာရှင်များက တီထွင်ခဲ့တာ ဖြစ်ပါတယ်။ ထုတ်လုပ်မှု ကုန်ကျစားရိတ်မှာဒေါ်လာ ၉၈၀၀၀ သာရှိတဲ့အတွက် အခြားဂြိုလ်တုများတည်ဆောက်တာထက် အကုန်အကျများစွာသက်သာပါတယ်။

### Android အတွက် Prisma ရပြီ



Android အတွက် Beta Version ကိုဖြန့်ချိပြီး ရက်အနည်းငယ်အကြာမှာ Stable Version ကို Play Store မှာ ဖြန့်ချိပေးလိုက်ပါတယ်။ Prisma ဟာ ဓါတ်ပုံများကိုပန်းချီအဖြစ် ဖန်တီးပေးတဲ့ App ဖြစ်ပါတယ်။ Filters များစွာပါရှိပြီး အသုံးပြုချိန်မှာ အင်တာနက် ဆက်သွယ်မှုလိုအပ်ပါတယ်။ Prisma ကို iOS အတွက် စတင်ဖြန့်ချိပေးခဲ့တာဖြစ်ပြီး လူကြိုက်များရေပန်းစားခဲ့ပါတယ်။ ရုရှားအခြေစိုက် Prisma Lab က ဖန်တီးထားတာ ဖြစ်ပါတယ်။ Prisma ဟာဉာဏ်ရည်တုနည်းပညာကိုအသုံးပြုပြီး အံ့မခန်းအနုပညာလက်ရာများကို ဖန်တီးတာလို့ တီထွင်သူများကပြောပါတယ်။ နောက်ပိုင်းမှာ Video နဲ့ Virtual Reality များကိုပါ Prisma မှာထည့်သွင်းပေးမှာ ဖြစ်ပါတယ်။

# Facebook က Munich ပစ်ခတ်မှုအတွက် Safety Check ပြုလုပ်ပေး



Facebook က ဂျာမနီနိုင်ငံ မြူးနစ်မြို့မှာ ဖြစ်ပွားတဲ့ သေနတ်ပစ်ခတ်မှုအတွက် Safety Check ပြုလုပ်ပေးလိုက်ပါတယ်။ Safety Check ဟာ သဘာဝဘေးအန္တရာယ်များ၊ အကြမ်းဖက်မှုများဖြစ်ပွားတဲ့ နေရာဒေသမှ လူများလုံခြုံမှုရှိ မရှိအားသူငယ်ချင်းများထံ Facebook ကနေအသိပေးနိုင်တဲ့ စွမ်းဆောင်ချက် ဖြစ်ပါတယ်။

မြူးနစ်မှာသေနတ်ကိုင်ဆောင်ထားတဲ့ လူ ၃ ဦးဟာ လူ ၈ ယောက်ကိုသေစေခဲ့ပြီး ၁၀ ယောက်ကိုဆေးရုံတင်စေခဲ့ရတယ်လို့ ရဲများကပြောပါတယ်။ လက်နက်အပြည့်အစုံကိုင်ဆောင်ထားတဲ့ ရဲများကလမ်းမများမှာကင်းလှည့်နေပြီး ပြည်သူများအားအများပြည်သူနေရာများသို့ မသွားရန် သတိပေးထားပါတယ်။

ရဲများက ၉ ယောက်မြောက် လူသေအလောင်းကိုတွေ့ရှိခဲ့ပြီး အဲဒီလူဟာအကြမ်းဖက်သမားများထဲမှ တစ်ယောက်လားဆိုတာကို စုံစမ်းစစ်ဆေးနေပါတယ်။ ပစ်ခတ်မှုဟာ ညနေ ၆ နာရီမှာ ဖြစ်ပွားခဲ့တာဖြစ်ပြီး လူမှုကွန်ရက်များမှာပစ်ခတ်မှု ဗီဒီယိုများပျံ့နှံ့ခဲ့ပါတယ်။ ဗီဒီယိုမှာလူတစ်ဦးက McDonalds စားသောက်ဆိုင် အပြင်ဘက်မှာလူများကိုသေနတ်နဲ့ပစ်နေပါတယ်။ ဒီတိုက်ခိုက်မှုဟာ ဂျာမနီမှာတစ်ပတ်အတွင်း ၂ ကြိမ်မြောက်ဖြစ်ပြီး ပြီးခဲ့တဲ့ တနင်္လာနေ့ကလည်းအသက် ၁၇ နှစ်အရွယ် အာဖဂန် လူငယ်တစ်ဦးကရထားပေါ်မှာလူ ၄ ဦးကိုဓါးနဲ့ ခုတ်ပြီးဒဏ်ရာရစေခဲ့ပါတယ်။ လူငယ်ကို ရဲများကအသေပစ်ခဲ့ပါတယ်။

# 7-Eleven က Drone ဖြင့် ပထမဆုံးအကြိမ် ကုန်ပစ္စည်းပို့ဆောင်



7-Eleven အရောင်းဆိုင်ကကုန်ပစ္စည်းကို Drone ဖြင့် ဝယ်သူရဲ့အိမ်ထံ ပထမဆုံးအကြိမ်ပို့ဆောင်ပေးခဲ့ပါတယ်။ Drone တီထွင်တဲ့ ကုမ္ပဏီ Flirtey နဲ့ Convenience Store တို့ဟာ မကြာမီကပူးပေါင်းခဲ့တာပါ။ ယခုလအစောပိုင်းဇူလိုင် ၁၁ ရက်နေ့မှာ နီဗားဒါးပြည်နယ်၊ ရီနိုမှ ဝယ်ယူသူတစ်ဦးထံ ကုန်ပစ္စည်းကို Drone ဖြင့် ပို့ဆောင်ခဲ့တာပါ။

တစ်မိုင်ခရီးကိုပို့ဆောင်ပေးခဲ့တာဖြစ်ပြီး ကြက်သားညှပ်ပေါင်မုန့်၊ ဒိုးနတ်၊ ကော်ဖီ၊ သကြားလုံးတို့ကိုပို့ဆောင်ပေးခဲ့တာပါ။

Drone ဟာ GPS သုံး၍ ဝယ်သူထံအလိုအလျောက် ပျံသန်းခဲ့တာဖြစ်ပြီး လူကထိန်းချုပ်မောင်းနှင်ခြင်းမရှိပါဘူး။ Drone များဖြင့် ပစ္စည်းပို့ဆောင်ပေးတဲ့ နည်းပညာကို Amazon, Walmart တို့ အပါအဝင် အရောင်းဆိုင်များစွာကတီထွင်နေကြပါတယ်။ Drone များကို လူသတ်လက်နက်များအဖြစ် အကြမ်းဖက်သမားများကအသုံးချနိုင်တဲ့အတွက် အာဏာပိုင်များက Drone များကိုစီးပွားဖြစ် အသုံးပြုခြင်းကို နယ်မြေအချို့မှာသာ အကန့်အသတ်ဖြင့် ခွင့်ပြုထားပါတယ်။

## ODD NEWS

### နော်ဝေက ကမ္ဘာ့ပထမဆုံးရေအောက် ကားလမ်းကို တည်ဆောက်နေ



နော်ဝေက ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းဖို့ ရေအောက် ကားလမ်းကိုတည်ဆောက်နေပါတယ်။ ကမ္ဘာ့ ပထမဆုံးရေအောက် ကားလမ်းဖြစ်ပြီး ရေအနက် ပေ ၁၀၀ မှာတည်ဆောက်ထားတာဖြစ်ပါတယ်။ ၂ လမ်းသွားကားလမ်းမဖြစ်ပြီး လက်ရှိမှာ ၆၈၀ မိုင် အကွာအဝေးရှိတဲ့ Kristiansand နဲ့ Trondheim ကြားမှာတည်ဆောက်ထားတာဖြစ်ပါတယ်။ ဒေါ်လာ ၂၅ ဘီလီယံကုန်ကျမယ့် စီမံကိန်းဖြစ်ပြီး ၂၀၃၅ ခုနှစ်အရောက်မှာခရီးသွားများအတွက် အချိန် ၁၀ နာရီလျှော့ချပေးမှာ ဖြစ်ပါတယ်။ နော်ဝေမှာ လှိုင်ခေါင်းကား လမ်းပေါင်း ၁၁၅၀ ရှိပါတယ်။ ယခုလှိုင်ခေါင်းကတော့ ရေအောက်ထဲမှာတည်ဆောက်တဲ့ ပထမဆုံးလှိုင်ခေါင်းဖြစ်လာမှာပါ။

### Movie Screen နည်းပညာအသစ်က မျက်မှန်များ တပ်စရာမလိုဘဲ 3D ကြည့်နိုင်မည်




MIT ရဲ့ Computer Science and Artificial Intelligence Lab က မျက်မှန်များတပ်စရာမလိုဘဲ 3D ကြည့်နိုင်မယ့် Movie Screen နည်းပညာကိုတီထွင်လိုက်ပါတယ်။ အဲဒီနည်းပညာက ရုပ်ပုံများကိုပိုမိုကြည်လင်ပြတ်သားစေပါတယ်။ Cinema 3D လို့ နည်းပညာကိုအမည်ပေးထားပြီးရုပ်ရှင်ရုံရဲ့ ဘယ်နေရာကနေမဆို ရုပ်လုံးကြွစွာကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ Cinema 3D နည်းပညာကိုမကြာမီမြည်းစမ်းခွင့် ရမှာမဟုတ်သေးပါဘူး။ လက်ရှိမော်ဒယ်ဟာ iPad အရွယ်အစားလောက်သာရှိပါသေးတယ်။ ပညာရှင်များကရုပ်ရှင်ရုံမှ ပိတ်ကားအရွယ်အစားရှိတဲ့ Cinema 3D Screen များကိုဆက်လက်တီထွင်ကြမှာ ဖြစ်ပါတယ်။

### Google Maps မှာဒေတာသက်သာစေဖို့ WiFi Only Mode ကိုစမ်းသပ်နေ




Google က WiFi ဆက်သွယ်မှုဖြင့်သာဒေတာများ Download ပြုလုပ်နိုင်တဲ့ စွမ်းဆောင်ချက်ကို Maps App မှာထည့်သွင်းဖို့ စမ်းသပ်နေတယ်လို့ TechCrunch က ရေးသားထားပါတယ်။ အဲဒီစွမ်းဆောင်ချက်ဟာ Mobile Data သက်သာစေဖို့ဖြစ်ပါတယ်။ Maps Settings ထဲရှိ Offline Areas ကဏ္ဍမှာ WiFi Only Mode ကိုအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အဆိုပါ Mode ကိုအသုံးပြုနေပေမယ့်လည်း Cellular Data ကိုအနည်းငယ် အသုံးပြုမှာဖြစ်ပါတယ်။ New York City လိုလမ်းမများမှာအခမဲ့ WiFi ထုတ်လွှင့်ပေးထားတဲ့ နေရာဒေသများအတွက် အလွန်အသုံးဝင်မှာဖြစ်ပါတယ်။ Google က အဲဒီစွမ်းဆောင်ချက်ကိုစမ်းသပ်နေတယ်ဆိုတာကို The Verge ကိုအတည်ပြုခဲ့ပါတယ်။

# Amazon က ဗြိတိန်မှာ Drone များဖြင့် ကုန်ပစ္စည်းများ ပို့ဆောင်မှုကိုစမ်းသပ်နေ




Amazon က ကုန်ပစ္စည်းများကို Drone ဖြင့် သယ်ယူပို့ဆောင်ပေးဖို့ တီထွင်နေပါတယ်။ ယခုအခါ Amazon က ဗြိတိန်အစိုးရနဲ့ ပူးပေါင်းပြီး အဲဒီနိုင်ငံမှာ Drone များဖြင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ပေးတာကိုစမ်းသပ်နေပါတယ်။ ဗြိတိန်လေကြောင်းညွှန်ကြားမှုဦးစီးဌာနနဲ့ ပူးပေါင်းပြီး ကျေးလက်ဒေသဖြစ်တဲ့ အရပ်ဒေသများမှာစမ်းသပ်မှာဖြစ်ပါတယ်။ အဲဒီဒေသများမှာ Drone များဟာ အတားအဆီးများကိုကျော်လွှားနိုင်ခြင်းရှိမလားဆိုတာကိုလည်း စမ်းသပ်ကြမှာဖြစ်ပါတယ်။

ယခင်နှစ် နိုဝင်ဘာလတွင် အမေဇုန်က ၁၅ မိုင်အကွာအဝေးကို မိနစ် ၃၀ အတွင်းမှာကုန်ပစ္စည်းများသယ်ယူပို့ဆောင်ပေးနိုင်တဲ့ Drone ကို ပြသခဲ့ပါတယ်။ ယခုနှစ် ဇန်နဝါရီလမှာလည်း အမေဇုန်က မတူညီတဲ့ အရပ်ဒေသများအတွက် စွမ်းရည်ကွဲပြားတဲ့ Drones များကိုတီထွင်နေတယ်လို့ ပြောပါတယ်။ အမေရိကန် အာဏာပိုင်များက Drone များကိုစီးပွားဖြစ် အသုံးပြုခြင်းကိုတားဆီးထားတဲ့အတွက် အမေဇုန်က ဗြိတိန်မှာစမ်းသပ်တာဖြစ်ပါတယ်။

အမေဇုန်လိုပဲ ပြိုင်ဘက်များဖြစ်တဲ့ Walmart နဲ့ UPS တို့ကလည်း Drone များဖြင့် ကုန်ပစ္စည်းများပို့ဆောင်ပေးဖို့ ကြိုးစားနေကြပါတယ်။

# တရုတ်က ကမ္ဘာ့အကြီးဆုံးဝေဟင်နဲ့ ရေပေါ်သွားလေယာဉ်ပျံကို ပြသ




တရုတ်အစိုးရပိုင် ကုမ္ပဏီကတည်ဆောက်ခဲ့တဲ့ ဝေဟင်နဲ့ ရေပေါ်သွားလေယာဉ်ပျံကိုပြသလိုက်ပါတယ်။ AG600 လို့ အမည်ပေးထားပြီးကမ္ဘာ့အကြီးဆုံးဝေဟင်နဲ့ ရေပေါ်သွားလေယာဉ်ဖြစ်လာပါတယ်။ AG600 ဟာ Boeing 737 အရွယ်အစားရှိပြီး ၂၈၀၀ မိုင်ကိုမရပ်မနားပျံသန်းနိုင်ပါတယ်။ တောမီးလောင်ခြင်း၊ ချေပြင်ကယ်ဆယ်ရေးလုပ်ငန်းများမှာအဓိကအသုံးပြုမှာဖြစ်ပါတယ်။

AG600 ကို တရုတ်အစိုးရပိုင် Aviation Industry Corporatioin of China က Zhuhai မှာတည်ဆောက်ခဲ့တယ်လို့ Xinhua သတင်းဌာနကရေးသားထားပါတယ်။ သဘာဝပတ်ဝန်းကျင်လေ့လာခြင်း၊ သယံဇာတအရင်းအမြစ်များရှာဖွေခြင်းနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှာလေယာဉ်ဟာ အလွန်အသုံးဝင်မှာဖြစ်ပါတယ်။

# ခေတ်သစ်ယာဉ်မောင်းများအတွက် လောင်စာဆီချွေတာနိုင်စေမည့် မောင်းနှင်မှုအလေ့ထများ

ရန်ကုန်မြို့မှာကားပိတ်ရတဲ့ အကြောင်းရင်းတွေကို ပြန်လည်စိစစ်ကြည့်မယ်ဆိုရင် ကားအစီးရေများလာခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုမလိုက်နာခြင်း၊ လမ်းဘေးဈေးသည်များမှ ကားလမ်းကိုနေရာယူအပိုင်စီးခြင်းနဲ့ လမ်းမများပျက်စီးနေခြင်းဆိုတဲ့အကြောင်းအရာတွေကိုတွေ့ရပါလိမ့်မယ်။ ဒီအကြောင်းအရာတွေထဲမှာ ယာဉ်မောင်းသူအများစုထိန်းနိုင်တာကယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတစ်ခုလောက်ပဲရှိပြီးကျန်တဲ့အချက်တွေကိုတော့ သက်ဆိုင်ရာဌာနတွေကနေဖြေရှင်းပေးမှပဲရပါလိမ့်မယ်။ လက်ရှိအခြေအနေမှာ ဒီပြဿနာတွေကိုဖြေရှင်းဖို့ ကြိုးစားနေဆဲဖြစ်တာကြောင့် ကားပိုင်ရှင်လောင်းတွေ(သို့)ကားလဲလှယ်စီးနင်းလိုသူတွေအနေနဲ့ ကားဝယ်တဲ့အခါ ပိတ်ကြပ်လွန်းတဲ့လမ်းတွေကြောင့် ဆီစားနှုန်းကိုပါ ထည့်သွင်းစဉ်းစားဖို့လိုလာတယ်။ နောက်ပိုင်းထွက်ကားတွေကဆီစားနှုန်းနည်းပြီးစွမ်းဆောင်ရည်မဆိုးဘူးဆိုပေမယ့် ကျွန်တော်တို့ရဲ့ မောင်းနှင်တဲ့အလေ့အထကနေလည်းဆီစားသက်သာအောင် ထပ်မံချွေတာလို့ရပါသေးတယ်။ ဒါကြောင့် ကျွန်တော်တို့ motors.com.mmအနေနဲ့ ဒီတစ်ပတ်မှာဆီစားချွေတာနိုင်စေမယ့် နည်းလမ်းတွေကိုထပ် ဆင့်ပြန်လည်ဝေမျှပေးလိုက်ရပါတယ်။ လောင်စာဆီအတွက် ငွေကုန်ကြေးကျသက်သာစေပြီးခရီးဝေးဝေးနှင်နိုင်စေမယ့် နည်းလမ်းတွေကိုလေ့လာကြည့်လိုက်ရအောင်ရ

## တာယာလေပေါင်



မြို့ထဲဟိုဟိုဒီဒီလျှောက်သွားတာပဲဖြစ်ဖြစ်၊ ဟိုင်းဝေးခရီး ရှည်သွားတာပဲဖြစ်ဖြစ် ကားတာယာအတွင်းမှာရှိတဲ့ လေပေါင်ကိုသင့်လျော်မှုရှိအောင် ချိန်ညှိပေးထားဖို့လိုပါတယ်။ လေပေါင်ချိန်ဖို့အတွက် လေထိုးဆိုင်တွေကကူညီပေးနိုင်ပြီးလိုအပ်ရင် လေပေါင်ပြန်ဖြည့်တာမျိုးတွေ လုပ်ပေးပါလိမ့်မယ်။ လေပေါင်မှန်ကန်တဲ့ကားက မြို့တွင်းလမ်းတွေမှာစွမ်းဆောင်ရည်ပိုကောင်း (ထိန်းသိမ်းမောင်းနှင်ရပိုကောင်း) သလိုလောင်စာဆီအသုံးပြုမှုကိုလည်း ၃% အထိချွေတာပေးနိုင်တယ်။ တာယာလေပေါင်ကိုချိန်ဆရာမှာ ကုယ်စီးနေတဲ့ကားအမျိုးအစားအလိုက် ထုတ်လုပ်သူရဲ့ လမ်းညွှန်ချက်တွေကိုလိုက်နာနိုင်ရင် အကောင်းဆုံးပါပဲ။

တာယာတွေနဲ့ပတ်သတ်ပြီးနောက်ထပ်ပြောစရာအချက်တစ်ခုက မူရင်းအော်ရိဂျင်နယ်တာယာတွေ ပန်းပါးပြီးသုံးစားမရဖြစ်တဲ့အခါ (လိမ့်အားခုခံမှုကိုလျှော့ချပေးနိုင်တဲ့) Low rolling resistance တာယာတွေနဲ့ လဲလှယ်တပ်ဆင်ပေးပါ။ သိသာထူးခြားတဲ့ အပြောင်းအလဲကိုတွေ့ရမှာမဟုတ်ပေမယ့် ရေရှည်အတွက် ပိုကောင်းပါတယ်။

## အင်ဂျင်



ခေတ်ပေါ်ကားတွေမှာ လောင်စာဆီနည်းနည်းသုံးပြီးရှန်းအားများများထုတ်ပေးနိုင်စေဖို့အတွက် အင်ဂျင်ကို Tuning လုပ်လို့ရပါတယ်။ အင်ဂျင် Tuning ကိုဆားဗစ်စင်တာတွေမှာ ပြုလုပ်နိုင်ပြီး အင်ဂျင်အတွက် အဓိကစွမ်းအင်ထောက်ပံ့ပေးတဲ့ လမ်းကြောင်းအစိတ်အပိုင်းတွေကိုလည်းအချိန်ပိုင်းအလိုက် စစ်ဆေးပေးသင့်ပါတယ်။ ဥပမာ - လေစစ်ထဲမှာ အမှုန်တွေ၊ အညစ်အကြေးတွေနဲ့ ပိတ်နေတဲ့အခါ အင်ဂျင်ဆီအတွက် လိုအပ်တဲ့ အောက်ဆီဂျင်ပမာဏကိုကောင်းကောင်းထောက်ပံ့ပေးနိုင်မှာမဟုတ်ပါဘူး။ ဒီအတွက် သုံးလတစ်ကြိမ်လောက် လေစစ်ကိုစစ်ကြည့်သင့်ပြီးကိုးလတစ်ခါအသစ်လဲလှယ်ပေးသင့်ပါတယ်။ လေစစ်၊ ဆီစစ်ပိတ်ဆို့မှုတွေက အသေးအမွှားလို့ ထင်ရပေမယ့် အင်ဂျင်စွမ်းဆောင်ရည်ကိုဆိုးကျိုးပြုပြီးဆီစားနှုန်းများစေတယ်ဆိုတာသတိပြုဖို့လိုတယ်။

အင်ဂျင်နဲ့ပတ်သတ်ပြီး ဆီစားနှုန်းချွေတာနိုင်တဲ့ နောက်ထပ်နည်းလမ်းတစ်ခုက Idle (ကားကိုမရွေ့စေဘဲအင် ဂျင်နှိုးထားတဲ့) အချိန်ကိုနည်းပါးစေတာဖြစ်ပြီးအချိန်ကြာကြာကားပိတ်မယ်လို့ ယူဆရရင် ကားစက်သတ်ထားခြင်းနဲ့ ဆီချွေတာနိုင်ပါတယ်။ ခေတ်သစ်ကားတွေမှာ Idle ချိန်တွေရောက်တဲ့အခါ အင်ဂျင်ကိုအလိုအလျောက်ပိတ်ပေးနိုင်တဲ့ Automatic Start-stop စနစ်တွေ ပါဝင်လာပြီးဆီစားနှုန်းကိုပိုမိုလျှော့ကျစေပါတယ်။

## ဆီတိုင်ကီ




ဓာတ်ဆီဖြစ်စေ၊ ဒီဇယ်ဖြစ်စေဆီတိုင်ကီထဲမှာထည့်ထားတဲ့ လောင်စာဆီဟာမော်တော်ကားထုတ်လုပ်သူတွေ အကြံပြုပေးထားတဲ့ ကွာလတီဖြစ်နေဖို့လိုပါတယ်။ ဆီတိုင်ကီထဲကဆီအနည်းအများဟာ ဆီဟားနှုန်းအပေါ် ထိထိရောက်ရောက် အကျိုးသက်ရောက်မှုမရှိဘူးဆိုပေမယ့် ဗဟုသုတအနေနဲ့ မှတ်ဝေရရင် တိုင်ကီထဲမှာဆီအပြည့် ရှိတဲ့အခါ ဆီရဲ့အလေးချိန်ကြောင့် ဆီးစားနှုန်းအပေါ် မသိသာတဲ့ ဆိုးကျိုးသက်ရောက်နိုင်သလိုဆီအရမ်းနည်းနေတဲ့အခါ (လေးပုံတစ်ပုံထက် နည်းနေတဲ့အခါ) ဆီပန့်မှာဖိအားများစေပါတယ်။ အကောင်းဆုံးကတိုင်ကီအပြည့်လည်းမဟုတ်၊ တိုင်ကီရဲ့ လေးပုံတစ်ပုံအနေအထား ဖြည့်တင်းထားသင့်တယ်လို့ ပညာရှင်တို့ကကတ်သီးကတ်ဖဲ့ အကြံပြုထားတယ်။

ဆီပေးဝေမှုစနစ် (Fuel-injection System) ကိုအကောင်းဆုံးအနေအထားမှာရှိနေစေဖို့ အောက်ဆီဂျင် အာရုံခံကိရိယာ (Oxygen Sensor) (သို့) အလားတူစနစ်ကိုစစ်ဆေးကြည့်သင့်ပါတယ်။ ပုံမှန်မဟုတ်ဘဲ ချို့ယွင်းနေတဲ့ ဆီပေးဝေမှုစနစ်ကဆီစာနှုန်းကို ၂၀% လောက် ပိုများသွားစေရုံသာမက ပြန်ပြင်တဲ့အခါ ငွေကုန်ကြေးကျများစေပါလိမ့်မယ်။

## ဘရိတ်



စာဖတ်သူစီးနေတဲ့ကားဟာဟိုက်ဘရစ် (သို့) ပလပ်ထိုးအားသွင်းရတဲ့ လျှပ်စစ်ကားဆိုရင် မလိုအပ်ဘဲဘရိတ် ခဏခဏမအုပ်တာပိုကောင်းပါတယ်။ အကြောင်းကဒီကားတွေမှာ Regenerative Braking Technology ဆိုတဲ့ နည်းပညာပါဝင်ပြီးဒီနည်းပညာက လီဗာကနေခြေထောက်ကိုခွာလိုက်တဲ့အခါ ဘီးတွေမှာလက်ရှိရှိနေတဲ့ အဟုန်ကိုလျှပ်စစ်အားအဖြစ် ဖန်တီးပြီးဘက်ထရီတွေဆီ ပြန်ပို့ပေးပါတယ်။ တစ်ခုရှိတာက Regenerative Braking စနစ်ရဲ့ အကျိုးပြုမှုကိုရစေဖို့ ဘရိတ်မအုပ်တာမျိုးမလုပ်သင့်ဘဲလိုအပ်ရင် ဘရိတ်ကိုသုံးရမှာပါ။

မောင်းနှင်သင့်တဲ့ အမြန်နှုန်းနဲ့ ပတ်သက်ပြီးပြောရရင် အမြင့်ဆုံးဂီယာမှာအနိမ့်ဆုံးရနိုင်တဲ့ အမြန်နှုန်းမျိုးနဲ့ မောင်းနှင်ပါ။ အင်ဂျင်ရဲ့လည်ပတ်နှုန်း (RPM) ကိုသိသိသာသာလျှော့ချနိုင်တာကြောင့် ယာဉ်ကိုဆီစားပိုသက်သာစေပါတယ်။ အမြန်နှုန်းအတွက် မိုင်ကုန်တင်မောင်းတဲ့အခါ ကျွန်တော်တို့သိထားပြီးတဲ့အတိုင်း အင်ဂျင်ကိုဝန်ပိုစေတာကြောင့် ဆီစားနှုန်းပိုများသွားပါလိမ့်မယ်။

နောက်ထပ် သတိပြုရမယ့် အချက်တစ်ခုကယာဉ်ကြောပိတ်ပြီးခပ်နှေးနှေးသွားနေရတဲ့အခါ ဖြစ်နိုင်ရင် ရှေ့ကားအတိုင်းထပ်ကြပ်မကွာလိုက်မမောင်းသင့်ပါဘူး။ ဒီလိုနောက်ကကပ်မောင်းတာကို Tailgating လို့ခေါ်ပြီး Tailgating လုပ်တာကြောင့်လည်း အင်ဂျင်ကိုဝန်ပိုစေတတ်ပါတယ်။ ကျွန်တော်တို့ သိပြီးတဲ့အတိုင်းသုံးစက္ကန့်စာအကွာအဝေးကနေခွာလိုက်ပါ။ အန္တရာယ်ကင်းရှင်းရေးအတွက်အထောက်အကူဖြစ်စေသလိုဆီစားနှုန်းကိုလည်းချွေတာနိုင်ပါလိမ့်မယ်။

## အခြားမှတ်သားဖွယ်များ




နောက်ထပ်မှတ်သားစရာကအင်ဂျင်ဝိုင်လဲတဲ့ အခါမျိုးမှာ အင်ဂျင်တွင်းအညစ်အကြေးတွေကိုသန့်ရှင်းပေးနိုင်ပြီး အင်ဂျင်ဝိုင်ရဲ့စွမ်းဆောင်ရည်ကိုပိုမိုကောင်းမွန်စေတဲ့ Synthetic Oil Additive တွေ ထပ်ထည့်ပေးနိုင်ပါတယ်။ ဒီအရာတွေကအင်ဂျင်ရဲ့ သက်တမ်းကိုပိုမိုကြာရှည်စေတဲ့အပြင် လောင်စာဆီအသုံးပြုမှုကို ၁၅% အထိချွေတာနိုင်စေတယ်။ မြို့ထဲမှာ ခဏတစ်ဖြုတ်သာသွားရတဲ့ ခရီးတိုမျိုးတွေအတွက် အဲယားကွန်းကိုတရားလွန်မသုံးသင့်ပါဘူး။ ကားအဲယားကွန်းကလည်းဆီစားနှုန်းများစေတဲ့အကြောင်းရင်းတွေထဲမှာတစ်ခုအပါအဝင်ဖြစ်ပါတယ်။

ဟိုင်းဝေးမောင်းမယ့်လူတွေအတွက် ကားမှာ Cruise Control ပါတယ်ဆိုရင် ဒီစနစ်ကိုဖွင့်သုံးပါ။ ကားရဲ့ အမြန်နှုန်းကိုတည်ငြိမ်စေရုံသာမကဆီစားနှုန်းကိုလည်းသက်သာစေပါလိမ့်မယ်။ ချွင်းချက်တစ်ခုအနေနဲ့ပြောရရင် မိုးသည်းထန်စွာရွာနေတာမျိုး ရာသီဥတုဆိုးဝါးနေရင်တော့ ကားရဲ့ Sensor တွေဟာပုံမှန်အလုပ်မလုပ်တာမျိုးဖြစ်တတ်ပြီးအဲဒီလိုအချိန်တွေမှာ Cruise Control ထက် ကိုယ့်အားကိုယ်ကိုးပြီးမောင်းနှင်သင့်ပါတယ်။

နောက်ဆုံးပြောချင်တဲ့တစ်ခုကဟိုက်ဘရစ်မဟုတ်တဲ့ ဆီကား (သို့) လျှပ်စစ်ကားတွေမှာဝန်ပိုတင်မိတဲ့အခါ ဆီစားနှုန်းပိုများတတ်ပါတယ်။ ဒါကြောင့် မလိုအပ်တဲ့ ပစ္စည်းအလေးကြီးတွေကို ကားပေါ်မှာမထားဘဲလိုအပ်တဲ့အရာတွေနဲ့ ပေါ့ပေါ့ပါးပါးအရာတွေကိုပဲ ကားနဲ့အတူသယ်သွားသင့်တယ်။ ကားရဲ့အလေးချိန်ကိုအတိုင်းထက်အလွန်လျှော့ချချင်တယ်ဆိုရင် လုပ်ငန်းသုံးဗန်ကားလိုမျိုးတွေမှာ နောက်ထိုင်ခုံတွေ ဖြုတ်ထုတ်တာမျိုးနဲ့ SUV တွေမှာကားခေါင်မိုးပေါ်က မလိုဘဲပိုနေတဲ့ ဝက်ခြံတွေ ဖယ်ထုတ်တာမျိုးလုပ်နိုင်ပါတယ်။

ဖော်ပြခဲ့တဲ့ နည်းလမ်းတွေအပြင် ကားတစ်စီးရဲ့ ဆီစားနှုန်းကိုချွေတာပေးနိုင်တဲ့ တခြားအချက်တွေလည်းရှိပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ motors.com.mm က ဖော်ပြခဲ့တဲ့အချက်တွေလောက်ကို အလေ့အကျင့်ဖြစ်အောင်လုပ်ထားရင် ရေရှည်မှာလောင်စာဆီအတွက် ငွေကုန်ကြေးကျ သက်သာသွားမယ်ဆိုတာအသေအချာပါပဲ။

## ကမ္ဘာတစ်ဝန်း Pokémon Go ဂိမ်း download ချယူမှု ၇၅ သန်းကျော်ပြီဟုခန့်မှန်း

GAME NEWS



Pokémon Go ကတရားဝင်စံချိန်သစ်တစ်ခုရရှိထားပြီးသားဖြစ်ပါတယ်။ အဲဒါကတော့App Storeမှာစတင်ဖြန့်ဝေပြီး တစ်ပတ်အတွင်း download ချတဲ့ကြိမ်ရေအများဆုံးစံချိန်ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဂိမ်းကနောက်ထပ်စံချိန်တွေဆက်ချိုးဖို့တာစူနေပါတယ်။ App တွေ ခွဲခြမ်းစိတ်ဖြာတဲ့အဖွဲ့Sensor Tower က စနေ၊တနင်္ဂနွေရက်တွေအတွင်း Google Play store တစ်ခုတည်းကဂိမ်းကို download ချယူမှုသန်း ၅၀ ရှိတယ်လို့ခန့်မှန်းထားတယ်။ ဒါက နောက်ထပ်စံချိန်သစ်တစ်ခုဖြစ်ပြီး စုစုပေါင်းအနေနဲ့ ဂိမ်းကို iOS နဲ့ Android ကိရိယာ ၇၅ သန်းအပေါ် install လုပ်ထားတယ်လို့သုတေသနကုမ္ပဏီက ပြောပါတယ်။ Pokémon Go ဂိမ်းရဲ့ ကိုယ်စားပြုစရာဖြစ်တဲ့ Pikachu မှာနောက်ထပ်အရှိန်တွေကျန်နေသေးတယ်လို့လည်း Sensor Tower ကယူဆထားပါတယ်။ ဂိမ်းကအခုအချိန်အထိ ဈေးကွက် ၃၂ ခုမှာပဲ ရရှိနိုင်ပါသေးတယ်။ Google Store နဲ့ App Store တို့က ဒီ content ကိုဖြန့်ဝေပေးနိုင်တဲ့ဈေးကွက်စုစုပေါင်းအခု ၁၀၀ ကျန်ပါသေးတယ်။ ဂိမ်းထွက်ရှိပြီး ပထမနှစ်လအတွင်းမှာ download ချယူမှု သန်း ၁၀၀ ရောက်ရှိနိုင်တယ်လို့ အဖွဲ့ကခန့်မှန်းထားတယ်။ ယှဉ်ကြည့်ရင် ၂၀၁၂ မှာ စတင်ထွက်ရှိခဲ့တဲ့ dating app Tinder ကဒီနှစ် ဇန်နဝါရီလ ရောက်မှသန်း ၁၀၀ download အဆင့်ကိုရောက်ရှိတာဖြစ်ပါတယ်။ မှန်မှန်တတ ပြောရရင် ဂိမ်းတွေက ဒီလိုကိန်းဂဏန်းမျိုးကို ခပ်မြန်မြန် ရာက်ရှိလေ့ရှိပါတယ်။ ဒါပေမဲ့ Pokémon ဂိမ်းကိုဂိမ်းအနေဖြင့်သာ ခွဲခြားဖို့ ပိုပိုပြီးခက်ခဲလာတယ်။ ဒီဂိမ်းက social တွေ့ကြုံခံစားမှုနဲ့ ပိုတူလာပါတယ်။ စိတ်ဝင်စားစရာကောင်းတာက ဒီဂိမ်းကိုထုတ်လုပ်တဲ့ Niantic ရဲ့ အခြား location-based game Ingress ကလည်း Pokémon Go ဖြန့်ဝေတဲ့အချိန်အတွင်း ဂျပန်မှာထကြွအားကောင်းလာတာကို တွေ့ကြုံရတာပဲဖြစ်ပါတယ်။Ingress ကအခုဂျပန်မှာ ပထမဆုံးအဖြစ် App Store အတွင်း Top 10 ဝင်ခဲ့တယ်။

## Nintendo NX က ဖြုတ်တပ်နိုင်တဲ့ controller နဲ့ portable console ဖြစ်မည်ဟုဆို

GAME HARDWARE



Nintendo ရဲ့နောက်လာမယ့် NX ဂိမ်းစက်အသစ်ကသယ်သွားနိုင်တဲ့လက်ကိုင် console ဖြစ်ပြီး detachable controller ပါဝင်မှာဖြစ်ကြောင်း အတည်ပြုပြောကြားချက်တွေထွက်ပေါ်လာပါတယ်။ သွားရင်းလာရင်းနဲ့ဆိုရင် NX က ကိုယ်ပိုင် display နဲ့ စွမ်းအားမြင့်လက်ကိုင် console အဖြစ်လုပ်ဆောင်မှာဖြစ်ပါတယ်။ အခုအချိန်ထိတော့ပုံမှန်အတိုင်းပါပဲ။ ဒါပေမဲ့ လှည့်ကွက်ကဒီနေရာမှာစတင်တယ်။ Screen ရဲ့အဖျားစွန်းနှစ်ဘက်မှာ controller နှစ်ခုနဲ့ညှပ်ထားပြီး လိုသလိုဖြုတ်နိုင်တတ်နိုင်တယ်။နောက် အိမ်ကိုပြန်ရောက်တဲ့အခါ TV နဲ့ဆက်သွယ်ပြီးကြီးမားတဲ့screen မှာဂိမ်းကစားနိုင်မှာဖြစ်ပါတယ်။ Controller ထဲမှာရှိတယ်လို့ဆိုတဲ့ NX ရဲ့ brain နဲ့ TV ကို base unit ဒါမှမဟုတ် dock station က ဆက်သွယ်ပေးမှာဖြစ်ပါတယ်။ ဂိမ်း software ရဲ့ physical media အဖြစ် NX က ဂိမ်းခွေ cartridge ကိုသုံးစွဲမယ်လို့ဆိုတယ်။ NXက ပထမဦးစားပေးအဖြစ် လက်ကိုင်ဂိမ်းစက်ဖြစ်တာကြောင့် ဒီရွေးချယ်မှုက အံ့ဩစရာတော့မရှိပါဘူး။ သိုလှောင်မှုအရွယ်အစားအဖြစ် 32 GB ရှိဖို့ ထောက်ခံအကြံပြုထားတယ်။ PS4 နဲ့ Xbox One လိုခေတ်ပေါ်ဂိမ်းတွေနဲ့ယှဉ်ရင်တော့သေးပါတယ်။ Wii နဲ့ Wii U ဂိမ်းတွေနဲ့ တွဲဖက်ကစားနိုင်မှာမဟုတ်ပါဘူး။ Console အသစ်ကAndroid နဲ့လည်းပတ်မှာမဟုတ်ဘဲ Nin tendo ရဲ့ custom OS ကိုပဲသုံးစွဲပါလိမ့်မယ်။ NX ရဲ့ System-on-Chip(SoC) အဖြစ် Nvidia ရဲ့ Tegra chip ကိုမှမ်းမံသုံးစွဲမယ်။ Nintendo ကစွမ်းအားကြီးမားမှုနောက်ကိုလိုက်မှာမဟုတ်ပါဘူး။နည်းပညာကို လက်ကိုင်စက်ထဲညှစ်ထည့်ပေးနိုင်ဖို့ graphic power စွမ်းအားတွေစွန့်လွှတ်စတေးဖို့သေချာသလောက်ရှိတယ်။ တရားဝင်မထုတ်ပြန်သေးပေမဲ့ ၂၀၁၇ မတ်လမှာ ထွက်မယ်လို့ခန့်မှန်းရတယ်။




အချိန်ကတော့ ၁၉၈၈ ခုနှစ်။Hoverbike တွေနဲ့ အိတ်ဆောင် vinyl record player တွေခေတ်စားနေတဲ့ကာလ။ သင်က လုံခြုံရေးမြင့်မားတဲ့အိမ်တော်ကြီးထဲထိုးဖောက်ဝင်ရောက်ဖို့ကြိုးစားနေတယ်။ သင်ယူရမယ့်လုံခြုံရေးသေတ္တာ safe က မှန်းထားတဲ့အတိုင်း လေဆာတန်းတွေနဲ့ဝန်းရံထားတယ်။ သင်က လေးလံတဲ့ laptop ကို အောက်ချလိုက်ပြီး keystroke တွေတဖျောင်းဖျောင်းရိုက်ပြီးတဲ့အခါ Enter ကိုခေါက်လိုက်တယ်။ ဝင်းခြံထဲက အခြားတစ်နေရာမှာ အသေအချာနေရာချထားတဲ့ခရီးဆောင်အိတ်ကပွင့်သွားပြီး ရိုင်ဖယ်တစ်လက်ထွက်လာတယ်။ ဆုံလည်ကနေချိန်ရွယ်ပြီး ခလုတ်တစ်ခုကိုပစ်လိုက်တယ်။ သင်ပရိုဂရမ်သွင်းထားတဲ့အတိုင်းပါပဲ။ လေဆာတွေပျောက်သွားတာနဲ့ သင်ကခုန်ထလှုပ်ရှားပြီး safe ကိုရောသင်ကိုယ်တိုင်ကိုပါ မှန်ပြတင်းပေါက်ကနေဒိုင်ဗင်ထိုးဖောက်ထွက်ရမှာပါ။ သုံးထပ်တိုက်အမြင့်ကနေအောက်ကိုလျှောဆင်းပြီး alarm တွေမမြည်ခင်စက္ကန့်ပိုင်းအတွင်း extraction point ဆီတန်းပြီးသွားရတယ်။ ရည်မှန်းချက်ပြီးစီးသွားပြီး မစ်ရှင်အောင်မြင်မှုကို ပူးပေါင်းကြံစည်သူနဲ့စတိုင်ကျကျအောင်ပွဲခံဖို့ အိမ်ကိုပြန်လာရုံပါပဲ။

Quadrilateral Cowboy ဟာထင်ရှားကွဲထွက်တဲ့တွေ့ကြုံခံစားမှုနှစ်မျိုးပါတဲ့ဂိမ်းဖြစ်ပါတယ်။ ပထမတစ်ခုက Mission: Im possible စတိုင်ခိုးဝင်ဖောက်ထွင်းမှုတွေနဲ့စိတ်တင်းကျပ်မှုမျိုးဖြစ်ပြီး အသက်ဘေးအန္တရာယ်ကြီးတဲ့ဖြစ်စဉ်တွေ၊ logic ကိုသုံးစွဲဖို့စိန်ခေါ်မှုတွေ၊ computer hacking နဲ့ criminal ရည်မှန်းချက်တွေ ပြီးစီးအောင်လုပ်ဖို့ထူးခြားတဲ့ gadget အမျိုးမျိုးသုံးစွဲမှုတွေပါဝင်တယ်။ ဒုတိယတစ်ခုက သင်နဲ့သင်ရဲ့အပေါင်းပါတွေရဲ့ နေအိမ်က အေးချမ်းတိတ်ဆိတ်တဲ့အခိုက်အတန့်ဖြစ်ပါတယ်။

Quadrilateral Cowboy ရဲ့ ကမ္ဘာကထူးဆန်းတယ်။ ရှေးဟောင်းသွင်ပြင်နဲ့ အနာဂတ်ဆန်တဲ့ နည်းပညာအပေါင်းအစပ် retro- futuristicဆန်တယ်။ ၁၉၈၀ နှစ်တွေအစောပိုင်းကအကောင်းဆုံးနည်းပညာကိုanalog ပုံစံနဲ့ပေါင်းစပ်ပြီး cyberpunk ကို ပစ်ထည့် ပေးထားတယ်။Hacking ကပျော်စရာကောင်းတယ်။ ခိုးယူဖောက်ထွင်းမှုဖြစ်စဉ်တွေမှာ မိုးမျှော်တိုက်တွေ၊မြန်နှုန်းမြင့်ထရပ်ကားနောက်ကလိုက်ဖမ်းရတာတွေကနေ အာကာသစခန်းတွေထိပါဝင်တယ်။ Hacking လုပ်ရခြင်းရည်ရွယ်ချက်က mainframe ထဲထိုးဖောက် ဝင်ရောက်ဖို့ မဟုတ်ပါဘူး။တံခါးတွေဖွင့်ဖို့၊ လေဆာတန်းတွေပိတ်ဖို့၊ အသေးစားရိုဘော့နဲ့ စက်အမြောက်တွေအဝေးက ထိန်းချုပ်ဖို့လို ရုပ်အကောင်အထည်ရှိပတ်ဝန်းကျင်ကို ကိုင်တွယ်ထိန်းကျောင်းဖို့ဖြစ်ပါတယ်။

First-person အမြင်ကနေကစားရတဲ့ဂိမ်းမှာ hacking လုပ်ရမယ့်ကိရိယာက ၁၉၈၀ နှစ်တွေက " 56.5k modem နဲ့ 256KB RAM ကြီးများတောင်ရှိတဲ့ ထိပ်တန်း hacking deck " တစ်ခုပဲဖြစ်ပါ တယ်။ ဒီဂိမ်းရဲ့ developer ဖြစ်သူက Quadrilateral Cowboy ဟာ သူ့ရဲ့အရင် Gravity Bone နဲ့ Thirty Flights of Loving တို့နဲ့ တူညီတဲ့universe အတွင်းမှာပဲဖြစ်ပျက်ပြီးတူညီတဲ့ အတုံးအခဲလိုက်ဖြစ်နေတဲ့ အလှတရား aesthetic အတိုင်းပဲပုံဖော်ထားပါတယ်။ကစားသူဟာ hacker အနေနဲ့လက်တွေ့ကွင်းဆင်းနေတဲ့agent တွေကိုလည်း ကွပ်ကဲရမှာဖြစ်ပြီး virtual reality ခေါင်းစွပ်ကနေတစ်ဆင့် agent ဖြစ်နေသမျှကိုခံစားရမှာဖြစ်ပါတယ်။ ဂိမ်းရဲ့ကောင်းကွက်တွေ အဖြစ်စိတ်ကျေနပ်စရာကောင်းတဲ့ hacking၊ သုံးရတာပျော်စရာကောင်းတဲ့ တစ်မူထူးတဲ့ gadget တွေ၊အားကောင်းတဲ့ကမ္ဘာနဲ့ ဇာတ်ကောင်တွေပါဝင်တာတွေ့ရပါတယ်။



# PC GAME




## 01 Arma 3 Apex

Action, Simulation, Strategy ဂိမ်းအမျိုးအစား ဖြစ်ပါတယ်။ အနာဂတ် (၂၀၃၅)ခုနှစ်ဝန်းကျင်၊ တောင်ပစိဖိတ် Tanoa ကျွန်းနယ်မြေအတွင်း စစ်ဆင်ရေးတွေပြုလုပ်ရမှာဖြစ်ပြီး လက်နက်သစ် (၁၃)မျိုး၊ ယာဉ်အသစ် (၁၀)မျိုး၊ တပ်ဖွဲ့သစ်၊ ယူနီဖောင်းသစ်တွေနဲ့အတူ Co-Operative Campaign (၄)ဦးထိ ဆော့ကစားနိုင်မှာပါ။



## 02 Romance of the Three Kingdoms 13

Strategy ဂိမ်းအမျိုးအစား၊ နာမည်ကျော်ဂိမ်းစီးရီးဖြစ်ပြီး တရုတ်နိုင်ငံ (၂)ရာစုခေတ် နန်းတွင်းတော်ဝင်ဇာတ်လမ်းနောက်ခံနဲ့ ဆော့ကစားရမှာပါ။ Trophies (၄၃)မျိုးနဲ့အတူ Traditional Campaign Mode နဲ့ Hero Mode ဆိုပြီး Game Mode အသစ် (၂)ခု ပါဝင်လာမှာဖြစ်ပါတယ်။



## 03 Age of Mythology Tale of the Dragon

Simulation, Strategy ဂိမ်းအမျိုးအစား၊ နာမည်ကျော် Age of Mythology စီးရီးအတွက် နောက်ဆုံးထွက်ရှိလာတဲ့ Conten အခွေပါ။ Civilization အသစ်၊ Gods အသစ် (၃)မျိုး၊ God Powers အသစ်များ၊ Myth Units (၄)မျိုး၊ မြေပုံသစ် (၈)မျိုး ပါဝင်မှာဖြစ်ပါတယ်။

## 04 LEGO STAR WARS : The Force Awakens




Action-adventure ဂိမ်းအမျိုးအစား၊ နာမည်ကျော်လီဂိုဂိမ်းစီးရီးရဲ့ ပဥ္စမမြောက်တင်ဆက်မှုပါ။ Rey, Finn, Captain Phasma, Poe Dameron, Han Solo, Kylo Ren အစရှိသည့် ဇာတ်ကောင် (၂၀၀)ကျော်ပါဝင်မှာဖြစ်ပြီး level (၁၈)ခု၊ Trophies/Achievement (၃၀)ကျော်၊ Vehicle (၅၀)ကျော် ဖန်တီးပေးထားမှာဖြစ်ပါတယ်။

## 05 American Truck Simulator: Arizona




Indie, Simulation ဂိမ်းအမျိုးအစား၊ အမေရိကန်ထရပ်ကားဂိမ်းစီးရီးရဲ့ နောက်ဆုံးထွက်ခွေဖြစ်ပါတယ်။ အမေရိကန်ရဲ့ ဆဌမမြောက်အကြီးဆုံးပြည်နယ် အရီဇိုးနားမြေပုံကိုမောင်းနှင်ရမှာဖြစ်ပြီး Phoenix, Tucson, Flagstaff အစရှိတဲ့ မြို့နယ် (၁၅)ခုပါဝင်ကာ နာမည်ကျော်နေရာ (၆၀)ကျော် ဖန်တီးပေးထားမှာပါ။

# SOFTWARE





## 01 Autodesk Maya 2016 Win64

နာမည်ကျော် 3D Animation Software နောက်ဆုံး ထွက် ၆၄ ဗားရှင်းဖြစ်ပါတယ်။ XGen Enhancements, Hypershade workflow enhancements, New Sculpting Toolset, Delta Mush Deformer, Guided Simulations in Bifrost အစရှိတဲ့ Features သစ်တွေ မြောက်များစွာပါဝင်မှာပါ။



## 02 iOS 9.3.3

iDevice သမားများအတွက် နောက်ဆုံးထွက် Firmware ဖြစ်ပါတယ်။ Security improvements များ၊ Typing prevention improvements များ၊ VoiceOver Multitasking, Proactivity, Night Shift, 3D Touch စတဲ့ Features သစ်များနဲ့ ကဏ္ဍစုံမြှင့်တင်မှုတွေ ပါဝင်လာမှာပါ။




## 03 Maya 2016 Ultimate Plugin Collection

နာမည်ကျော် 3D Animation Software ဖြစ်တဲ့ Maya နဲ့တွဲဖက်အသုံးချနိုင်တဲ့ Plugin တွေကို စုစည်းပေးထားတဲ့အခွေပါ။ Plugin စုစုပေါင်း (၅၀)နီးပါး ပါဝင်မှာဖြစ်ပါတယ်။

## 04 Windows 7 Ultimate Sp1 X64 OEM - Incl June 2016




ပေါ့ပါးသွက်လက်မှုပိုင်းမှာ အခုလက်ရှိအချိန်ထိဦးဆောင်နေဆဲဖြစ်တဲ့ Windows 7 Ultimate ရဲ့ နောက်ဆုံးထွက်ဗားရှင်းဖြစ်ပါတယ်။ X64 ဗားရှင်းဖြစ်ပြီး June vtxd Update ပါဝင်မှာပါ။

## 05 TurboFloorPlan Home & Landscape Pro 2016 18.0.1.1001




အိမ်အတွင်းခန်း၊ အပြင်ခန်း၊ မီးဖို၊ ရေချိုးခန်း၊ ဧည့်ခန်း၊ ပရိဘောဂအထားအသို အစရှိတာတွေအပြင် ခြံဝင်းအတွင်း ပါကင်၊ ကစားကွင်း၊ ရေကူးကန်၊ ပန်းခြံအစရှိသဖြင့် မိမိစိတ်ကြိုက်ဒီဇိုင်းဖန်တီးနိုင်တဲ့ မြို့ပြအင်ဂျင်နီယာသုံး Software ဖြစ်ပါတယ်။ Textures & Materials (၂၀၀၀)၊ 3D Objects (၇၀၀)ကျော် ပါဝင်မှာပါ။

EXCELLENT No(95) Corner of Anawyahtar St,and Seithkanthar St, Kyaw Anawyahtar Tower Ground Floor (Right) Kyauktadar Township, 09-250025755

ICT ▪Electronics ▪Education ▪Lifestyle

# Digital life

Technology Journal

Digital Life Technology ဂျာနယ်၏ အွန်လိုင်းပေါ်မှ စာဖတ်ပရိသတ်များအား နည်းပညာနှင့်ဆက်စပ် အကြောင်းအရာများကို ပိုမိုထိတွေ့ဖတ်ရှုခွင့်ရရှိစေရန် ရည်ရွယ်၍ ကျွန်တော်များ Digital Life Technologyဂျာနယ်၏ blog စာမျက်နှာအသစ် www.blog.myanmardigitallife.com ကို လွှင့်တင်ထားပြီးဖြစ်ပါကြောင်းနှင့် ပြည်တွင်း ပြည်ပ နည်းပညာသတင်း၊ ဆောင်းပါး၊ Tutorials၊ Gadgets & Electronics ပစ္စည်းများအကြောင်း စုံလင်စွာ ဖတ်ရှုနိုင်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။




www.myanmardigitallife.com

www.blog.myanmardigitallife.com

http://doemyanmar.com/page/digitallife

www.facebook.com/Myanmardigitallife

beetalk တွင် digitallife ဟု၍ ရှာဖွေကြည့်ရှုနိုင်ပါသည်

ICT ▪Electronics ▪Education ▪Lifestyle

# Digital life

Technology Journal

Digital Life နည်းပညာဂျာနယ်အား Android ဖုန်းများပေါ်မှ တိုက်ရိုက်ဖတ်ရှုနိုင်ပါပြီ။ Digital Life နည်းပညာဂျာနယ်မှ တင်ဆက်ပေးနေသော သတင်း၊ ဆောင်းပါး၊ Tutorialနှင့် အခြားစိတ်ဝင်စားဖွယ် အကြောင်းအရာများကို Android ဖုန်းများပေါ်မှ တိုက်ရိုက်ဖတ်ရှုနိုင်ရန်ရည်ရွယ်၍ Digital Life Application ကို ထုတ်ဝေပေးလိုက်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဤ Appမှတစ်ဆင့် (၁)နောက်ဆုံးရ သတင်းများကို အချိန်နှင့်တပြေးညီ ဖတ်ရှုနိုင်ခြင်း (၂) Digital Life Blog သို့ တိုက်ရိုက် ဝင်ရောက်နိုင်ခြင်း (၃) Digital Life ဂျာနယ်၏ Profile website ကို ဝင်ရောက်လေ့လာနိုင်ခြင်း (၄)လစဉ်ဖုန်းဈေးနှုန်းများ လက်ဆောင်ပေးအပ်နေသည့် DL Survey အစီအစဉ်တွင် ပါဝင်နိုင်ခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။




Get it on Google play << http://bit.ly/digitallifev1

http://bit.ly/dlappv1 >> APK Download